
www.burmeseclassic.com



www.burmeseclassic.com

စီစဉ်သူ : ကိုတင်ထွန်း

■

ပုံနှိပ်ခြင်း

ပထမအကြိမ် : ၂၀၁၅၊ နိုဝင်ဘာလ
အုပ်ရေ : ၅၀၀
မျက်နှာဖုံး : မြတ်မင်းဟန်
ကွန်ပျူတာစာစီ : *Maw Maw (New Idea)*
အတွင်းဖလင် : *Eagle*

■

ပုံနှိပ်သူ

ဒေါ်ယဉ်ယဉ်မွန်
(ဖြိုးဝေလျှံပုံနှိပ်တိုက်) (၀၀၂၃၈)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

■

ထုတ်ဝေသူ

ဦးတင်ထွန်း (မြဲ) (၀၀၄၃၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊ အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

■

တန်ဖိုး - ၁၈၀၀ ကျပ်

၈၉၅ ● ၈၃


ညိုမှိုင်း၊ မောင်(သန်လျင်)
မြို့ဝန်ဘိုင်ဆပ်၊ မြို့စာရေးမောင်ပိန်၊ ဖိုးသူတော်ရန်အောင်ဖွေ/
မောင်ညိုမှိုင်း(သန်လျင်)။–ရန်ကုန်
စိတ်ကူးသစ်စာပေ၊ ၂၀၁၅။
၁၅၄–စာ ၊ ၁၃ စင်တီ × ၂၀.၅ စင်တီ။
(၁) မြို့ဝန်ဘိုင်ဆပ်၊ မြို့စာရေးမောင်ပိန်၊ ဖိုးသူတော်ရန်အောင်ဖွေ

www.burmeseclassic.com

www.burmeseclassic.com

NEW IDEA

စိတ်ကူးသစ်စာပေ




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

[illegible]



[illegible]

www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

❑

"ဖိုးသူတော်ကြီး . . ."

"ပြောပါ . . . သံတော်ဆင့်မင်း"

"ဖိုးသူတော်ကြီးအမည်က ရန်အောင်ဖေဒွေနော်"

"မှန်ပါပေရဲ့ သံတော်ဆင့်မင်းရယ်။ ဘာအကြောင်းများကြောင့် ကျုပ်အမည် မေးနေရပါလိမ့်ဗျာ"

"ဖိုးသူတော်ကြီး ရန်အောင်ဖေဒွေမှန်ရင် သိချင်တာလေးများ မေးချင်လို့ပါ . . . ဖိုးသူတော်ကြီး"

"သံတော်ဆင့်မင်း"

"ပြောပါ . . . ဖိုးသူတော်ကြီး"

"သံတော်ဆင့်မင်းက အဝေးကျိုဝန်လည်း ဟုတ်တယ်နော်"

"ဟုတ်ပါတယ်ဗျာ . . . သံတော်ဆင့် အဝေးကျိုဝန်လို့ ခေါ်ကြပါတယ်ဗျ။ ဘာဖြစ်လို့ပါလဲ . . . ဦးသူတော်ကြီး"



www.burmeseclassic.com

www.burmeseclassic.com

[၂]

❑

ဖြစ်ပုံကလည်း တယ်ပညာပါပါသတဲ့လေ။

တစ်နေ့ ....

ဇော်ဂျီတစ်ပါး ရွှေနန်းတော်ရောက်လာရောတဲ့။ ရွှေဖြစ်အောင် လုပ်နိုင်တဲ့ ဇော်ဂျီတဲ့။

ဇော်ဂျီက ဗမာလူမျိုး မဟုတ်ဘူး။

မုတ်ဆိတ်ဖားလျားနဲ့ ကုလားကြီး။

ဇော်ဂျီလို အကျီခေါင်းစွပ်နဲ့ ...

မင်းတုန်းမင်းတရားကြီးက အင်္ဂလိပ်ပညာရှင်တွေကို အကျအန ချီးမြှင့်မြှောက်စားတော်မူတယ်ဆိုလို့ပြောပြီး ....

ကုလားဇော်ဂျီတစ်ဦး ဝင်လာခစားတယ်။

မင်းတရားကြီးကမေးတော့ ဝိဇ္ဇာဇော်ဂျီ တပသီတို့ရဲ့ အတတ်ပညာတွေကို လေ့လာကျင့်ကြံ ပွားများသူဖြစ်ပါကြောင်း။



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂရတ်ပညာမှာ ရွှေဖြစ်တဲ့အဆင့်ကို လက်တွေ့လုပ်ပြနိုင်ပါကြောင်း ပြောသတဲ့။

မင်းတရားကြီးကလည်း ဇော်ဂျီမုတ်ဆိတ် ကုလားကြီးကို အင်္ဂရတ်နဲ့ ပတ်သက်တဲ့ ပညာပိုင်းတွေကို မေးတယ်။

ကုလားဇော်ဂျီကလည်း အင်္ဂရတ်ဆိုင်ရာ ပစ္စည်းအမျိုးအမည်ကအစ အဆင့်ဆင့်သော ပညာပိုင်းတွေကို ဖြေကြားတယ်။

ဒါနဲ့ လက်တွေ့စမ်းသပ်ပြလို့ အမိန့်ပေးတော့ . . .

လက်တွေ့လုပ်ပြတယ်။

မင်းတရားကြီးက လိုအပ်တဲ့ ပစ္စည်းနဲ့ ရွှေအနည်းငယ် ထုတ်ပေးတယ်။ ဇော်ဂျီမုတ်ဆိတ်ကုလားကြီးက ဖိုရုံမှာ လုပ်ပြလိုက်တာ။ ရွှေကိုးကျပ်သားကျော်ကျော် လုပ်ပြပြီး မင်းကြီးကို ဆက်သတယ်။

မင်းကြီးက ယုံတော်မူတာပေါ့ဗျာ။

အယုံကြည်လွန်ကဲပုံနှင့် ရွှေဖြစ်တဲ့ဇော်ဂျီကုလားကို သူကောင်းပြုတယ်။

ရွှေဖြစ်အောင် လုပ်နိုင်သူ ဇော်ဂျီလို့ အကြွင်းမဲ့ ယုံကြည်တော်မူလို့ ရွှေဘောတော်ကျပြီး နန်းတွင်းသူတစ်ဦးနဲ့ ထိမ်းမြားပေးစားသတဲ့။

နန်းတွင်းသူဆိုတာ အချောအလှနော်။

မချောမလှ၊ မနုမညက်ရင် နန်းတွင်းမှာ ခစားလို့ မရဘူး။ အဲဒါ မင်းတရားကြီး ပေးစားတော်မူလို့ ဇော်ဂျီမုတ်ဆိတ်ကုလားကြီးကို ယူလိုက်ရတယ်။

ကြိုက်လို့တော့ ဟုတ်မယ်မထင်ပေါင်ဗျာ။

မင်းတရားကြီးအမိန့်ကြောက်လို့ ယူလိုက်ပုံပါ။

ပြီး . . . . ဇော်ဂျီက ရွှေဖြစ်အောင် လုပ်နိုင်တယ်ဆိုတော့လည်း ခမြာ ချမ်းချမ်းသာသာ နေရမယ်လို့လည်း ထင်ကောင်းထင်မှာပေါ့။

ကျုပ် စဉ်းစားကြည့်တယ်ဗျာ။

www.burmeseclassic.com

www.burmeseclassic.com



နန်းတွင်းသူက ဒီလို မှတ်ဆိတ်ဖားလျားနဲ့ ဖော်ဂျီကုလားကို ယူမလားဗျာ . . . ဟင်။

အသက်လည်းကြီးတယ်။

အသားလည်းမည်းတယ်။

ရုပ်လည်း ဆိုးတယ်။

ဝတ်ပုံစားပုံက ဖော်ဂျီအင်္ကျီအနီရောင် ဖိုရိုဖားရားနဲ့။

ယူချင်းယူချင်ရင် ကိုယ့်ဗမာလူမျိုး ရွယ်တူချစ်သူပဲ လက်ထပ်ယူမှာပေါ့။ ဟုတ်ရဲ့လား။

သို့သော် မင်းမိန့်ဗျာ။

မင်းတရားကြီးသည် ပညာဉာဏ်ရှိပါသော်လည်း ယုံကြည်မှုလွန်ကဲသွားပြီလေ။

တစ်နည်း ဒီ ဖော်ဂျီကုလားကြောင့် ရွှေတွေငွေတွေ အများကြီးဖြစ်ပြီး ပုဂံပြည်လို ရွှေမိုးငွေမိုးရွာပြီး . . .

သူ့ နေပြည်တော်သူ နေပြည်တော်သားတွေ ချမ်းသာကြတော့မယ်။

ဒီစေတနာတော့ ပါလေရဲ့။

ဒီအမျှော်နဲ့ နန်းတွင်းသူကို စတေးထိုးကျွေးလိုက်တာလို့ပြောရင်မရနိုင်ပေဘူးလား။

သို့သော် ခံလိုက်ရပြီဗျာ။

ကျောချမှ ဓားပြမှန်းသိရတဲ့ကိန်း ရောက်ခဲ့ပါရောလား။

ဒီလိုနဲ့ (၆)လခန့်ကြာသွားတယ်။ မင်းတရားကြီးက ဖော်ဂျီမှတ်ဆိတ်ကို ရွှေဖြစ်အောင် ထိုးခိုင်းပြန်တယ်။ လိုအပ်တဲ့ ပစ္စည်းတွေ ထုတ်ပေးတယ်။

သို့သော် ဖော်ဂျီ လုံးဝ ရွှေဖြစ်အောင် လုပ်မပြနိုင်ဘူး။ နောက်ဆုံး သူ့ကိုယ်သူ သတ်သေသွားတယ်။

ဒီတော့မှ သူ လူလိမ်မှန်း ပေါ်ရောဗျာ။



www.burmeseclassic.com

www.burmeseclassic.com



မင်းတရားကြီးကို ဇော်ဂျီဖိုထိုးပြီးပေးတဲ့ ရွှေကိုးကျပ်သားက အဂ္ဂိရတ်ထိုးလို့ရတဲ့ ရွှေမဟုတ်ဘူး။

ဇော်ဂျီမှတ်ဆိတ်ကုလားက သူ့ကိုယ်ထဲ အသင့်ဝှက်ယူဆောင်လာတဲ့ ရွှေစင်ကိုးကျပ်သားကို လူအလစ်မှာ အဂ္ဂိရတ်ဖိုလုံထဲ ထည့်ထိုးတာ။

ရွှေကိုးကျပ်သား မီးပေး အရေပျော်တော့ ရွှေခဲကိုးကျပ်သား ပြန်ရတာပေါ့။

သူ့ဝှက်ထားတဲ့ရွှေကို အလစ်မှာ လုံထဲထည့်၊ မီးထိုးပြီး ရွှေဖြစ်တယ်ဆိုပြီး ရှင်ဘုရင်ကို အတည်ပေါက်နဲ့ ဆက်သတာ။

အမှန်တကယ် သူ ရွှေဖြစ်အောင် မထိုးတတ်ဘူး။

ဘုရင့်ကို လာလိမ်တာ၊ ညာတာ၊ အယုံသွင်းတာ။

ကျုပ်တို့ဘုရင်ကလည်း ပညာရည်ပြည့်ဝပါသော်လည်း အဂ္ဂိရတ်နဲ့ ပတ်သက်လို့ ချီးမြှင့်မြှောက်စားရာမှာ ယုံကြည်မှုလွန်ကဲလွန်းတာကိုး။

ယုံကြည်မှု လွန်ကဲတာမှ လူမျိုးခြား ဇော်ဂျီအယောင်ဆောင် အဂ္ဂိရတ်လူလိမ်ကိုမှ ယုံကြည်မှုလွန်ကဲတာ။

ခု . . . မင်း နောက်ထပ် ရွှေဖြစ်အောင်လုပ်ပြစမ်းဆိုပြီး ထပ်ခိုင်းတော့ သူ့မှာ အလစ်မှာ ထည့်ထိုးရမည့်ရွှေစင် လုံးဝ မရှိတော့ဘူး။

ဇော်ဂျီ မှတ်ဆိတ်ကုလား အလိမ်ပေါ်ပြီ။

အစားထိုးစရာ ရွှေမရှိတော့ ရွှေဖြစ်အောင်လည်း ဘုရင်နဲ့ ပညာရှင်တွေရှေ့ လုပ်မပြနိုင်တော့ ဘုရင် သေဒဏ်ပေးတာတော့ မခံစားတော့ဘူးဆိုပြီး . . .

သူ့ဘာသာ သတ်သေတာ။

ဘုရင် အလိမ်အညာ ခံလိုက်ရမှန်း သိကြတော့ မှူးကြီးမတ်ကြီးတွေ ကွယ်ရာမှာ ရယ်သွမ်းသွေးကြရောတဲ့။

"ဖေဖော်ဂျီ ဒီတစ်ခါ ရွှေမဖြစ်ပါလား မင်းကြီးတို့ရေ"



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်ဆို ဇော်ဂျီမှာ ဇုက်ထားတဲ့ ရွှေကုန်သွားတယ်နဲ့ တူပါရဲ့ဗျာ။ ဒါကြောင့် ရွှေမဖြစ်တာနေမှာပေါ့ အမတ်ကြီးရဲ့"

"ကျုပ်တို့ဘုရင်တောင် လာလိမ်ညာရဲတာ အံ့ပါဟော့"

"ဇော်ဂျီလို့ဆိုသကိုးဗျာ"

"ဇော်ဂျီကလည်း မှတ်ဆိတ်ဖားလျားနဲ့ ကုလားဇော်ဂျီမျိုးဗျာ"

"နောက်တစ်ခါဆို တရုတ်ဇော်ဂျီ လာမလား မသိဘူးဗျ"

"နန်းတွင်းသူလေးတွေတော့ ကျောချမ်းနေမှာပဲ မင်းကြီးတို့ရေ"

ဒီလို ရိသဲ့သဲ့စကားတွေ ပြောသံကို မင်းတရားကြီး ကြားတာပေါ့ဗျာ။ သူ အမှားတော့ သူ သိနေတာပေါ့။

ရှင်ဘုရင်ဆိုတော့ ငါ ယုံကြည်မှုလွန်ကဲလို့ ခံလိုက်ရပြီဟော့။ ဘယ် ပြောမှာလဲ၊ ကြိတ်ခံရတာပေါ့။

ဒါကြောင့် နန်းတော်ဆောင် တစ်နေရာမှာ ကျကျနန နေရာပေး ထားတဲ့ ဖိုရုံတော်ကို ရိသဲ့သဲ့ပြောကြတဲ့ မှူးကြီးမတ်ကြီးတွေ လုံးဝ အဝင် မခံတာပေါ့။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့ မြန်မာ့ရာဇဝင်မှာ သားကိုသတ်တဲ့ ဘုရင်ရှိသလို အဖကိုသတ်ပြီး နန်းလု ယူတဲ့ ဘုရင်ရှိတယ်ဗျ။
အဖေ့မိဖုရား မိထွေးကို ပြန်ယူတဲ့ ရှင်ဘုရင်လည်း ရှိတာပဲ။
အစ်ကိုကို ပြန်သတ်နန်းလုတဲ့ ဘုရင်ရှိသလို။
ညီတွေကို အဆုံးစီရင်တဲ့ ဘုရင်တွေလည်း ရှိတာပဲ။ ရဟန်း၊ သံဃာ နေလို့မရအောင် ဒုက္ခပေးတဲ့ ရှင်ဘုရင်လည်း ရှိတာပဲ"

www.burmeseclassic.com

www.burmeseclassic.com

[၃]

❑

ယုံကြည်မှုလွန်ကဲတာ တယ်ဆိုးရွားမှု ရှိပဲဗျာ။

ရှေ့မှာ ပုဂံမင်းက ကုလားဘိုင်ဆပ် ငယ်ကျွန်ကြက်တိုက်၊ ငှက်ထောင်တဲ့ကောင်ကို သူကောင်းပြုပြီး မြို့ဝန်ခန့်တော့ မြို့လူထု မျက်ရည်ကျအကျော်ဒေးယျဖြစ်ခဲ့တာကို ပြန်မစဉ်းစားတာကိုက ပညာရှိ သတိဖြစ်ခဲဆိုသူများရဲ့ ယုံကြည်မှုလွန်ကဲချက်လို့ဆိုရင် မှားမယ်ထင်ပါဘူးဗျာ။

ဒီကိစ္စ သံတော်ဆင့် အဝေးကျိုဝန် အဂ္ဂိရတ်ရုံတော် အုပ်ချုပ်ရေးမှူးကို ကျုပ် မပြောပြပါဘူး။

ဝေဖန်မပြုပါဘူးဗျာ။

ဝေဖန်ရင် သေဒဏ်ဖြစ်သွားနိုင်တယ်လေ။

ကိုယ်က မှူးကြီးမတ်ကြီး မဟုတ်ဘူး။

အိမ်မရှိ၊ ယာမရှိ၊ ဖိုးသူတော်။



www.burmeseclassic.com

www.burmeseclassic.com


အပြောမတတ်ရှိ တောဇရပ်မှာ ကျောကပ်အောင် ကြိမ်ဒဏ်နဲ့ သေလုလုဖြစ်ပြီး လူးလိမ့်ရတဲ့ဘဝ ရောက်သွားမှာပေါ့ဗျာ။

ကိုယ့်ဘာသာပဲ တွေးပါတယ်။

သံတော်ဆင့်မင်းရှေ့မှာတော့ မင်းတုန်းမင်း ဘုရင်အားနည်းချက်ကို မပြောပါဘူး။ သို့သော် ပြီးခဲ့တဲ့ အတိတ်က ရှင်ဘုရင်ညံ့ချက်ကြောင့် မြို့သူမြို့သားရော၊ နန်းတွင်းသူ နန်းတွင်းသားတွေပါ ကြောက်ရွံ့ထိတ်လန့် ဘဝပျက်ခဲ့ရတဲ့ အကြောင်းတော့ ပြောပြရမှာပဲ။

ဒီအကြောင်းတွေက လက်ရှိ ရတနာပုံနေပြည်တော်ကို အုပ်ချုပ်စိုးစံနေတဲ့ မင်းတုန်းမင်းတရားကြီးရော၊ အိမ်ရှေ့စံ ကနောင်ကိုယ်တော်ကြီးရော ကိုယ်တွေ့မျက်မြင် ကြားသိရတဲ့ အဖြစ်အပျက်တွေပါ။

သို့သော် ဘုရင်ညံ့ချက် ပြောရမှာကလည်း ညံ့ခဲ့ဖူးတဲ့ ပုဂံမင်းက လက်ရှိဘုရင် မင်းတုန်းမင်းကြီးရဲ့ နောင်တော်ဖြစ်နေတယ်။

သူ့နောင်တော် ယုံကြည်မှုလွန်ကဲပြီး နာမည်ပျက် သိက္ခာကျ၊ မြို့ပါ နာရတဲ့ကိစ္စ။

မင်းတုန်းမင်းတရားကြီးရဲ့ လူယုံတော် သံတော်ဆင့်မင်းကို ပြောပြရင် သင့်တော်ပါ့မလား။

သို့သော် သံတော်ဆင့်မင်းကလည်း ကျုပ်ကိုယ်တိုင် မြို့ဝန်ဘိုင်ဆပ်နဲ့ ဘိုင်ဆပ်တပည့် မြို့စာရေး ငပိန်ကို တောင်စွယ်နေကွယ်ချိန် သုသာန်ထုတ် ဓားခုတ်သတ်ရာမှာ ကျုပ်ကိုယ်တိုင် ဘိုင်ဆပ်ကို ရင်ခွဲသတ်ပါတယ်လို့ သံသယရှိနေတော့ . . .

နောင် . . . သမိုင်းအစဉ်အဆက်ဆက် စာမျက်နှာပေါ်မှာ ဗိုးသူတော် ရန်အောင်ဖေဒွေ အာဏာပါးကွက်သားဘဝ ရောက်သွားတဲ့အကြောင်း ကမ္ဘည်းတင်မခံနိုင်ဘူးဗျ။

သမိုင်းဆိုတာ လိမ်လို့မရဘူးလေ။

ရာဇဝင်ရော လိမ်လို့ရမလား။

ရှင်ဘုရင်သမိုင်းကို အကောင်းဆုံးရေး။



www.burmeseclassic.com

www.burmeseclassic.com



လက်အောက်ငယ်သား ကျွန်တွေကိုတော့ မကောင်းဆိုးဝါးအဖြစ် ရေးကြ။

ဒါဆို တရားမှာလားဗျာ ဟင်။

ကျုပ်တို့ မြန်မာ့ရာဇဝင်မှာ သားကိုသတ်တဲ့ ဘုရင်ရှိသလို အဖကို သတ်ပြီး နန်းလုယူတဲ့ ဘုရင်ရှိတယ်ဗျ။

အဖေ့ မိဖုရား မိထွေးကို ပြန်ယူတဲ့ ရှင်ဘုရင်လည်း ရှိတာပဲ။

အစ်ကိုကို ပြန်သတ်နန်းလုတဲ့ ဘုရင်ရှိသလို။

ညီတွေကို အဆုံးစီရင်တဲ့ ဘုရင်တွေလည်း ရှိတာပဲ။ ရဟန်း သံဃာနေလို့မရအောင် ဒုက္ခပေးတဲ့ ရှင်ဘုရင်လည်း ရှိတာပဲ။

အဖေဘုရင်ရဲ့ မိဖုရားပါလားလို့လည်း မရှိသေတဲ့ မင်းသားတွေ ရှိရဲ့။ ကိုယ့်ဘကြီး၊ ဘထွေး ပြန်သတ်တဲ့ ဘုရင်လည်း ရှိခဲ့သလို၊ ကိုယ့် မယားကို ဆန်ဆုံထဲထည့် ကျည်ပွေ့နဲ့ ညက်ညက်ကျေအောင် သတ်ပစ်ခဲ့ တဲ့ ဘုရင့်သားလည်း ရှိတာပဲ။

ပုဂံဘုရင် နရသူကိုကြည့်စမ်း .....

နာမကျန်းဖြစ်နေတဲ့ ဖခမည်းတော် အလောင်းစည်သူမင်းကြီးကို ရွှေဂူကြီးဘုရားမှာ မျက်နှာကို ခေါင်းအုံးနဲ့ ဖိသတ်လုပ်ကြံပြီး ပုဂံဘုရင်လုပ် တယ်။

သူ့နောင်တော် မင်းရှင်စောကိုလည်း မလိမ့်တပတ် လှည့်ဖျား ခေါ်ယူ နန်းတင်ပြီး ညတွင်းချင်း စားတော်ပွဲထမင်းဟင်းမှာ အဆိပ်ထည့်ပြီး အသေလုပ်ကြံခဲ့တယ်။ ပုံသကူမထေရ်ကို မထေမဲ့မြင် လုပ်ခဲ့တယ်။ သူ့ ကြောင့် သံဃာတွေ သီဟိုဠ်ပြည်ကို ပြေးခဲ့ကြရတယ်။

ပုဂံဘုရင် စုက္ကတေးမင်းကိုလည်း ကြည့်ဦး။

ညောင်ဦးစောရဟန်း နတ်ရွာစံတော့ ... ပုဂံပြည်ကို ကွမ်းဆော် ကြောင်ဖြူမင်း မင်းပြုတယ်။

ကွမ်းဆော်ကြောင်ဖြူမင်းက ပုဂံအဦးအစဘုရင် ပျဉ်ပြားမင်းရဲ့မြေး မင်းမျိုးရိုး။



www.burmeseclassic.com

www.burmeseclassic.com



ကွမ်းဆော်ကြောင်ဖြူမင်းကို နန်းကျနတ်ရွာစံ ညောင်ဦး စောရဟန်း ဘုရင်နဲ့ သားနှစ်ဦးဖြစ်တဲ့ ကျည်းစိုးနဲ့ စုက္ကတေးက နန်းချပြီး ရဟန်းဝတ် ဘုန်းကြီးကျောင်းပို့ခဲ့တယ်။

ကွမ်းဆော်မင်းရဲ့ မိဖုရားကိုလည်း သိမ်းပိုက်ထားလိုက်ပြီး ကွမ်းဆော်မင်းရဲ့ သား အနော်ရထာမင်းသားကို ရိသ့ဲသဲ့လုပ်တယ်ဗျာ။

အနော်ရထာမင်းသားကို လူပုံအလယ်မှာ (ညီ –သား–နောင်–မယ်)လို့ခေါ်ပြီး စော်ကားတယ်။

အမိပွာယ်က ...

အနော်ရထာမင်းက ငါ့ညီလည်း ဟုတ်တယ်။ သားလည်း ဟုတ်တယ်။ မင်းအမေက အစ်ကိုဖြစ်သူ ငါ့ရဲ့ဇနီးလို့ အဓိပ္ပါယ်ကောက်တယ်။

ဒါကြောင့် နာကျည်းလွန်းလို့ အနော်ရထာက စုက္ကတေးမင်းကို မြင်းကပါ မြစ်ကမ်းပါးမှာ စီးချင်းထိုးဖို့ စိန်ခေါ်ခဲ့တယ်။

စီးချင်းထိုးပွဲမှာ စုက္ကတေးမင်း မြင်းရောလူရော မြစ်ကမ်းပေါ်ကနေ ရေထဲပြုတ်ကျ နတ်ရွာစံခဲ့တယ်။

ဒီတော့မှ အနော်ရထာ ဘုရင်ပြန်ဖြစ်ခဲ့ရတယ်။

အလောင်းစည်သူမင်းရဲ့ သားတော်ကြီးမင်းရှင်စောလည်း ခမည်းတော်ဘုရင်ရဲ့ မိဖုရားငယ်ကို မလေးမစားလုပ်တယ်။

သူ့အဘိုးအရွယ် ဝန်ကြီးတွေကို စော်စော်ကားကားပြောဆိုလေ့ရှိတယ်။ ဒါကြောင့် ဘုန်းကြီးသော်လည်း ကံနိမ့်လို့ အသက်မရှည်ရှာဘူး။ ညီလုပ်သူ ဘုရင်နရသူရဲ့ လှည့်ဖျားမှုအောက်မှာ အစာအဆိပ်မိပြီး သေခဲ့ရတယ်။

ကျုပ်တို့ရာဇဝင်မှာ ရာဇပလ္လင်ပေါ်ထိုင် နန်းစံဖို့ ညီအစ်ကိုချင်း သတ်တယ်။

သားအဖချင်း သတ်တယ်။

မောင်နှမချင်းလည်း သတ်တယ်။

ကိုယ့်မယားကိုယ် ပြန်သတ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"သံတော်ဆင့်မင်းက တကယ့်ပညာရှိကြီးပါဗျာ။ သြဇာလည်းကြီးတဲ့ ပုဂ္ဂိုလ်ပါ။ ကျုပ်က ဘုန်းကြီးကျောင်းကပ်စားနေရတဲ့ အဂ္ဂိရတ်သမားပါ။ ကျုပ်ထက် ပညာလည်း ကြီးမား၊ သြဇာလည်းရှိတဲ့ သံတော်ဆင့်မင်းက ကျုပ်ကို မေးစရာရှိနေတော့ ဖြေရခက်တဲ့ ပုစ္ဆာများလား သံတော်ဆင့်မင်းရယ် ဟင်"

"ဖြေရလည်း ခက်ချင်ခက်ပါလိမ့်မယ်"

"အလို ..."

"သို့သော် ဖြေချင်ရင်လည်း လွယ်ပါလိမ့်မယ် ဦးသူတော်ကြီး"

"တယ်ကြွယ်တဲ့ စကားပါလား သံတော်ဆင့်မင်းရယ်။ သံတော်ဆင့်မင်းလို မင်းပေါက်စိုးရောက် ရှင်ဘုရင့် အရာရှိမင်းမေးတာကို ကျုပ် ငြင်းဆန်လို့ ဘယ်သင့်မှာလဲ သံတော်ဆင့်မင်း။ ကိုင်း ကျုပ် ဖြေလို့ရတာဆို ခုချက်ချင်း ဖြေပါ့မယ်ဗျာ။ မေးပါဗျား ... မေးပါ"

"ဦးသူတော်ကြီး"

သံတော်ဆင့် အဝေးကျိဝန်ဦးလတ်က မမေးသေးဘဲ ကျုပ်အမည်ကို ရွတ်ရင်း ကျုပ်မျက်နှာကို စူးစူးစေ့စေ့ ကြည့်နေတယ်ဗျာ။

"မင့်ပါနဲ့ သံတော်ဆင့်မင်း မေးပါ"

"မြို့ဝန်ဘိုင်ဆပ်ကို သိလား"

"သိပါတယ် သံတော်ဆင့်မင်း"

"မြို့ဝန်ဘိုင်ဆပ်ရဲ့တပည့် မြို့စာရေးဦးပိန်ကိုရော သိပါလား ဗျာ"

"သိပါတယ် သံတော်ဆင့်မင်း"

"ဦးသူတော်ကြီးရဲ့သားကို မြို့ဝန်ဘိုင်ဆပ်က သတ်တယ်တဲ့၊ ဘယ်လိုအကြောင်းကြောင့် မြို့ဝန်ဘိုင်ဆပ်က ဦးသူတော်ကြီးရဲ့သားကို သတ်ရတာလဲ။ ဦးသူတော်ကြီးက မြို့ဝန်ဘိုင်ဆပ်ကို လူသတ်ကုန်းမှာ အဆုံးစီရင်ဖို့ ခေါ်စဉ်မှာလည်း ဦးသူတော် ဓားထမ်းပြီး မြို့ဝန်ဘိုင်ဆပ်နဲ့အတူ လိုက်



www.burmeseclassic.com

www.burmeseclassic.com



ငါ့ဦးကြီးတော်ပါလား၊ ဘကြီးတော်ပါလား လုံးဝ မစဉ်းစားဘူး။ ရှင်ဘုရင်ဖြစ်ချင်လို့ သတ်တယ်။

ပြန်ပြောတဲ့ဝန်ကြီး ရာထူးချ၊ အဝေးနှင်၊ မဲဇာပို့တယ်။ အခန့်မသင့်ရင် သေဒဏ်ပေးတယ်။

အနန္တသူရိယအမတ်လို ပညာရှင်လည်း ရှင်ဘုရင် အလိုမကျလို့ သေရတာပဲ။

အဓာတသတ်မင်းသား (ဘုရင်) ကစပြီး ရှင်ဘုရင်ဖြစ်ချင်လို့ အဖသတ်တဲ့သည့်သားတွေ ကျုပ်တို့ ရာဇဝင်မှာ အများကြီးရှိတယ်။

ပေါ်တူဂီနယ်ချဲ့ကို မီးကုန်ယမ်းကုန်တိုက်ခဲ့တဲ့ အင်းဝမင်းမဟာဓမ္မရာဇာကိုလည်း သူ့သားတော် မင်းရဲဒိဗ္ဗက ပဲခူးအနောက်ချောင်းမှာ လုပ်ကြံခဲ့လို့ အနောက်ဘက်လွန်မင်းအမည်နဲ့ သက္ကရာဇ် (၉၀၀)ပြည့်မှာ နတ်ရွာစံရရှာတယ်ဗျာ။

အဖသတ်သားတွေ သက်ဆိုးမရှည်ပါဘူးဗျာ။

"ကျုပ်တို့ မြန်မာမင်းတွေ နိုင်ငံခြားသူနဲ့ ညားတဲ့ကိစ္စ အလောင်းစည်သူမင်းထံကို ပဋိက္ကရားကုလားမင်းက သမီးတော် ဆက်သတယ်။ ပဋိက္ကရားမင်းသမီး အမည်တွင်တဲ့ မိဖုရားငယ်ပေါ့။ လူမျိုးခြားကို မိဖုရားမြှောက်ထားပေမဲ့ နန်းရေးပြည်ရေးကိစ္စမှာ မြန်မာမိဖုရားတွေရော၊ ကုလားမိဖုရားပါ ဝင်ရောက်စွက်ဖက်ခွင့် မပြုဘူးဗျာ။"

အဖသတ်သား မင်းရဲဒိဗ္ဗကို သူ့ဦးရီးတော် သတိုးဓမ္မရာဇာက လာတိုက်တယ်။

မင်းရဲဒိဗ္ဗ ရခိုင်ကိုပြေးမလို့ ကြံစည်တုန်း မှူးမတ်တွေ လက်ရဖမ်းပြီး ဦးရီးတော် သတိုးဓမ္မရာဇာကို ဆက်တယ်။ အဖေသတ် မင်းရဲဒိဗ္ဗကို ရေမှာချပြီး အဆုံးစီရင်လိုက်တယ်။

ရှိသေးတယ်။

ကျုပ်တို့ မြန်မာမင်းတွေ နိုင်ငံခြားသူနဲ့ ညားတဲ့ကိစ္စ အလောင်းစည်သူမင်းထံကို ပဋိက္ကရားကုလားမင်းက သမီးတော် ဆက်သတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပဋိက္ကရားမင်းသမီး အမည်တွင်တဲ့ မိဖုရားငယ်ပေါ့။ လူမျိုးခြားကို မိဖုရားမြှောက်ထားပေမဲ့ နန်းရေးပြည်ရေးကိစ္စမှာ မြန်မာမိဖုရားတွေရော၊ ကုလားမိဖုရားပါ ဝင်ရောက်စွက်ဖက်ခွင့် မပြုဘူးဗျာ။

ရှင်းတယ်နော်။

ကုလားမင်းသမီးကို မိဖုရားနေရာ ထိုက်တန်စွာ ပေးတယ်။

ပြည်တွင်းရေး ဝင်မပါနဲ့။ မပြောနဲ့။

သို့သော် အလောင်းစည်သူမင်းကြီးကို သားလုပ်သူ နရသူ လုပ်ကြံသတ်ဖြတ်ခဲ့ပြီးနောက်မှာ . . .

ခမည်းတော် ချစ်မြတ်နိုးတဲ့ မိဖုရားမိထွေးတော် ကုလားမင်းသမီး ပဋိက္ကရားကို နရသူက သတ်ပစ်လိုက်တယ်။

အဲဒီအကျိုးဆက်ကြောင့် . . .

ပဋိက္ကရားမင်းသမီးရဲ့ အဖေ ကုလားမင်းကြီးက လူသတ်သမားသူရဲကောင်း (၈)ဦး လွှတ် သတ်ခိုင်းလို့ နရသူဘုရင် သေပါရောလားဗျာ။

ကုလားသတ်လို့သေတဲ့အတွက် ကုလားကျမင်းလို့ ယနေ့တိုင် အမည်တွင်ရော။

အလောင်းစည်သူမင်းက လူမျိုးခြား မိဖုရားကို စည်းနဲ့ကမ်းနဲ့ မြှောက်စားချစ်ခင်တာပါဗျာ။

ရှိသေးတယ်ဗျာ။

ကျန်စစ်သားမင်းကြီးမှာ မိဖုရားလေးပါးရှိတယ်။ အပယ်ရတနာ၊ ဥသဿာမင်းသမီးခင်ဦး၊ ထီးလှိုင်သူကြီးသမီး ခင်တန်၊ ရဟန်း မထီးတုမ သမ္ဘူလရယ်လို့ မိဖုရားလေးပါးရှိတယ်။

မိဖုရား အပါယ်ရတနာက သမီးတော်လေးတစ်ပါး ဖွားမြင်တယ်။

နာမည်က ရွှေအိမ်စည်တဲ့။

ချောချောလှလှ တော်ဝင်နန်းထိုက်လေး။

အရွယ်ရောက်လာတော့ ရွှေအိမ်စည်မင်းသမီးက ကုလားမင်းသား ပဋိက္ကရားနဲ့ ရည်ငံချစ်ကြိုက်မိကြပါရောဗျာ။

ဒီကိစ္စကို ကျန်စစ်သားမင်းကြီး သိတော်မူရော။



www.burmeseclassic.com

www.burmeseclassic.com



ငါ့သမီးတော်လေးကို လူမျိုးခြား ကုလားနဲ့ လုံးဝ မပေးစားဘူး။ မြန်မာ့နန်းရိုးထိခိုက်တယ်လို့ ဆုံးဖြတ်ပြီး မှူးမတ်တွေနဲ့ တိုင်ပင်တယ်။

မှူးကြီးမတ်ကြီးတွေကလည်း ဘာသာလည်းမတူ၊ လူမျိုးလည်း မတူပါ၍ အမျိုး ကျိုးပျက်တော်မူပါမည်ဘုရားလို့ တင်လျှောက်ကြတယ်။

ကျန်စစ်သားမင်းကြီးလည်း သဘောတူတော်မူတယ်။

ဒါကြောင့် သမီးတော် ရွှေအိမ်စည်မင်းသမီးကို နောင်တော် စောလူးမင်းရဲ့သား စောယွန်းနဲ့ စုံဖက်ပေးတော်မူတယ်ဗျာ။

နောက်တော့ ရွှေအိမ်စည်က သားတော်တစ်ပါး ဖွားမြင်တော်မူတယ်။ နာမည်က အလောင်းစည်သူတဲ့။

ကျန်စစ်သားမင်းကြီး မြေးတော်အလောင်းစည်သူကို ချစ်မြတ်နိုးတော်မူလို့ ရင်ခွင်ပိုက်အရွယ်မှာပဲ ဘိသိတ်သွန်းလောင်း မင်းမြှောက်တော်မူသတဲ့။

တော်သေးတာပေါ့ဗျာ။

အမြော်အမြင်ကြီးပေလို့သာပေါ့။

နို့မို့ ကုလားနဲ့ညားပြီး သားမက် ထီးနန်းအပ်ရရင် ဒီတိုင်းပြည် ကောင်းဦးမှာလား။

ကျုပ်တို့ ပုဂံရာဇဝင်မှာ ရှိမဟုတ်လားဗျာ။ ဗျတ်ဝိနဲ့ ဗျတ္တဆိုတဲ့ ရေမျောကမ်းတင် ဒုက္ခသည် ကုလားညီနောင်ကို ဗားမဲ့ဆရာတော်က သနားလို့ ကယ်တင်မွေးစား ပညာသင်ပေးတယ်။ တစ်နေ့ ဗားမဲ့ဆရာတော် တောထဲကရခဲ့တဲ့ ဇော်ဂျီဖိုဝင်သားကို သိမ်းထားလို့ ပြောတဲ့ကြားက ဇော်ဂျီဖိုဝင်သားအနံ့မွှေးလို့ စားမိလိုက်တယ်။

စားပြီးရော ကာယသိဒ္ဓိတွေဖြစ်ပြီး လူစွမ်းကောင်းတွေ ဖြစ်သွားကြရော။ ဗျတ်ဝိက မြို့ဝန်သမီး မအိုဇာနဲ့ သွားကြိုက်တယ်။ အဖေမြို့ဝန်က သူ့သမီးကို လူမျိုးခြားနဲ့ သဘောမတူလို့ ဆေးအစီအရင်နဲ့ ထောင်ဖမ်းပြီး သတ်ပစ်ခဲ့တယ်။ သမီးနဲ့ မပေးစားဘူးဗျာ။

သူ့ညီ ဗျတ္တကတော့ အနော်ရထာဘုရင်အပေါ် သစ္စာစောင့်သိ အမှုတော်ထမ်းရင်း သူ့ရဲကောင်းပီသစွာ ကျဆုံးခဲ့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



အမြော်အမြင်ရှိတဲ့ ဘုရင်တွေဟာ အမြော်အမြင်ရှိရှိ စီမံခန့်ခွဲတာပဲဗျ။

အမြော်အမြင်လည်း မရှိ။

လူမျိုးခြားကို ယုံကြည်မှုလွန်ကဲပြီး သူကောင်းပြု မြှောက်စားတာလက်လွန်သွားရင် ...

နောက်ဆုံး .... ရှင်ဘုရင်လည်းနာတာပဲ ...။

မြို့လည်း နာတာပဲ ...။

တိုင်းပြည်ရော၊ သမိုင်းရော နာတာပဲ။

✿ ✿ ✿

[ ၄ ]

❑

"ဦးသူတော်"

"ဗျာ ... အဲ ... အဲ ..."

"ဘာတွေ စဉ်းစားနေတာတုန်းဗျာ။ ကျုပ်မေးတာ ဖြေပါဦး။ မြို့ဝန်ဘိုင်ဆပ်ကို ဦးသူတော်မသတ်ရင် ဘယ်သူသတ်တုံးဗျာ"

"ကျုပ် မသတ်တာတော့ အမှန်ပဲဗျာ။ တကယ်က မြှောက်စားတာ လွန်သွားရာက စ,တာပဲ။ ဒါလည်း ယုံကြည်မှုလွန်ကဲလို့ ဖြစ်ရတာပဲ ဒီ မြို့ဝန်ဘိုင်ဆပ်တို့ဇာတ်လမ်းမှာ ရုက္ခစိုးဖြစ်နေတဲ့ စစ်တောင်းစားခန်းကြီးလည်း သေရာက ဝင်ပါရသလို၊ ကျုပ်ကလည်း မနေနိုင်မထိုင်နိုင် ချင်ရာက ဝင်ပါမိရာက နာမည်ကြီးသွားတဲ့ အဖြစ်ပဲ။ သံတော်ဆင့်မင်း ... ဖြစ်ပုံက ဒီလိုပါ ...



www.burmeseclassic.com

www.burmeseclassic.com



အမရပူရ နေပြည်တော်မှာ ပုဂံမင်းတရားကြီး အုပ်ချုပ်နေတာတော့ သံတော်ဆင့်မင်း သိပြီးသားပါနော်။

ပုဂံမင်းက ရွှေဘိုမင်းတရားကြီးရဲ့ သားတော်ကြီး။

ပုဂံမင်းရဲ့ ဖခမည်းတော် ရွှေဘိုမင်းမှာ မိဖုရားခေါင်ကြီး သီရိပဝရတိလောက မဟာရတနာပဒုမ္မာဒေဝီအပါအဝင် မိဖုရားနဲ့ ကိုယ်လုပ်တော် စုစုပေါင်း (၁၆)ယောက်ရှိတယ်ဗျာ။

အဲဒီ (၁၆)ယောက်က သားတော်သမီးတော် ဖွားမြင်တာချည်း ...

သားတော်(၂၀)ယောက်။

သမီးတော် (၁၇)ပါး ရှိတယ် သံတော်ဆင့်မင်းရဲ့။

**“ရှင်ဘုရင်တစ်ပါး နန်းတက်လို့ တရားဝင် ရှင်ဘုရင်ဖြစ်ပြီဆိုရင် သူ လိုချင်တဲ့လူကို သူကောင်းပြု မြှောက်စားတာပဲ။**
**သူ မလိုလားတဲ့ဝန်ကြီး ရာထူးက ထုတ်ပယ်တာပဲ။**
**သူ ချစ်မြတ်နိုးတော်မူတဲ့ မိဖုရားတွေကို ရှာစားဘွဲ့ ချီးမြှင့်တာပဲ။**
**ဒီလိုပဲ အိမ်တော်ပါ ငယ်ကျွန်တွေကိုလည်း သူကောင်းပြု မြှောက်စားတာ ရှင်ဘုရင်ဖြစ်လို့ အစကနဦးလုပ်တဲ့ အလုပ်ပဲဗျ”**

ကျုပ် လေ့လာမှတ်သားလို့ရတာ ပြောပြတာနော်။ သံတော်ဆင့်မင်းလို မင်းပေါက်စိုးရောက် ကတော့ ကျုပ်ထက်ပိုပြီး သိမှာပါဗျာ။

ကျုပ်တို့ မြန်မာ ရှင်ဘုရင်တွေ ကုသိုလ်ကောင်းပွဲ့ဗျာ။

တယ်လည်း မိဖုရားများပေပဲကိုးဗျ။

ဒီနေရာမှာ မင်းဆွေမင်းမျိုး၊ စပ်ကြမှ သင့်မယ်ဗျို့။

ရွှေဘိုမင်းရဲ့ မိဖုရားခေါင်ကြီး ပဒုမ္မဒေဝီက သားသမီးသုံးဦး ဖွားမြင်တော်မူတယ်။

ကျုပ်ကလည်း လေ့လေ့လာလာ မှတ်မှတ်သားသား အမှုအကျင့်ကရှိတော့ မှတ်စုလေးများနဲ့ မှတ်ထားတာပေါ့ဗျာ။

သားအကြီးက ပုဂံမင်းပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ပုဂံမင်းရဲ့ ဘွဲ့အမည်က ဘုရင်ဖြစ်တော့ သီရိသုဓမ္မ တိလောက ပဝရမဟာရာဇာဓိရာဇာတဲ့ဗျာ။

ဒုတိယသမီးတော် (ပုဂံမင်းရဲ့နှမ)က သီရိပဝရ မဟာရာဇာဓိန္ဒာဓိပတိ ရတနာဒေဝီတဲ့။

အခု ရတနာပုံနေပြည်တော်ကို အုပ်ချုပ်မင်းလုပ်နေတဲ့ ကျုပ်တို့ သံတော်ဆင့်မင်းတို့ရဲ့ အရှင်သခင် မင်းတုန်းမင်းကြီးရဲ့ မိဖုရားခေါင်ကြီးပဲ။

စကြာဒေဝီ မိဖုရားခေါင်ကြီး ဖြစ်ခဲ့သူပေါ့။

ရွှေဘိုမင်းရဲ့ မိဖုရားခေါင်ကြီးက ရင်သွေးတော် ဒီနှစ်ပါးပဲ အသက်ရှင်ကျန်တယ်။ သားတော်၊ သမီးတော် ငါးပါးက ငယ်စဉ်ကပဲ ကွယ်လွန်ကုန်ကြတယ်တဲ့ဗျ။

ရွှေဘိုမင်းကြီးရဲ့ တောင်ဆောင်တော် မိဖုရားက သားတော်၊ သမီးတော် လေးပါး ဖွားမြင်ခဲ့တာ။ အကြီးနှစ်ယောက်ကွယ်လွန်၊ အငယ်နှစ်ယောက် ကျန်ခဲ့တယ်တဲ့။

အဲဒီနှစ်ယောက်ကတော့ ...

သားတော်ကြီးက မင်းတုန်းမြို့စားမင်းသား။ အခု ရတနာပုံမြို့နန်းတည် ပဥ္စမသံဃာယနာတင် မင်းတုန်းမင်းတရားကြီး။

ဒုတိယသားတော်က ကနောင်မြို့စားမင်းသား။

မင်းတုန်းမင်းရဲ့ ညီတော် ကနောင်မင်းသားကြီး။

သူတို့ မိခင်က ကျောက်မော်မြို့စား မိဖုရား။

ရွှေဘိုမင်းပေးတဲ့ ဘွဲ့အမည်က သီရိစန္ဒမလ္လာမဟေဘွဲ့ခံ တောင်ဆောင်တော် ကျောက်မော်မြို့စား မိဖုရားတဲ့။

ဒီဇာတ်လမ်းရဲ့ အဓိကက ပုဂံမင်းပဲ။

ပုဂံမင်းလက်ထက်မှာ မြို့ဝန်ဘိုင်ဆပ်တို့ ကောင်းစားကြီးစိုး မင်းမူနေတာလေဗျာ။

ရွှေဘိုမင်းတရားကြီး နတ်ရွာစံတော့ သားတော်ကြီး ပုဂံမင်း နန်းတက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ပုဂံမင်း နန်းတက်တဲ့နှစ် ကျုပ်မှတ်ထားတယ်။

သက္ကရာဇ် (၁၂၀၈)ခုနှစ်၊ တပေါင်းလဆန်း (၁၃)ရက် စနေနေ့ ဗျ။

ပုဂံမင်းရဲ့ မိဖုရားခေါင်ကြီးအမည်က သီရိသုရတနာ ပဘာဒေဝီ တဲ့။

ပုဂံမင်းသား မင်းသားငယ် အရွယ်ကတည်းက ခမည်းတော်က ပဘာဒေဝီနဲ့ လက်ထပ်တော်မူပေးခဲ့တာနော်။

ပုဂံမင်းတရားကြီးအဖြစ် ရွှေနန်းဥကင် မဟာသနရာဇပလ္လင်တော်ပေါ်မှာ မိဖုရားခေါင်ကြီးနဲ့အတူ ထွက်စံပြီး ထီးဆောင်းမင်္ဂလာ မဟာဥကင် ဖွင့်တော်မူပြီး ....

ရှင်ဘုရင်ပုဂံမင်းကိုယ်တော်တိုင် ....

သီရိသုဓမ္မတိလောက ပဝရ မဟာရာဇာဓိရာဇာ အမည်ဘွဲ့ခံ တံဆိပ်ခံယူတော်မူတယ်။

ဒီ နာမတော်ကို မြတပ်ပတ္တမြား အပြည့်စီ ရှစ်ထောင့်ကွမ်းခွက်မှာ တင်ပြီး ညီတော်မင်းတုန်းမင်းသားက သီရိသုဓမ္မမဟာဓမ္မရာဇာ ဘွဲ့တော်ဆက် ရတယ်။

မိဖုရားခေါင် အိမ်တော်ပါ မိဖုရားကိုလည်း သီရိတိလောက မဟာ ရတနာဒေဝီဆိုတဲ့ ဘွဲ့မည်ဆက်တော်မူတယ်။

ဒီဘွဲ့နာမည်တော်ကိုတော့ မြတပ် ပတ္တမြားအပြည့်စီ ရှစ်ထောင့် ကွမ်းခွက်ပေါ်တင်ပြီး ညီတော် ကနောင်မင်းသား သတိုးမင်းရဲကျော်ထင်က ဆက်သရသတဲ့ခင်ဗျာ။

ကျုပ်ကလည် ဖိုးသူတော်ဖြစ်နေတော့ ဗေဒင်လေး၊ နက္ခတ်လေး လက္ခဏာလေး ကြည့်တတ်တော့ ...

လူရာဝင်တာပေါ့ဗျာ

ရွှေနန်းတော်က အတွင်းတော်သားတွေ ကျုပ်ထံမှာ ဗေဒင်လက္ခဏာ လာကြည့်ကြတော့ ရင်းနှီးနေတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဒီလို စပ်စုလေ့လာ မေးမြန်း မှတ်စုလုပ်လို့လည်း ပုဂံမင်းရဲ့ နန်းတွင်းရေးတွေ ကျုပ် ထဲထဲဝင်ဝင် သိရတာပေါ့။

ပုဂံမင်းရဲ့ နန်းသိမ်းရာဇဝင် ဘီသိတ်ခံတော်မူရာကို မြို့စား၊ နယ်စား စော်ဘွားတွေက အဖိုးတန်လက်ဆောင်တွေနဲ့ ဆက်သခစားကြတယ်။

အဲဒီနေ့မှာ အကျဉ်းကျတဲ့ ထောင်ကျသူတွေကိုလည်း အကျဉ်းက လွှတ်ပြီး လွတ်ငြိမ်းချမ်းသာခွင့်ပေးတယ်။

"ရှင်ဘုရင် နန်းသိမ်းလို့ ကုသိုလ်ကောင်းမှုအဖြစ် အကျဉ်းကျ ထောင်ကျတွေကို လွတ်ငြိမ်းချမ်းသာခွင့်ပေးပြီး အကျဉ်းထောင်က လွှတ်တာကို ကျုပ်တော့ သဘောမကျဘူး။ သံတော်ဆင့်မင်း"

"ဘာဖြစ်လို့တုံး။ ရှေးရှေးက မင်း၊ ရှင်ဘုရင်တွေလည်း နန်းတက်၊ နန်းသိမ်းပွဲပြုရင် အကျဉ်းသားတွေကို လွတ်ငြိမ်းချမ်းသာခွင့်ပေးတာပဲလေ ဦးသူတော်"

"အဲဒါ ကုသိုလ်တဲ့လားဗျာ သံတော်ဆင့်မင်း"

"အဲ ... အဲ ... ဒါက ဘုရင်ရဲ့မေတ္တာ"

"မဟုတ်သေးဘူး သံတော်ဆင့်မင်း။ သံတော်ဆင့်မင်းကို လေးစားလို့ ကျုပ်အမြင်ကို ပြောချင်တယ်ဗျာ"

"ပြောပါ ဦးသူတော် ပြောပါ"

"ရာဇဝတ်မှု ကျူးလွန်လို့ ထောင်ကျတဲ့ ထောင်သားတွေလေဗျာ။ လူသတ်တယ်။ ဓားပြတိုက်တယ်။ အဓမ္မကျင့်တယ်။ နိုင်ထက်စီးနင်းလုပ်တယ်။ မတော်မတရားလုပ် ဆိုးနိုးလုယက်တဲ့ ရာဇဝတ်အပြစ်သားတွေ ကို သင့်လျော်တဲ့ ထောင်ဒဏ်နှစ်ရှည်နှစ်တို ပေးထားတာပါ။ ဒီ ရာဇဝတ်သား လူဆိုးလူသွမ်းတွေဟာ သူတို့ကျူးလွန်တဲ့ အပြစ်ကို နှစ်စေအောင် ခံရမှာပဲ သံတော်ဆင့်မင်း။ ဒါမှလည်း အနိုင်စက်ခံခဲ့ရတဲ့ တရားလိုက ကျေနပ်မှာလေဗျာ။

ခုတော့ ရှင်ဘုရင်တစ်ပါး နန်းသိမ်းပွဲလုပ်တာနဲ့ အပြစ်ဒဏ်စေ့လုံအောင် မခံရသေးတဲ့ အကျဉ်းသားတွေ လွှတ်ပေးတာ အရေးမဟုတ်ပေမင့် ပြစ်ဒဏ်နှစ်များ



www.burmeseclassic.com

www.burmeseclassic.com



ကြီး ကျန်သေးတဲ့ ရာဇဝတ်သားတွေပါ ရှင်ဘုရင် မေတ္တာရှေ့ထား လွတ်ငြိမ်းချမ်းသာခွင့်ပေးလွှတ်ပစ်တော့ . . . အနှိပ်စက်ခံခဲ့ရတဲ့ တရားလိုတွေဘက်က ကိုယ်ချင်းစာကြည့်စမ်းပါဗျာ။ ဘယ်လိုခံစားရမလဲ။

လွတ်ငြိမ်းချမ်းသာခွင့်နဲ့ လွတ်လာတဲ့ ဓားပြ၊ လူဆိုး၊ မုဒိမ်းကောင်တွေကို ရဲရဲကြည့်ရဲမှာလားဗျာ။ အပြစ်ဒဏ် မစေ့သေးဘဲ ရှင်ဘုရင်နန်းတက် လွတ်ငြိမ်းချမ်းသာခွင့်ဆိုတဲ့ အထူးအခွင့်အရေးနဲ့ လွတ်လာတဲ့ ထောင်ထွက်တွေကရော ရင်ကော့မပြပေဘူးလား။ ထပ်မံ ထောင်လွှားမာကျယ်လုပ်ပြီး ပြန်ငြိမ်းငြိမ်းခြောက်ခြောက် မလုပ်ဘူးတဲ့လားဗျာ။ ထပ်မံကြိမ်းဝါး မငြိမ်းခြောက်၊ ရာဇဝတ်မှုတွေ လက်ရဲဇက်ရဲ မလုပ်ပေဘူးဗျာ။

ဒါ ရှင်ဘုရင်နန်းတက်လို့ ကောင်းမှုပြုတဲ့ လွတ်ငြိမ်းချမ်းသာခွင့်ရဲ့ ကောင်းကျိုးလို့ ပြောလို့ရမလားဗျ။ ဖြစ်သင့်တာက ရှင်ဘုရင်ပဲ နန်းတက်တက်၊ ရှင်ဘုရင်ပဲ ဘုရားတည်တည်၊ ရာဇဝတ်မှုကြီးနဲ့ ထောင်ကျအကျဉ်းသားတွေကို လွတ်ငြိမ်းချမ်းသာခွင့်နှင့် မလွှတ်သင့်ဘူးဗျာ။ ဘူးသီးခိုး၊ ကြက်ခိုး၊ ထဘီခိုးတဲ့ အမှုသေးတွေ လွှတ်ပေးတာ ကိစ္စမရှိဘူးဗျ။ အမှုကြီး ထောင်ကျတွေက လူမဆန်အောင် ရက်စက်တဲ့ လူမိုက်တွေ၊ လူမိုက်တွေဟာ အပြစ်ဒဏ်နှစ်စေ့အောင် ထောင်ကျထားမြဲ ထားသင့်တယ်ဗျာ။ ဒီလိုလူတွေ နှစ်မစေ့သေးဘဲ အထူးအခွင့်အရေးနဲ့ ထောင်ခါလွှတ်တော့ ဒါ ရှင်ဘုရင်အနေနဲ့ တိုင်းပြည်မြို့ရွာ ငြိမ်ဝပ်ပိပြားရေး ရာဇဝတ်မှု ကင်းစင်ရေးကို ရှေးရှုအလေးထားဆောင်ရွက်ရာ မရောက်ပေဘူးမဟုတ်လား . . . သံတော်ဆင့်မင်းရယ်ဟင်''

ဒီမှာ သံတော်ဆင့်မင်းက ဘေးဘီဝဲယာကို လှည့်ကြည့်ပြီး . . .

''ရှူး . . . တိုးတိုးပြောပါ ဦးသူတော်''

''ဘာဖြစ်လို့လဲ ကျုပ် ဝေဖန်တာ မှားနေလို့လားဗျ''

''ဦးသူတော် ဒီနေရာ ကျုပ်ရှေ့မှာပဲ ဝေဖန်ပါ။ ရပ်ထဲရွာထဲမှာ မဝေဖန်ပါနဲ့ဗျာ။ ဒါ တစ်ချက်လွှတ် အမိန့်ပေးတဲ့ ရှင်ဘုရင်အုပ်စိုးတဲ့ခေတ်ဗျ။ ဝေဖန်ရင် သေဒဏ်ခေတ်။ သိပ်မပြောနဲ့''



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ပြောတာ မှားလို့လား"

"မမှားဘူး။ မှန်တယ်။ မှန်တိုင်းပြောရင် ရှာပြင်ထုတ်ခံရမယ်ဗျာ။ မှန်တိုင်းလည်း မပြောပါနဲ့ဗျာ"

"ဒါဆို တစ်ချက်ပဲမေးပါရစေ . . . သံတော်ဆင့်မင်းရယ်"

"မေးမေး တိုးတိုးမေးပါ . . . ဦးသူတော်ရာ နော်"

"ရှင်ဘုရင် နန်းသိမ်းဘုရင်ဖြစ်လို့ ထောင်ခါပြီး လွတ်ငြိမ်းချမ်းသာခွင့်ပေးတာ ကုသိုလ်လား၊ အ,ကုသိုလ်လား"

သံတော်ဆင့်မင်း အဝေးကျိုဝန်က ကျုပ်ရဲ့မျက်နှာကို အံ့အံ့သြသြ စိုက်ကြည့်ရင်း တိုးတိုးပြောတယ်ဗျာ။

"ဦးသူတော် တော်ကြပါစို့ဗျာ။ မင်းနားတစ်ထောင် စကားကြားဖူး မဟုတ်လား။ ခင်ဗျားရဲ့ အတွေးအယူအဆလည်း သင့်မြတ်ပါတယ်ဗျာ။ ဟိုလေ . . . . မြို့ဝန်ဘိုင်ဆပ်တို့ကိုသာ ဦးသူတော် သတ် မသတ်ဘဲ ပြောပါဗျာ . . . နော် ဦးသူတော်"

"အချို့ သေဒဏ်ပေးခံရတဲ့လူကို အလျှုခံ . . ."

"တော်ပါတော့ ဦးသူတော်ရာ"

"ကျုပ်ကလည်း ပြောချင်တာမှ ပါးစပ်ကို ယားနေတာပဲ။ ဖြစ်နိုင်ရင် ရှင်ဘုရင်နဲ့ မျက်နှာချင်းဆိုင်ပြော"

"ကဲ . . . ဦးသူတော် . . . မြို့ဝန်ဘိုင်ဆပ်ကို ဓားနဲ့ ရင်ခွဲသတ်တာ ဟုတ်တယ် မဟုတ်လား"

"မဟုတ်ဘူးလို့ ပြောပြီးပြီလေ သံတော်ဆင့်မင်း"

"ကျုပ် မယုံဘူးဗျာ။ ခင်ဗျား မသတ်တဲ့အကြောင်းသာ ပြောပြပါမြင့် သူတို့ကို ဘယ်သူသတ်တုံး"

"မြို့ဝန်ဘိုင်ဆပ်ကို ကျုပ်မသတ်တဲ့အကြောင်း ရှင်းဖို့ ဘိုင်ဆပ်တို့ ကောင်းစားခဲ့ရတဲ့ ခေတ်နဲ့ဘဝကို ခင်းနေတာပါ သံတော်ဆင့်မင်း"

ထုံးစံအတိုင်းပဲလေဗျာ။

ရှင်ဘုရင်တစ်ပါး နန်းတက်လို့ တရားဝင် ရှင်ဘုရင်ဖြစ်ပြီဆိုရင် ဆုလိုချင်တဲ့လူကို သူကောင်းပြု မြှောက်စားတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



သွားတယ်။ ဘိုင်ဆပ်ကို ဦးသူတော်ကိုယ်တိုင် ဓားနဲ့ ရင်ခွဲသတ်တယ်လို့ ပြောသံကြားရတယ်။ ဦးသူတော်ကြီး တကယ် လူသတ်ခဲ့ပါသလား။ အကယ်လို့များ ဦးသူတော်ကြီး ကိုယ်တိုင်သတ်ခဲ့ရင် အဋ္ဌင်္ဂသီလ (၈)ပါး စောင့်ထိန်းနေတဲ့ ဦးသူတော်ကြီးအဖို့ ပါဏာတိပါတကံကို ကျူးလွန်ဖောက်ဖျက်ရာ မရောက်ပေဘူးလားဗျား။ အဲဒါ သိချင်လို့ပါ''

နှုတ်ခမ်းမွေးကားကား၊ သျှောင်ကို အဝါနုရောင်ပဝါနဲ့ သေသေသပ်သပ် ပေါင်းထားတဲ့ သံတော်ဆင့်မင်းက ကျုပ်ကို အကဲခတ်ပြီး မေးနေတာ။

အတိတ်က ဖြစ်ခဲ့တဲ့ အကြောင်းတွေပါ။

သံတော်ဆင့်မင်းက အဖြေမှန်ကို သိချင်နေပုံပါ။

''သံတော်ဆင့်မင်း''

''ပြောပါ ဦးသူတော်''

''ကျုပ် မြို့ဝန်ဘိုင်ဆပ်ကို မသတ်ပါဘူးဗျာ''

ကျုပ်က ဒီလိုပြောလိုက်ရော သံတော်ဆင့်မင်း အဝေးကျို့ဝန်ဦးလတ်က အကြည်ရောင်တောက်တဲ့ မျက်လုံးအစုံနဲ့ ကျုပ်ကိုလှမ်းကြည့်ပြီး ခေါင်းဆတ်ရင်းက . . .

''ကျုပ်လည်း အဲဒီလိုပဲ ဖြစ်စေချင်တာပါ။ သို့သော် အမရပူရ နေပြည်တော်မှာ ပုဂံမင်းတရားကြီး အုပ်စိုးတော်မူစဉ်ကာလတုန်းက အကျော်ဇေယျဖြစ်နေတာက မြို့ဝန်ဘိုင်ဆပ်ကို ဦးသူတော်ကြီးကိုယ်တိုင် သူ့သား အတွက် ကလဲ့စားချေပြီး ကိုယ်တိုင် ဓားနဲ့ရင်ခွဲသတ်တယ်တဲ့လေ။ ယနေ့တိုင် အမရပူရသားတွေကိုမေးရင် မြို့ဝန်ဘိုင်ဆပ်ကို ကိုယ်တိုင် ရင်ခွဲသတ်တာ ဖိုးသူတော်ကြီး ရန်အောင်ဇေယျလို့ အတိအကျပြောနေတုန်း ဦးသူတော်''

''ဟား . . . . ဟား . . . ဟား . . . ဟား . . . အဟတ် . . . အဟတ် အဟတ် . . . ဟား . . . ဟား . . . ဟား . . . . ကျုပ် ဖိုးသူတော်ကြီး လူသတ်သမား ဖြစ်နေပြီပေါ့ အင်း . . . အင်း . . . . အင်း သံတော်ဆင့်မင်း''

''ပြောပါ ဦးသူတော်''



www.burmeseclassic.com

www.burmeseclassic.com



သူ မလိုလားတဲ့ဝန်ကြီး ရာထူးက ထုတ်ပယ်တာပဲ။

သူ ချစ်မြတ်နိုးတော်မူတဲ့ မိဖုရားတွေကို ရွှာစားဘွဲ့ချီးမြှင့်တာပဲ။ ဒီလိုပဲ အိမ်တော်ပါ ငယ်ကျွန်တွေကိုလည်း သူကောင်းပြု မြှောက်စားတာ ရှင်ဘုရင်ဖြစ်လို့ အစကနဦးလုပ်တဲ့ အလုပ်ပဲဗျ။

✿ ✿ ✿

[၅]

❑

ပုဂံမင်း နန်းတက်လို့ ရှင်ဘုရင်ဖြစ်တော့ သူ့ရှေ့က မင်း၊ ရှင်ဘုရင်တွေလိုပဲ ဖြုတ်တဲ့လူဖြုတ်။

မြှင့်ချင်တဲ့သူကို မြှင့်၊ မြှောက်စားတာပဲဗျ။

အိမ်တော်ပါ အမှုထမ်းတွေကိုလည်း တခမ်းတနား ချီးမြှင့်မြှောက်စားတော်မူတာပဲ။

အဲဒီမှာ ကုလားအမည် ဆေယက်ခန် (ခေါ်) ဘိုင်ဆပ်ဆိုတဲ့ ဖေဒဘာရီကုလားစပ် မြှောက်စားခံရတာ။

ပုဂံမင်းက သူ့မိဖုရား (၈)ပါးကို ဘွဲ့အမည်သစ်တွေနဲ့ မြို့စားဘွဲ့ပေး ချီးမြှင့်တယ်။

အိမ်တော်ပါဆိုတဲ့ စကားအဓိပ္ပာယ်ကို သံတော်ဆင့်မင်းတို့ သိပေမင့် နောင်းလူတွေ မသိမှာစိုးလို့ အနည်းငယ်တော့ ရှင်းပြခွင့်ပြုပါဗျ။

ဘာလို့လဲဆိုတော့ ဒီဖြစ်ရပ်မှန် သမိုင်းကို တစ်နေ့ သံတော်ဆင့်မင်း စာနဲ့ပေနဲ့ မှတ်တမ်းပြုချင်ပြုမှာမို့ပါ။



www.burmeseclassic.com

www.burmeseclassic.com



အဝေးကျိုဝန်ဖြစ်နေလို့ သံတော်ဆင့်မင်း သိတာလည်း ရှိမယ်။ သံတော်ဆင့်မင်း မသိသေးတဲ့ နန်းတွင်းရေး ပြည်ထဲရေး ရှိချင်ရှိပါလိမ့်မယ်ဗျာ။

အိမ်တော်ပါဆိုတာ ဘုရင်လောင်းလျာ အိမ်ရှေ့မင်းသား ပျို့ရွယ်စဉ်ဘဝကတည်းက အတူနေ ဖနီးကတော်မယား။ အကြီးအမှူး၊ အလုပ်အကျွေး၊ တပည့်လက်ရုံးများကို ခေါ်တာပါဗျာ။

အိမ်တော်ပါ သီပေါမြို့စားကို မြောက်နန်းတင်ပြီး သီရိမဟာရတနာဒေဝီဘွဲ့ အပ်နှင်းတယ်။

စလင်းမြို့စားမင်းသမီးကို အလယ်နန်းမိဖုရားအရာထားပြီး 'သီရိတုလောက အတုလရတနာဒေဝီ'ဘွဲ့နှင်းတယ်။

မြတောင်မြို့စားမင်းသမီးကို အနောက်နန်းမိဖုရား အရာထားပြီး 'သီရိရတနာစန္ဒမဟေ'ဘွဲ့ အပ်နှင်းတယ်။

မြောက်ဆောင်တော် မိဖုရား။

တောင်ရွှေရေးဆောင်မိဖုရား။

မြောက်ရွှေရေးဆောင် မိဖုရား၊ နန်းဆောင်ရ မိဖုရားတွေကိုလည်း ဘွဲ့မည်တွေ အပ်နှင်းချီးမြှောက်တယ်။

ပြီး ... မိုင်းလဲမြို့စားမင်းသမီး။

စကုမြို့စားမင်းသမီး။

မြန်အောင်မြို့စားမင်းသမီး။

ကာမမြို့စားမင်းသမီး။

ရွှေကူမြို့စားမင်းသမီး။

ခဲပေါင်မြို့စားမင်းသမီး စတဲ့ မိဖုရားငယ်တွေကိုလည်း သီရိမဟာသာဘွဲ့၊ သီရိနန္ဒာဘွဲ့၊ သီရိသုတရတနာဘွဲ့ စသည့်ဘွဲ့တွေ ချီးမြှင့်တော်မူတယ်။

'ဦးသူတော်က အတော့်ကို သိတာပါကလား''



www.burmeseclassic.com

www.burmeseclassic.com



"သိဆို ရွှေနန်းတော်ထဲကလူတွေက ကျုပ်ဆီမှာ ပေဒင်လက္ခဏာ လာကြည့်ကြတာကိုးဗျ။ မိဖုရားငယ်ရဲ့ လူယုံတွေပါလာကြတော့ မေးရင်း မြန်းရင်း သိတာပေါ့ သံတော်ဆင့်မင်း"

"ဟုတ်ပါပြီဗျာ ... ဘိုင်ဆပ်နဲ့ ငပိန်အကြောင်းကရော ဘယ်တော့ ရောက်မှာတုံး ဦးသူတော်"

"ရောက်ပါပြီ သံတော်ဆင့်မင်းရယ်။ ဒီလိုပါ။ ပုဂံမင်းက ဖအေတူ မအေကွဲ ညီတော်မင်းတုန်းမင်းသား၊ အခု ရတနာပုံ ရွှေနန်းရှင်လောင်း 'သီရိသုမဟာဓမ္မရာဇာကို'ကို 'သီရိမဟာ သီဟသူရ ဓမ္မရာဇာ'ဘွဲ့ပေးတယ်။ ဒါတော့ သံတော်ဆင့်မင်း သိပါတယ်ဗျာ"

"အင်း ... သိတယ်၊ သိတယ်"

"ညီတော် ကနောင်မင်းသား သတိုးမင်းရဲကျော်ကို 'သီရိမဟာ ဓမ္မရာဇာ'ဆိုတဲ့ ဘွဲ့မည်တော်ချီးမြှင့်ပြီး လွှတ်တက်မင်းသားကြီးများ အခွင့်အာဏာကို ပေးအပ်ချီးမြှင့်တယ်ဆိုပဲ။

မင်္ဂလာအိမ်တော်ပါ တပည့်ကျေးကျွန်တွေကိုလည်း အသီးသီး မြှောက်စားရာထူးပေးတယ်။

ဒီမှာ ကျေးတော်မျိုး၊ ကျွန်တော်မျိုးထဲက ဖေဒဘာရီကုလားစပ် ဘိုင်ဆပ်က ထိပ်ဆုံးက ပါတာတဲ့ဗျာ။

(မှတ်ချက်–အချို့က ဘိုင်ဆပ်ကို ဘိုင်စပ်ဟုလည်း ရေးကြပါ သည်။ ယခုမူ ဘိုင်ဆပ်ဆိုသည့် ရတနာပုံနိဒါန်းပါ အမည်ကိုပဲ ဦးတည်ရေး သားသွားပါမည်။ ဘိုင်ဆပ်အမည်ရင်းမှာ ဆေယက်ခန်ဟု သိရပါသည်။)

နောက်တစ်ယောက်က မြို့စာရေးဖြစ်လာမည့် မောင်ပိန်တို့ပဲဗျ။ သူတို့နှစ်ဦးကြောင့် အမရပူရ နေပြည်တော်မှာ လူတိုင်း ဖိန့်ဖိန့်တုန် အောင် ကြောက်ရတဲ့ဘဝ ရောက်ခဲ့ရတာပဲ။

ရွှေဘိုမင်းရဲ့သားတော် ပုဂံမင်း နန်းတက်တော့ အမရပူရရွှေ မြို့တော် ကျေးရွာအနှံ့ မောင်းကြေးနင်းဆော်ပြီး ကြေညာရတယ်။



www.burmeseclassic.com

www.burmeseclassic.com



"အမရပူရ နေပြည်တော်ကြီးကို 'သီရိသုဓမ္မတိလောက ပဝရ မဟာ ရာဇာဓိရာဇာ ဘွဲ့မည်တော်ရှိ ပုဂံမင်းတရားကြီး တရားသဖြင့် မင်းဖြစ်သို့ ရောက်တော်မူပြီး တိုင်းနေ ပြည်သူပြည်သားအပေါင်းတို့ကို ငြိမ်ဝပ်ပိပြား အေးမြချမ်းသာစွာ ရောင်းဝယ်ဖောက်ကား ကူးသန်းသွားလာနိုင်ကြစေခြင်း။ နေမြဲ၊ ထိုင်မြဲ၊ အေးချမ်းစွာ နေထိုင်ကြစေခြင်းကို ရှေးရှုသနား၍ မင်းကျင့်တရား ဆယ်ပါးနှင့်အညီ အုပ်ချုပ်တော်မူပြီးဖြစ်ကြောင်း ကြေညာ မောင်းနှင့်သိစေ"

"ဒူ ... ဟူ ... ဟူ .... ဟူ ..."

ဒီလို လှည့်ကြေညာတယ်။ ဒါကြောင့် မြို့ရောတောရော အမရပူရနေပြည်တော်ကို ပုဂံမင်းတရားကြီး တရားနှင့်အညီ အုပ်ချုပ်နေတော်မူပြီဆိုတာ အားလုံးသိကုန်ကြတယ်ဗျာ။

ပုဂံမင်းက ထုံးတမ်းအစဉ်အလာအတိုင်း ပြုမူနေထိုင်တယ်။

တိုင်းရေးပြည်ရေး ကိစ္စအဝဝ စီရင်ဖွယ်ကိစ္စတွေကို ပြတ်သားထိကျစွာ ထုတ်ပြန်သော်လည်း ....

လွှတ်တော်ထဲမှာ စီရင်ဖွယ်ကိစ္စများနှင့် တိုင်းရေးပြည်ရေး သာသနာရေးကိစ္စတွေကိုတော့ မင်းတုန်းမင်းသားကြီးက အိမ်ရှေ့မင်းနှယ် စီရင်ရတယ်။

ညီတော် မင်းတုန်းမင်းသားကြီးနှင့်အတူ မဟာသီရိသုဓမ္မရာဇာဘွဲ့ရ မက္ခရာမင်းသားကြီးတို့ပါ လွှတ်တက်စီရင်ရတယ်။

ဒီနေရာမှာ အရေးကြီး ဝန်ကြီးများအကြောင်း ပြောပြချင်တယ် သံတော်ဆင့်မင်း။

ပုဂံမင်း နန်းတက်တော့ သူနှစ်သက်တဲ့ လူကို သူကောင်းပြုပြီး သူ မလိုလားတဲ့ သူကို ရာထူးချတာပဲ။

ကောင်းတုံမြို့စားဝန်ကြီး မင်းရဲရာဇာ။

ယောမြို့စား သတိုးမင်းကြီး မဟာမင်းခေါင်။

မင်းကြီး မဟာမင်းလှကျော်ခေါင်။



www.burmeseclassic.com

www.burmeseclassic.com



ဝန်ထောက်မင်းကြီး မဟာသကြဲန်၊ မဟာမင်းထင်စည်သူတို့ကို ရာထူးကချ၊ စားကျေးမြို့ရွာများကို ရုပ်သိမ်းလိုက်တယ်။

ကံကောင်းပြီး ကျန်ရစ်ခဲ့တဲ့ အရာရှိတွေကတော့ ....

ထန်းတပင်မြို့စားသူရဲဝန် ဝန်ကြီးမဟာသီဟသူ ရွှေလုံ့မိုလ်။

ညောင်အုပ်မြို့စားဝန်ကြီး မင်းကြီးမဟာမင်းခေါင်ကျော်စွာတို့ကို အဂ္ဂမဟာသေနာပတိ ဝန်ကြီးအရာထားပြီး ...

လွှတ်တော်မှာ တက်ရောက်စီရင်စေတယ်တဲ့ဗျ။

ဘကြီးတော်ဘုရားရဲ့ ကျွန်တော်ရင်း စစ်တောင်းမြို့စား မင်းကြီး မဟာမင်းလှမင်းထင်နဲ့ ရွှေ့ဝင်းမှူးကြီး မဟာမင်းခေါင်ရာဇာတို့ကိုလည်း အဂ္ဂမဟာသေနာပတိဝန်ကြီး အရာခန့်တော်မူတယ်လို့ သိရတယ်။

စစ်တောင်းစား ဘိုးဘိုးဝန်ကြီးက သီလ၊ သမာဓိနဲ့ ပြည့်စုံလို့ အားလုံးက လေးစားကြတယ်။

မဟုတ်တာ မပြော၊ မမှန်တာ မလုပ်။

မင်းလိုလိုက်၊ မင်းကြိုက်ဆောင် မပြောဘူး။

ပညာရှိ ဝန်ကြီးပီပီ တရားနဲ့အညီနေတယ်။

မင်းပြောင်းမင်းလွဲမှာ အရာကျသူရှိသလို ...

အရာမြင့်သွားသူလည်း ရှိသွားတာပေါ့။

တိုင်းပြည်ထီးနန်းကို တိုက်ခိုက်ပြီးမှ စိုးစံရတဲ့ မင်းလက်ထက်မှာ ဆိုရင်တော့ အရင်းလဲရင် အဖျားထင်းဖြစ်တာပဲ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၆]

❑

ပုဂံမင်းတရားကြီးလက်ထက် အကြီးအကျယ် သူကောင်းပြုခံရပြီး ကောင်းစားခမ်းနား ဩဇာရှိခဲ့တာ မြို့ဝန်ကုလား ဘိုင်ဆပ်ပဲ ...သံတော်ဆင့်မင်း။

မင်းတရားကြီးက သူလို ဘာသာမတူ၊ လူမျိုးခြားကို မြို့ဝန်ရာထူး ပေးအပ်ချီးမြှင့်တာ သိပ်လွန်ကဲသွားတယ်ဗျာ။

အရှုးဘုံမြှောက်တော့ ချီးခြောက်ကောက်စားဆိုသလို ဖြစ်ကရော။

ဘာလို့ သူ့လို ဖေဒဗာရီကုလားကို မြို့ဝန်ရာထူးပေးရသလဲဆိုတာက အရေးကြီးတဲ့အချက်ပဲ။

ခေတ်ကာလက သံတော်ဆင့်မင်း သိတဲ့အတိုင်းပဲ။ နယ်ချဲ့အင်္ဂလိပ်က သွေးတိုးစမ်းနေတဲ့ အချိန်ပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



ရွှေဘိုမင်းတရားကြီးက အအုပ်အစည်းကောင်းတော့ အင်္ဂလိပ်နယ်ချဲ့တွေ အောက်ပြည်ကနေ ထွက်ခွာပြီး ရခိုင်၊ တနင်္သာရီကို ရွှေ့ပေးရတယ်။ ဒါ ရန္တပိုစာချုပ်ရဲ့ ကတိပဲ။ အောက်ပြည် ရန်ကုန်မှာ အင်္ဂလိပ်တွေ နေခွင့်မရှိဘူး။

ရန်ကုန်ကနေ ရွှေဘိုမင်းတရားကြီးရဲ့ မင်းရှိန်ဩဇာကြောင့် အင်္ဂလိပ်တွေ ဆုတ်ခွာပေးရတာကို သိပ်မကျေနပ်ကြဘူးတဲ့ဗျ။

ကျုပ်ကလည်း အင်္ဂရိတ်ထိုးတဲ့ ဖိုးသူတော်ပေမဲ့ စာလည်းဖတ်၊ မျက်စိဖွင့်၊ နားဖွင့်ကလည်းရှိ၊ အစုအဆောင်း၊ အမှတ်အသားကလည်းရှိ။ နန်းတော်သား အရာရှိငယ်တွေ၊ အမှုထမ်းတွေနဲ့ ခင်မင်ရင်းနှီးရှိတော့ မေးရင်းမြန်းရင်း သိတာ အတော်များတယ်။

ရွှေဘိုမင်းတရားကြီးက အဲဒီလို ဟန့်နိုင်တဲ့မင်းပဲဗျာ။

အင်္ဂလိပ်တွေ အထွန့်မတက်ရဲကြဘူး။

သို့သော် ရွှေဘိုမင်းတရားကြီးရဲ့ သားတော် ပုဂံမင်းလက်ထက်မှာရောက်တော့ အင်္ဂလိပ်တွေ လှုပ်လှုပ်ရှားရှား ထိထိပါးပါး လုပ်လာတယ်။ ရန်စတာတွေ လုပ်လာတယ်။ ရမယ်အမျိုးမျိုးရှာ ရန်စနေတာပေါ့။

သင်းတို့က ဗမာတစ်ပြည်လုံး သိမ်းယူချင်နေတာကိုးဗျ။

သို့သော် ပုဂံမင်းက ရွှေဘိုမင်းလို ဩဇာမရှိဘူး။

အင်္ဂလိပ်တို့ ခန့်အောင်မလုပ်နိုင်ခဲ့ဘူး။

အုပ်ချုပ်ရေးက လျော့လျော့ပါးပါး ရှိနေတယ်။

ဘာလို့ ဒီလို အုပ်ချုပ်ရေးပိုင်း လျော့ရဲသလဲဆိုတော့ ...

ပုဂံနန်းတွင်းမှာ အုပ်စုတွေ စဖွဲ့ကြလို့ပဲ။ မှူးကြီးမတ်ကြီးအချို့က ရှင်ဘုရင်ကို မြှောက်ပင့်ပေးကြ၊ မလိုရင် ကတုံးကတိုက် လုပ်ကြ။

ပုဂံမင်းရဲ့ ညီတော် မင်းတုန်းမင်းသားနဲ့ ကနောင်ကိုယ်တော်ကြီးတို့ တိုင်းရေးပြည်ရာကိုမှန်မှန်ကန်ကန် စီရင်ဆုံးဖြတ်ပါသော်လည်း ...

ရှင်ဘုရင်ရဲ့ အိမ်တော်ပါ အရာရှိတွေက ဘုရင့်အရှိန်နဲ့ ကျူးကျော်တွင်ကျယ်လာတယ်။

မင်းတုန်းမင်းသားကြီးတို့က လွှတ်တက်မင်းသားကြီးတွေ။



www.burmeseclassic.com

www.burmeseclassic.com



**"အဲဒါပဲ သံတော်ဆင့်မင်း . . .**
**ငါနိုင်တယ် . . . ငါနိုင်တယ်ဆိုတာ**
**ငါ့ကိုနိုင်တဲ့လူ မပေါ်သေးလို့ ငါနိုင်နေတာဗျ။**
**ငါ့ကိုနိုင်တဲ့လူပေါ်လာရင် ငါရှုံးရော။**
**ငါနိမ့်ရော။ ငါအရေးမပါဖြစ်ကရော"**

စီရင်ဆုံးဖြတ်စရာရှိရင် မင်းတုန်းမင်းသားကြီးတို့ သူ့ရဲ့ဝန် ဝန်ကြီး မဟာသီဟသူရရွှေလုံ့မိုလ်တို့၊ ညောင်အုပ်စားဝန်ကြီး မင်းကြီး မဟာမင်းခေါင် ကျော်စွာတို့ ပါဝင်တဲ့ လွှတ်တော်ဝန်ကြီးတွေက ဆွေးနွေးတိုင်ပင် စီရင်ဆုံးဖြတ်ကြရတာ။

အခု .... ပုဂံမင်းရဲ့ အိမ်တော်ပါ မြှောက်စားခံရတဲ့ အရာရှိတွေက လွှတ်တော်ကို ဝင်စွက်ဖက်နေကြတယ်။

ခက်တာက သူတို့စွက်ဖက်တဲ့ကိစ္စ မှားနေ လွန်နေမှန်းသိလို့ ဘုရင့်ကို အကြောင်းစုံ တင်လျှောက်လျှင် ဘုရင်က မသိကျိုးကျွံပြုနေတော့ အိမ်တော်ပါ အရာရှိတွေက ပိုကဲတာပေါ့ဗျာ။

အမှုကြီးတွေ ကိစ္စလည်း ဝင်စွက်ဖက်။

အမှုလတ်၊ အမှုသေးကိစ္စလည်း သူတို့အိမ်တော်ပါ အရာရှိတွေက ဝင်စွက်ဖက်နေတော့ တရားဥပဒေက တိမ်းစောင်းလာရော။

ဥပဒေအထက်မှာ သူတို့ ရှိနေတာပေါ့။ တရားဥပဒေမဖြစ်ဘဲ မတရားဥပဒေ ဖြစ်နေတယ်။

အိမ်တော်ပါ အရာရှိအုပ်စု လိုချင်တဲ့အတိုင်း ဖြစ်ပေးရရော။

ရှင်ဘုရင်က သူ့အိမ်တော်ပါ အရာရှိတွေ ပြောတာပဲ မှန်တယ်ဆို့ ကာကွယ်ပေးနေတာကိုးဗျာ။

ကြာတော့ ...

မင်းတုန်းမင်းသားကြီး အမှူးပြုတဲ့ လွှတ်တော်ဝန်ကြီးတွေ လွှတ်ဆက်စီရင်ရတာမှာ စိတ်ဓာတ်ကျလာကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ရှင်းအောင်ပြောရရင် အရေးမပါသလို ဖြစ်လာကြတယ်။

အဲဒီ အခြေအနေကို ဘုရင့်အိမ်တော်ပါ မြှောက်စားခံရတဲ့ တစ်စုက ကြည့်ပြီး ဝမ်းသာနေကြတယ်တဲ့ဗျာ။

တွေ့လား . . .

ဘုရင့်ညီတော် လွှတ်တက်မင်းသားကြီးတွေလည်း ငါတို့ကို လွန်ဆန်လို့ မရတော့ဘူးကွယ်။

ဘုရင်က ကျွန်ုပ်တို့ ဆရာအရင်းပဲလေဗျာ။

ဘယ်သူ့ကို ယုံမှာတုံး။

မင်းတုန်းမင်းသားရော၊ ကနောင်မင်းသားရော၊ စိတ်ချရလို့လား။ သူတို့က ဘုရင့်စည်းစိမ် လိုချင်နေတာဥစ္စာ။

ကျုပ်တို့ ပုဂံမင်းက သားတော်များ မမွေးဘူးလေ။

ဒီတော့ မင်းတုန်းမင်းတို့၊ ကနောင်တို့က အကြံရှိနေမှာဗျ။ ဒီ အကြံတွေကို ဖျက်ရမယ်။ ကျုပ်တို့ ပုဂံမင်းအတွက် ကာကွယ်ပေးရမယ် လေ။ ဟုတ်ဘူးလား။

ဟုတ်တာပေါ့ဗျာ။ ကျုပ်တို့က အိမ်တော်ပါ အရာရှိကျွန်ရင်းတွေ ပဲဥစ္စာ။ ကိုယ့်ဘုရင်နဲ့ ကိုယ့်အရေးပဲ ကြည့်ရမှာပေါ့။

အဲဒီလို ကြံစည်ကြတယ်။

ဘုရင့်အိမ်တော်ပါ အရာရှိတွေက တရားသဖြင့် စီရင်တဲ့ လွှတ်တက်မင်းသားကြီး မင်းတုန်းတို့ကို လွှတ်တော်ကနေ ရွှေ့သွားအောင် ကြံစည်ကြတယ်။

ဒီတော့ သူတို့ဘက်ပါအောင် သွေးဆောင်စည်းရုံးကြပါများ တော့ ယခင်က တရားနည်းလမ်း မှန်ကန်မှုကို အလေးထားတဲ့ ဝန်ကြီး၊ ဝန်ကလေး၊ အချို့လည်း အိမ်တော်ပါ အရာရှိတွေ စည်းရုံးသိမ်းသွင်းတဲ့ နောက် ပါသွားကြရောဆိုပဲဗျ။

အိမ်တော်ပါအရာရှိတွေ အင်အားများလာတော့ ပြောတိုင်းဆိုတိုင်း ပေါက်သလို သူတို့လုပ်သမျှလည်း အမှန်ဖြစ်နေတာပေါ့ဗျာ။

ဝဋ်ဆိုတာလည်တာပဲ သံတော်ဆင့်မင်း။ ရှေးကဘုရင်များ လက်ထက်တော် ကာလတုန်းကလည်း အဝေးမြို့ဝန်ခန့်တာရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြီး …. မင်းနေပြည်တော်၊ ရွှေမြို့တော်မှာလည်း မြို့ဝန်တစ်ယောက် မကာ နှစ်ယောက်သုံးယောက် ခန့်တာရှိတယ်။

ပုဂံမင်း အမရပူရနေပြည်တော်ကို အုပ်ချုပ်စဉ်တုန်းက မူလမြို့ဝန် ဟောင်းနှစ်ယောက် ရှိပြီးသားဗျာ။

မြို့ဝန်နှစ်ယောက် ရွှေမြို့တော် အုပ်ချုပ်ရင် လုံလောက်ပါတယ်။ သို့သော် ပုဂံမင်းက သူ့အိမ်တော်ပါ ငယ်ကျွန် ကုလားဘိုင်ဆပ်ကို အကြီး အမှူးမြို့ဝန်ကြီးဆိုပြီး ထပ်ခန့်လိုက်ပါရော။

ပုဂံမင်းတရားကြီး အမှားတွေမှားလာလိုက်တာ …

ဇေဒဟာရီကုလား ငယ်ကျွန်ကို မြို့ဝန်တွေအပေါ်မှာ ထပ်ဆင့်အုပ်ချုပ် တဲ့ မြို့ဝန်အကြီးအမှူး ထပ်ဆင့်ခန့်လိုက်တာ ပိုမှားသွားတယ်။

သို့သော် အိမ်တော်ပါ ငယ်ကျွန်လူမျိုးခြားကုလားကို သူကောင်းမြှ ခဲ့တာ အမှားလို့ မထင်မှတ်ခဲ့ဘူး။

မှန်တယ်လို့ ယူဆခဲ့တာ။

ကိုင်း …. သူတို့ အိမ်တော်ပါ ငယ်ကျွန်အရာရှိ အုပ်စု ဘာပြော ရဲလဲ ဘာကန့်ကွက်ရဲလဲ။ ဘယ်သူမှ ပါးစပ်မဟရဲဘူး။

အဲဒါပဲ သံတော်ဆင့်မင်း …

ငါနိုင်တယ် … ငါနိုင်တယ်ဆိုတာ

ငါ့ကိုနိုင်တဲ့လူ မပေါ်သေးလို့ ငါနိုင်နေတာဗျ။

ငါ့ကိုနိုင်တဲ့လူပေါ်လာရင် ငါရှုံးရော။

ငါနိမ့်ရော။ ငါအရေးမပါဖြစ်ကရော။

ငါ တန်ဖိုးမဲ့သွားပြီး အရာမဝင်ဖြစ်ရောဗျာ။

ဒီမှာပဲ မြို့ဝန်လက်သစ်ကြီး ဘိုင်ဆပ် အခြားမြို့ဝန်တွေအပေါ် မှာ ဩဇာပေး၊ အာဏာပြလုပ်လာလိုက်တာ …

ဘယ်လိုလူ ဘယ်လိုဝန်ကြီး အရာရှိမှ ဟန့်တားလို့မရတော့တဲ့ ဘဝ ရောက်သွားပါရောဗျာ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com



"မြို့ဝန်ဘိုင်ဆပ်နဲ့ မြို့စာရေး ငပိန်တို့ကို ကျုပ်ကိုယ်တိုင် လူသတ်ကုန်းမှာ ရင်ခွဲသတ်တယ်ဆိုတော့ရင်ကော အမရပူရသားတွေက ကျုပ်ကို ရွံ့မုန်းသတဲ့လားဗျာ ဟင်"

ဒီမှာ သံတော်ဆင့်မင်း အဝေးကျိဝန်က ...

"ကျုပ် မေးမြန်းကြားသိရသလောက်ဆိုရင် ဖိုးသူတော် ဦးရန်အောင်ဇေယျကို မရွံ့မမုန်းတဲ့အပြင် အမရပူရသား ယောကျာ်းမိန်းမ၊ သူအို၊ သူရွယ်မှန်သမျှက သူရဲကောင်းကြီးအဖြစ် ယနေ့တိုင် ကြည်ညိုလေးစား အသိအမှတ်ပြုကြသတဲ့ဗျ။

"ဟား ... ဟား .... ဟား .... အဟတ် ... အဟတ် ... အဟတ် .... ဖိုးသူတော် ရန်အောင်ဇေယျကို သူရဲကောင်းလို့ အသိအမှတ်ပြုခဲ့သတဲ့လား ဟား ... ဟား ... ဟား ... အမှန်တကယ် သူရဲကောင်းက ကျုပ်မဟုတ်ဘူး သံတော်ဆင့်မင်းရဲ့"

"ဒါဆို ဘယ်သူတုံး"

"သူရဲကောင်းစာရင်းဝင်က ပထမစကားမိဖုရား"

"ဟုတ်လား ... ဘယ်လို"

"ဒုတိယက ကွယ်လွန်သူ စစ်တောင်းမြို့စားဝန်ကြီးမင်းကြီးမဟာမင်းလှမင်းထင်"

"ဟင်"

"နောက်ဆုံး ကျေးဇူးရှင်က ပုဂံမင်းပဲ။ သူတို့ကို ကျေးဇူးတင်ရမှာ။ သူရဲကောင်းအဖြစ် အသိအမှတ်ပြုချင်လည်း သူတို့ကို အသိအမှတ်ပြုရတာက ပိုသင့်တော်တယ်။ ကျုပ် ဖိုးသူတော် ရန်အောင်ဇေယျက အဂ္ဂိရတ်သမား။ အိမ်မရှိ၊ ယာမရှိ၊ ဘုန်းကြီးကျောင်းကပ်နေရတဲ့ ကပ်ပါးပါဗျာ"

ကျုပ်က အဲဒီလိုပြောလိုက်တော့ သံတော်ဆင့်မင်း အံ့အားတွေသင့်ပြီး စိတ်ဝင်စားမှုတွေ ပိုထက်သန်လာတယ်။

"ဦးသူတော်"

"ပြောပါ သံတော်ဆင့်မင်း"



www.burmeseclassic.com

www.burmeseclassic.com

# [၇]

❑

"ဘာဖြစ်လို့ လူမျိုးခြားကုလားဘိုင်ဆပ်ကို သူကောင်းပြု လွှန်ကဲ ရတာတုံး ဦးသူတော်"

"အကြောင်းရှိတာပေါ့ သံတော်ဆင့်မင်းရယ်။

ကျုပ် လေ့လာမေးမြန်းသိရသမျှ ပြောပြမယ်။

ပုဂံမင်းတရားကြီးမှာ ငယ်စဉ်ကာလတုန်းက အရမ်းစွဲလမ်းတဲ့ ဝါသနာတစ်ခု ရှိတယ်ဗျာ။

အဲဒါက တိရစ္ဆာန်တွေကို ချစ်တဲ့ဝါသနာပဲ။

ကြက်ငှက်ရောင်စုံ၊ ခါငှက်နှင့် အခြားအရောင်အသွေးလှတဲ့ ငှက်မျိုးစုံကို မြတ်နိုးတော်မူတယ်။

ရှာရှာဖွေဖွေ မွေးမြူတယ်။

တိုက်ကြက်တွေ ခွပ်တာ၊ တိုက်တာကြည့်ပြီး ပျော်တယ်။ ဒါချင်း ခွပ်တာကြည့်ပြီး ပျော်ရွှင်တော်မူတယ်။



www.burmeseclassic.com

www.burmeseclassic.com



ချိုးငှက်တွေကို လေ့ကျင့်ပေးပြီး ချိုးငှက်တွေ ခွပ်တာကြည့်ပြီး ပျော်တယ်။ ဒါ ငယ်ရွယ်စဉ်က ဝါသနာ။

ဒီလို တိုက်ရည်ခိုက်ရည်ကောင်းတဲ့ကြက်၊ ချိုး၊ ခါ အပါအဝင် လူပဆန်းကြယ်တဲ့ ငှက်ရောင်စုံတွေကို ငှက်ထောင်သမားဖေဒေဘာရီ ကုလားစပ် ဘိုင်ဆပ်ဆိုတဲ့ကောင်က ရှာဖွေဆက်သရတယ်။

ဒီကောင်ဘိုင်ဆပ်က လာဘ်မြင်တယ်လေဗျာ။

ပုဂံမင်းသားလေးဟာ တိုက်ကြက်၊ တိုက်ချိုး၊ တိုက်ခါအပါအဝင် ငှက်တွေအပေါ် စိတ်ဝင်စားမှန်းသိတော့ တောတောင်တွေကနေရှာပြီး ပုဂံ မင်းသားကို ဆက်သတယ်။

မင်းသားက ဆုတော်လာဘ်တော်တွေ ချီးမြှင့်တယ်။

ဒီလိုနဲ့ သားငှက်တွေ မင်းသားရဲ့ ''အိမ်တော်ဝန်းထဲမှာ များလာ လို့ နောက်ဆုံး တိရစ္ဆာန်ဥယျာဉ်တော်လုပ်ပြီး မွေးမြူရတယ်။

ငှက်ဥယျာဉ်အမှုထမ်းတွေ ခန့်ရတယ်။

ငှက်ရှာတဲ့လူ။

ငှက်အစာကျွေးတဲ့လူ။

ငှက်စာရှာတဲ့လူ။

ချိုး၊ ကြက်၊ ခါတွေကို တိုက်ကြက်၊ တိုက်ချိုး၊ တိုက်ခါဖြစ်အောင် လေ့ကျင့်ပေးရတဲ့သူ အမှုထမ်းတွေ ခန့်ရတယ်။

အဲဒီ အမှုထမ်းတွေထဲမှာ ဘိုင်ဆပ်ရဲ့ လူရင်းတပည့် ကုလားရော ဗမာရော ပါတယ်။

အချို့ငှက်တွေက သင်ပေးရင် စကားပြောတတ်တယ်။

သာလိကာတို့၊ ကြက်တူရွေးတို့ဆိုရင် လူစကားသင်ပေးလို့ နားရည် ဝရင် လူလိုပဲ စကားပြောတတ်တယ်။

ဘိုင်ဆပ်က ငှက်တွေ၊ လူစကားတစ်ခွန်းနှစ်ခွန်း သုံးလေးခွန်းက နေ နာမည်ပါခေါ်တတ်အောင် သင်ကြားပေးပြီး ဘုရင့်ထံဆက်သတော့ . . .

လူစကား၊ လူနာမည်ခေါ်တတ်တဲ့ သာလိကာတို့၊ ကြက်တူရွေး တို့ကို အရမ်းသဘောကျတာ။

www.burmeseclassic.com

www.burmeseclassic.com



ဘိုင်ဆပ်ကိုလည်း တော်လှချည်ရဲ့ဆိုပြီး ဆုတွေလာဘ်တွေ ချီးမြှင့် ....။ ဒီလိုနဲ့ တိရစ္ဆာန်တွေများလာလို့ ဘိုင်ဆပ်ကို တိရစ္ဆာန်ဝန် ခန့်ပြီး တိရိစ္ဆာန်ရုံကို ကြီးကြပ်အုပ်ချုပ်စေတယ်တဲ့ခင်ဗျာ။

ခန့်ချင်တဲ့အလုပ်သမား သူ့ပဲ ခန့်တယ်။

"ဘိုင်ကြီး ကျွန်တော့်ကို အလုပ်ခန့်ပါ ဘိုင်ကြီး"

"ဟ .... ဘုရင်ရဲ့ တိရစ္ဆာန်ဥယျာဉ်တော်မှာ အလုပ်ခန့်တယ် ဆိုတာ တွေ့ရာလူခန့်လို့ မရဘူးကွ။ တိရစ္ဆာန်တွေရဲ့ သဘာဝကို နားလည်တဲ့လူ၊ တိရစ္ဆာန်ငှက်မျိုးစုံကို ဒဏ်ရာမရအောင် ဖမ်းနိုင်တဲ့လူ၊ တိရစ္ဆာန်တွေ ကြိုက်နှစ်သက်တဲ့ အစားအစာအကြောင်း တတ်သိနားလည်တဲ့လူ၊ တိရစ္ဆာန်တွေ မကျန်းမာရင် ဆေးကုသပေးနိုင်တဲ့လူ၊ တိုက်ခိုက်တတ်တဲ့ တိရစ္ဆာန် ကြက်၊ ခါ၊ ဂျိုးတွေကို တိုက်တတ်၊ ခွပ်တတ်၊ ရဲစွမ်းရှိအောင် သင်ပေးနိုင်တဲ့ ကျွမ်းကျွမ်းကျင်ကျင်ရှိတဲ့လူမှ ခန့်လို့ရတာကွ"

"ကျွန်တော် အဲဒါတွေ နားလည်ကျွမ်းကျင်ပါတယ် ဘိုင်"

"မင်းနားလည်တယ်ဆိုတိုင်း ငါက ခန့်ရမှာလား"

ကုလားဘိုင်ဆပ်က ပုဂံမင်းသားရဲ့ လူရင်းလူယုံလေ။

ကျွမ်းကျင်တဲ့ ငှက်ဖမ်းသမားလေ။

တိရစ္ဆာန်ဝန် ဖြစ်နေပြီလေ။

တိရစ္ဆာန်ငှက်မျိုးစုံရှိတဲ့ ရုံမှာ သူ တာဝန်ခံ၊ သူ ဩဇာအရှိဆုံး။ ပုဂံမင်းသားရဲ့ တိရစ္ဆာန်ရုံတော်အနီးကို ဘယ်လိုလူမျိုးမှ ချဉ်းကပ်လာ ကြည့်လို့ မရဘူး။

ဘယ်လိုပုဂ္ဂိုလ်မှ အဝင်အကာပ်မခံဘူး။

"တိရစ္ဆာန်ရုံကိုကြည့်ချင်ရင် ပုဂံမင်းသားရဲ့ ခွင့်ပြုချက်ရမှ ကျုပ် ကြည့်ခွင့်ပေးလို့ရမယ်။ ကြည့်ရုံပဲကြည့်၊ လက်နဲ့ကိုင်လို့ မရဘူး"

ဘိုင်ဆပ်က ဒီလို မာမာကျယ်ကျယ်ပြောတာဗျ။

ပြောရဲတာပေါ့။

သူ့ဆရာ ပုဂံမင်းသားက အိမ်ရှေ့မင်းသားလောင်းလေး



www.burmeseclassic.com

www.burmeseclassic.com


တစ်နေ့ အမရပူရ နေပြည်တော်ကြီးကို အုပ်ချုပ်မင်းလုပ်မည့်သူ။ ဘိုင်ဆပ်က အိမ်ရှေ့မင်းသားရဲ့ မျက်နှာသာပေးခံရတဲ့ ငယ်ကျွန်ရင်း တိရစ္ဆာန်ဝန်။

တိရစ္ဆာန်ဝန်ခန့်ထားတော့ ပြောရဲတာပေါ့။

အဲဒါ မင်းမှုထမ်းပဲဖြစ်ဖြစ်၊ မင်းသမီးတွေပဲဖြစ်ဖြစ် တိရစ္ဆာန်ရုံက တိရစ္ဆာန်တွေကိုကြည့်ချင်ရင် အိမ်ရှေ့မင်းသားရဲ့ ခွင့်ပြုချက်ရမှ ကြည့်လို့ရတယ်။

ပုဂံ အိမ်ရှေ့မင်းသားက တစ်နေ့မေးသတဲ့။

"ဘိုင်ဆပ်"

"အရှင့်သား . . . . အမိန့်တော် နာခံလျှက်ပါ အရှင့်သား"

ဒီကောင်ကုလားဘိုင်ဆပ်က မြန်မာလိုလည်း မွတ်နေတာပဲ။ ဘုရားစကား၊ တရားစကားလည်း လေ့လာထားလို့ လိုရင် ပြောနိုင်တယ်။

"တိရစ္ဆာန်ရုံကို ကြီးကြပ်တာ ငါ့အမိန့် ဘာလို့လိုသတုံး ဘိုင်ဆပ်ရဲ့"

"မှန်ပါ . . . အရှင့်သား။ အရှင့်သားရဲ့ ခွင့်ပြုချက်မရဘဲ ကြည့်ချင်တဲ့လူတွေ နေ့ရောညပါ လာလာကြည့်ကြမယ်ဆိုပါက ဟိုအစာပစ်ကျွေး ဒီအစာပစ်ကျွေး စည်းကမ်းမရှိ လုပ်ကြရင် မတည့်တဲ့အစာစားမိပါက ရှားပါးထိမှာတဲ့ငှက်တွေ အစာအဆိပ်သင့် သေဆုံးကုန်ပါလိမ့်မည် အရှင့်သား"

"အေး အေး . . . ဒါလည်း ဟုတ်လေသားကွယ့် ဘိုင်ဆပ်ရဲ့"

"ကျွန်ရှိပါသေး . . . အရှင့်သား"

"လျှောက်တင်ပါဦး . . . ဘိုင်ဆပ်"

"အချို့က တိရစ္ဆာန်တွေလန့်အောင် တုတ်နဲ့ထိုးလိုထိုး၊ ခဲလုံးနဲ့ပစ်လိုပစ်၊ အသံကျယ်ကျယ်တွေနဲ့ ခြောက်လှန့်ဆော့ကစားကြပါတယ် . . အရှင့်သား။ အဲဒီလို ဆော့ကစားကြတော့ အရိပ်တကြည့်ကြည့် တယုတယ မွေးမြူထားရတဲ့ ယဉ်ပါးစငှက် တိရစ္ဆာန်တွေ လန့်ဖျပ်ပြေးလွှားပုံရင်း အတောင်တွေ ခြေလက်တွေ ထိခိုက်ကျိုးပဲ့နိုင်ပါတယ် အရှင့်သား။ အရှင့်သား ချစ်မြတ်နိုးတော်မူတဲ့ ကျေးငှက်အလိမ္မာ တိရစ္ဆာန်တွေ ထိခိုက်ဒဏ်ရာရရင်၊



www.burmeseclassic.com

www.burmeseclassic.com



မျိုးမပွားနိုင်ရင် အရှင့်သားက ကျွန်တော်မျိုး တိရစ္ဆာန်ဝန်ကို အပြစ်တော်ရှုရင် ကျွန်တော်မျိုး အကျိုးနည်းရပါလိမ့်မည် အရှင့်သား''

''အိမ်း . . . အိမ်း . . . ဒါလည်း ဟုတ်ပေသားကွယ်။ ဒီလိုတော့ အပြစ်မခံနိုင်ဘူး ဘိုင်ဆပ်ရဲ့။ ငါမြတ်နိုးတော်မူတဲ့ ကျေးငှက်သတ္တဝါတွေ အကျိုးမျက်စီးမှာတော့ မဖြစ်ပေဘူး။ မောင်မင်းလျှောက်တင်တာလည်း သဘာဝကျတယ်။ ကောင်းပြီ . . . ငါ့ခွင့်ပြုချက်မရဘဲ မည်သူမျှ တိရစ္ဆာန်ရုံတော်အနီး မချဉ်းကပ်စေရဘူးကွယ် ဟုတ်ရဲ့လား''

''မှန်ပါ အရှင့်သား''

ဘိုင်ဆပ်က အဲဒီလို အကင်းပါးလာဘ်မြင်တတ်တယ်။

ဘုရင့်အသည်းစွဲ တိရစ္ဆာန်ရုံကို အမှီပြုပြီး သူ့ဩဇာကို ထူထောင်တယ်။ ဒါကြောင့် ဘုရင် (အိမ်ရှေ့မင်းသား)ရဲ့ တိရစ္ဆာန်ရုံတော်မှာ အလုပ်လုပ်လိုရင် ဘိုင်ဆပ်က ခန့်ပါဆိုမှ အလုပ်ခန့်ရတယ်။ ငှက်ဥယျာဉ်တော်မှာ အလုပ်သမားတွေမှ အများကြီးပဲ။

ခုလည်းကြည့်၊ အလုပ်လိုချင်လို့ ဘိုင်ဆပ်ကို အသနားခံနေကြတာ။ ဗမာလည်းပါတယ်။ ကုလားလည်း ပါတယ်။

ငှက်ဖမ်းသမားတွေလေ။

အလုပ်ကို ခန့်ချင်တိုင်းခန့်လို့ မရဘူးလို့ ပြောနေတာ။

''ဘိုင်ကြီး''

''ဘာတုံး''

''ချွန်တော် ငှက်ထောင်သမားပါ ဘိုင်။ ငှက်တွေအကြောင်း ကောင်းကောင်းသိပါတယ် ဘိုင်''

''ကျွန်တော်လည်း မုဆိုးအလုပ် ကျွမ်းပါတယ် ဘိုင်ကြီး''

''ဒီမှာ မင်းတို့ဘာသာ ရွှေဟင်္သာပဲဖမ်းဖမ်း၊ ဥဒေါင်းပဲဖမ်းနိုင်ဖမ်းနိုင် စွယ်စုံဆင်ပဲ ဖမ်းနိုင်ဖမ်းနိုင် ငါခန့်မှ မင်းတို့ အလုပ်ရမှာလေ နားမလည်ဘူးလား''

''ချွန်တော် ကျေးဇူးမမေ့ပါဘူး ဘိုင်ကြီး''

''ကျွန်တော်လည်း ဘိုင်ကြီးကို မမေ့ပါဘူးခင်ဗျ''



www.burmeseclassic.com

www.burmeseclassic.com


"ကျေးဇူးက အကြွေးမရဘူ ကိုယ့်လူတို့။ မင်းတို့ ငါအုပ်ချုပ်တဲ့ တိရစ္ဆာန်ရုံမှာ အလုပ်လုပ်ချင်ရင် ငါ့ကို ရွှေဒင်္ဂါးငါးပြားပေးမှ အလုပ်ရမယ် ဘယ့်နှယ့်"

"ချွန်တော် ပေးပါ့မယ် ဘိုင်ကြီးခင်ဗျာ"

"ဟိုကောင်ကရော"

"ပေးပါ့မယ် ဘိုင်"

"ဒီလိုပေးနိုင်ရင်တော့ ငှက်ချေးကျုံးတဲ့ အလုပ်က စဝင်ရမယ်"

"ဗျာ ..."

"ဘာလဲ ... အောက်ခြေသိမ်းက စပြီး မလုပ်နိုင်ဘူးလား"

"အဲ ... အဲ ... လုပ် ... လုပ်ပါ့မယ် ... ဘိုင်ကြီး ... ခင် .. ဗျာ"

ဘိုင်ဆပ်က မြို့ဝန်အကြီးချုပ် မဖြစ်ခင်ကတည်းက လာဘ်ပေး လာဘ်ယူ လုပ်တယ်။ ဘုရင့်ဩဇာကို အလွဲသုံးတယ်။

"ဦးသူတော် ..."

သံတော်ဆင့်မင်း အဝေးကျိဝန်က ကျုပ်စကားအဆုံးမှာ ကျုပ်ကို ကြည့်ပြီး ခေါ်တယ်။

"အမိန့်ရှိပါ ... သံတော်ဆင့်မင်း"

"ဦးသူတော်က အတော် နှံ့နှံ့စပ်စပ်ကို သိတယ်နော်"

"လေ့လာတဲ့ ဝါသနာက ကျုပ်ဝါသနာကိုး သံတော်ဆင့်မင်းရဲ့"

"အမှန်က မြို့ဝန်နေရာမှာ ဘိုင်ဆပ်မဖြစ်သင့်ဘူးဗျာ၊ ဦးသူတော် ဖြစ်ရမှာ"

"မလုပ်ပါနဲ့ ... သံတော်ဆင့်မင်းရယ် ... အုပ်စုတွေ ဖွဲ့နေတဲ့ နန်းတွင်းမှာ ဆင်ချေးကျုံးတဲ့ အလုပ်ပေးတောင် လုံးဝပါပဲဗျာ"

"မလုပ်ချင်ရင်လည်း မြို့ဝန်ဘိုင်ဆပ်ခေါ် တိရစ္ဆာန်ဝန်ရဲ့ အကြောင်းလေး ဆက်စမ်းပါဦးဗျာ ... စိတ်ဝင်စားစရာ ကောင်းလွန်းလို့ပါဗျာ"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [၈]

❑

ရွှေဘိုမင်းရဲ့ အရိုက်အရာကို သားတော် ပုဂံမင်း ဆက်လက်စိုးစံတော်မူတယ်။ ရှေ့မှာပြောခဲ့သလို ထီးဆောင်းဥကင်တော်မင်္ဂလာ ဖွင့်ပြီးနောက် . . .

အိမ်တော်ပါ ငယ်ကျွန်အလုပ်အကျွေးတွေကို အသီးသီး ရာထူးပေးသူကောင်းပြုတော်မူတယ်။

မိဖုရားတွေ၊ ညီတော်တွေကိုလည်း ဘွဲ့တံဆိပ်တော်တွေနဲ့ မြို့စားရွာစားဘွဲ့ ချီးမြှင့်သူကောင်းပြုတော်မူတယ်။

အဲဒီမှာ တိရစ္ဆာန်ဘိုင်ဆပ်ကို ပုဂံမင်းတရားကြီးက မြို့ဝန်ချုပ်ရာထူးပေးချီးမြှင့်တာ။

နန်းတွင်းမှာရှိတဲ့ ဝန်ကြီး၊ မှူးကြီး၊ မတ်ကြီးတွေ ဘာမှမပြောရဲဘူး။ မဝေဖန်ရဲဘူး။ ဝေဖန်ရင် သေဒဏ်။

ငယ်ကျွန်ရင်းပေါ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



မင်းတရားကြီး မြတ်နိုးနှစ်သက် ဝါသနာပါတဲ့ ကြက်၊ ငှက်၊ ဥဒေါင်း ချိုး၊ ခါ တိုက်သတ္တဝါတွေရော၊ အလှအပ တိရစ္ဆာန်တွေရောကို အိမ်ရှေ့မင်းသားဘဝကတည်းက ရှာဖွေစုဆောင်း အပန်းတော်ပြေအောင် ဆောင်ရွက်ခဲ့တဲ့ ငယ်ကျွန်ရင်းလေ။

ဘုရင့်ဝါသနာဆိုတော့ ဘယ်သူက မသင့်တော်ပါဘူးဘုရား ...
မပြောရဲဘူး။ မြှောက်ပင့်ပေးတာပဲ ရှိတယ်။

အရှင်မင်းကြီးရဲ့ ရွှေကြက်ဖတိုက်ကြက်ကြီးက လည်ဆံမွေးများ ထောင်လာရင် ကေသရာဇာခြသေ့်မင်း ဟန်ပန်မျိုးဘုရား။

အဲလိုမြှောက်ပြောရင် ဘုရင် ရွှေဘောတော်ကျတယ်။

အရှင်မင်းကြီးရဲ့ ခါကတော့ တိုက်တိုင်းအောင်၊ ပွဲတိုင်းကျော်ပဲ ဘုရား။ ဒီလို ခါမျိုး တစ်တောလုံးရှာရင်တောင် တွေ့နိုင်ဖွယ်မရှိကြောင်း ပါဘုရား။

ဘုရင့်အကြိုက်လိုက်ပြောပြီး အခွင့်အရေး ယူနေတာ။

ရှင်ဘုရင် ကျေးငှက်တိရစ္ဆာန်တွေနဲ့ ပျော်ပါးဝိုင်းဖွဲ့နေတာ မနှစ်သက်တဲ့ ဝန်ကြီးတွေ မင်းသားညီတော်တွေ ရှိသားပေါ့ဗျာ။

ဘုရင်ကိုယ်တိုင် နှစ်သက်ဝါသနာပါနေ၊ မြှောက်စားနေတာကို ဘယ်လိုလုပ် ကန့်ကွက်ဝေဖန်ရဲမှာလဲ။

ရာထူးပြုတ်သွားနိုင်တယ်။

မဲဇာ အပို့ခံရနိုင်တယ်။

အခန့်မသင့်ရင် ဝေဖန်ရင် သေဒဏ် ဖြစ်သွားနိုင်တယ်။

ပုဂံမင်းရှင်ဘုရင်ဖြစ်တော့ ငယ်ကျွန်အိမ်တော်ပါတွေ ကောင်းစားကြပါရော။

အဲဒီမှာ တိရစ္ဆာန်ဝန် အိမ်တော်ပါ ငယ်ကျွန်လူမျိုးခြား ဖေဒအာရီကုလားကို မြို့ဝန်ချုပ်အဖြစ် မြှောက်စားခဲ့တာ။

မြို့ဝန်တောင် မြို့ဝန်ချုပ်ဗျ။

ရိုးရိုးမြို့ဝန် မဟုတ်ဘူး။

မြို့ဝန်ပေါင်းနှစ်ဦး၊ ရွှေမြို့တော်မှာ ခန့်ထားတာရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီ မြို့ဝန်ဟောင်းနှစ်ဦးကို ထပ်ဆင့်ကြီးကြပ်အုပ်ချုပ်ရတဲ့ အကြီးအမှူး မြို့ဝန်ရာထူး ပေးလိုက်တာ။

အဲဒီလို မြို့ဝန်ကြီးရာထူးရပြီးတဲ့ အချိန်ကစပြီး ဘိုင်ဆပ် လူပါးဝ အနိုင်ကျင့် နှိပ်စက် ပြုတော့တာပဲ။

မြို့ဝန်ရဲ့ လက်အောက်မှာ မြို့စာရေးဆိုတာ ရှိတာတော့ သံတော်ဆင့်မင်းလည်း သိပြီးသားပါ။

မြို့ဝန်ဘိုင်ဆပ်က သူ့လက်အောက်မှာ ခန့်မည့် မြို့စာရေး ရှာတယ်။ ဘယ်သူ့ကို မြို့စာရေး ခန့်ရမလဲ။

မြို့ဝန်ရဲ့အလုပ်က အလွန်ကြီးမားတာလေ။

အမရပူရ ရွှေမြို့တော်ရဲ့ လုံခြုံရေးကိစ္စ အပ်ကျတာအစ သိထားရတယ်။ ဘုရင်ထီးဘုရား မကောင်းကြောင်း၊ ဘယ်မြို့သားပြောနေသလဲ၊ စုံစမ်းအရေးယူရမယ်။

လူစုလူဝေးဖြစ်ရင် အဲဒါ ရှင်းပစ်ရမယ်။

သူခိုးသူဝှက်၊ ဓားပြ၊ အရေးယူရမယ်။

အချို့ ထောင်ဒဏ်၊ အချို့ သေဒဏ်ပေးရမယ်။

ရွှေမြို့တော်မှာ ဘယ်သူတွေ ချမ်းသာနေလဲ၊ ဘာကြောင့်ချမ်းသာရသလဲ သိထားရတယ်။

ရွှေမြို့တော်မှာ လူဦးရေ ဘယ်လောက်ရှိတယ်။

ကျားက ဘယ်မျှ၊ မက ဘယ်မျှရှိတယ်။ သိထားရတယ်။

ကျွဲ၊ နွား၊ လှည်း၊ ကုန်စုံဆိုင်၊ ဘုန်းကြီးကျောင်း၊ ပန်းပဲဖို၊ ဘယ်နှခုရှိတာ မြို့ဝန်အကုန်သိနေရတာလေ။

ဘုရားဘယ်နှဆူရှိလဲ၊ သိမ်ဘယ်နှခုရှိလဲ၊ ဘုန်းတော်ကြီး ဘယ်နှပါးရှိလဲ။ ကိုရင် ဘယ်နှပါးရှိလဲ မြို့ဝန်ကြီး သိထားရမယ်။

မြို့ထဲမှာ ဧည့်စိမ်း လူစိမ်းရှိရင် ဘယ်သူလဲ၊ ဘယ်အရပ်ကလာတာလဲ၊ ဘယ်နရက် ဘယ်အိမ်မှာ တည်းခိုမှာလဲ မြို့ဝန်ကြီး သိထားရတယ်။

အနီးဝန်းကျင်ရွာတွေမှာ ရွာစားက ဘယ်သူတုံး။

လယ်ခွန် ဘယ်လောက်ရတုံး။



www.burmeseclassic.com

www.burmeseclassic.com



ဆူဆူပူပူ ပြဿနာကောင် ဘယ်သူရှိတုံး။

မြို့ဝန်ချုပ်ကြီး သိထားရတယ်။

ကုန်ကုန်ပြောရင် ရွှေမြို့တော်မှာ ဘယ်သူ့သမီး ရုပ်ဆင်းအင်္ဂါ ချောမောလှပတာကစ မြို့ဝန်ကြီး ဘိုင်ဆပ် သိထားရတယ်လေ။

ဒီကိစ္စတွေကို ဘုရင်မင်းတရားကြီးက သိချင်လို့မေးရင် ဖြေနိုင်ဖို့ လိုတယ်။ မဖြေနိုင် ဘာဖြစ်မလဲ။

ဘိုင်ဆပ်ကတော့ အရေးမဟုတ်လောက်ဘူးလေ။

သူက ဘုရင့်ရဲ့ လူရင်းကျွန်ရင်း။

သို့သော် မြို့ဝန်ကြီးဖြစ်လာရင် ရွှေမြို့တော်မှာ ရှိရှိသမျှ အကုန် သိထားရမှာ မြို့ဝန်ရဲ့အလုပ်ပဲ။

ဒီကိစ္စတွေကို ဘိုင်ဆပ် လိုက်မလုပ်နိုင်ဘူး။

စာလည်းတတ်တာ မဟုတ်ဘူး။

ကုလားစကားနဲ့ မြန်မာစကားပဲ ပြောတတ်တယ်။ မြန်မာစကား တော့ မွတ်နေအောင်တတ်တဲ့ကောင်ဗျာ။

စောစောက မြို့အရေးကိစ္စတွေကို သူ့ကိုယ်စား လိုက်လံစုံစမ်း မှတ်တမ်းတင်ဖို့ မြို့စာရေးလူယုံတစ်ဦး လိုအပ်တယ်။

မြို့စာရေးဆိုတာ ပြောရေးဆိုရေး တတ်ရမယ်။

စာလည်းတတ်ပြီး အမြော်အမြင်ရှိတဲ့လူလည်း ဖြစ်ရမယ်။ ဒီ ရွှေ မြို့တော်အကြောင်း နောကျေအောင်သိတဲ့လူရွယ်လည်း ဖြစ်ရမယ်။

ဘိုင်ဆပ်အနေနဲ့က ကြက်ငှက်တိရစ္ဆာန်နဲ့ လယ်ကွင်းယာကွင်း အကြောင်းပဲ နှံ့စပ်ကျွမ်းကျင်တာလေ။

မှန်တဲ့အတိုင်းပြောရရင် သူလို ငှက်ဖမ်းသမားကို ရွှေမြို့တော်က သိပ် သဘောကျတာ မဟုတ်ဘူး။

ဘုရင့်ရွှေနန်းတော်ထဲက ရှိရှိသမျှ အမှုတော်ထမ်းတွေကလည်း သဘောမကျဘူး။ သို့သော် ဘုရင်က လူရင်းကျွန်ရင်းမို့ သဘောကျရင်း ချီးမြှင့်မြှောက်စားတော့ ....

ဘာတတ်နိုင်မှာလဲ။



www.burmeseclassic.com

www.burmeseclassic.com



"မှန်တဲ့အတိုင်း ဝန်ခံရရင် ကျုပ် အဲဒီအချိန်ကာလတုန်းက အဝေးမှာ တာဝန်ကျနေတော့ မြို့ဝန်ဘိုင်ဆပ်နဲ့ မြို့စာရေး ငပိန်တို့ရဲ့ ပြဿနာဇာတ်လမ်းစုံကိုတိတိပပ မသိခဲ့ရပါဘူး ... ဦးသူတော်။ ကျုပ် နောက်ဆုံးကြားရတာက မြို့ဝန်ဘိုင်ဆပ်တို့ကို ရာဇဝတ်သင့်တော့ သုသာန်ကုန်းမှာ ဖိုးသူတော်ကြီးဦးရန်အောင်ဖေ့ကိုယ်တိုင် ဓားမကြီးနဲ့ ရင်ခွဲသတ်တယ်ပဲ ကြားရကိုးဗျ။ ခုပြောပုံဆို မြို့ဝန်ဘိုင်ဆပ်ကို ဦးသူတော်က မသတ်ဘူးပေါ့"

"မသတ်ခဲ့ပေါင်ဗျာ"

"ဒါဖြင့် ဦးသူတော်က ငါ့သားကိုသတ်တဲ့လူယုတ်မာ ဘိုင်ဆပ်ကို ငါကိုယ်တိုင် သတ်မယ်လို့ ဝိုင်းကြည့်ရပ်ကြည့်တဲ့လူတွေကို ဘာကြောင့် ပြောခဲ့တာတုံး၊ မသတ်ဘဲ ညာပြောရင် ရှစ်ပါးသီလ စောင့်ထိန်းရတဲ့ ဦးသူတော် မုသာဝါဒကံ မထိုက်ပေဘူးလား။ ဘာကြောင့် လူသတ်ကုန်းကို ဓားထမ်းလိုက်ရတာတုံးဗျာ။ အဲဒီ လျှို့ဝှက်ထူးခြားချက်ကို သိပါရစေ ဖိုးသူတော်ကြီးရယ်"

အင်း .... ဒီကိစ္စတွေက အမရပူရ ရွှေမြို့တော်မှာ ပုဂံမင်းတရားကြီး မင်းလုပ်အုပ်ချုပ်ချိန်က ဖြစ်ခဲ့၊ ပြီးခဲ့တဲ့ ကိစ္စတွေပါ။ ပြီးသွားပြီလို့ ယူဆခဲ့ပေမင့် ...

ခုတော့ ... အမရပူရ သမိုင်းမှာ ကျုပ် ဖိုးသူတော် ဦးရန်အောင်ဖေ့ လူသတ်သမားကြီးဖြစ်နေတာ သံတော်ဆင့်မင်း အဝေးကျိုဝန်ရဲ့ မေးမြန်းဆွေးနွေးချက်ကြောင့် သိရပြီဗျာ။

ကျေးဇူးကန်းတဲ့ ကုလားမြို့ဝန် လူယုတ်မာ ဘိုင်ဆပ်နဲ့၊ အမျိုးသားသစ္စာဖောက် မြို့စာရေးငပိန်တို့ လူယုတ်ကန်းတွေ ကျုပ်ကိုယ်တိုင် သတ်ချင်တာပေါ့။

အမရပူရ နေပြည်တော်တစ်ဝှမ်းက နန်းတွင်းသူ၊ နန်းတွင်းသားတွေရော၊ မြို့တော်သူ မြို့တော်သားတွေရော ဘိုင်ဆပ်နဲ့ ငပိန်တို့ကို အသေခြေပစ်ချင်အောင် နာကျည်းမုန်းတီးနေကြတာလေဗျာ။



www.burmeseclassic.com

www.burmeseclassic.com



မြို့ဝန်ချုပ်ကြီးအဖြစ် မချစ်သော်လည်း အောင့်ကာနမ်းရတာပဲ ပေါ့။ ဒီလို စာမတတ်၊ ပေမတတ် မြို့ဝန်ကြီး အနေနဲ့ စာတတ်ပေတတ် ယုံကြည်အားကိုးရတဲ့ မြို့စာရေးတစ်ယောက် အလိုရှိခဲ့တာပေါ့ဗျာ။

ဒီမှာ မောင်ပိန်ခေါ် ငပိန်ကို သွားတွေ့တာပဲ။

ငပိန်ကို မြို့ဝန်ဘိုင်ဆပ်က ရင်းရင်းနှီးနှီး သိကျွမ်းတယ်။

ရှင်ဘုရင် ပုဂံမင်းရဲ့ အကြိုက်တွေကို လုပ်ဖို့လမ်းညွှန်တာလည်း ငပိန်ပဲ။

ဒီကောင် ငပိန်က သူ့ငှက်ဥယျာဉ်တော်မှာ ဝိုင်းဝန်းကူညီပေး တဲ့လူ။ စာလည်းတတ်တယ်။ အပေါင်းအသင်းလည်း စုံတယ်။

ဘိုင်ဆပ် တစ်နေ့ အကြီးအကဲဖြစ်မှာကို ကြိုတင်ပြီး နိမိတ်ဖတ်ခဲ့ တဲ့လူရင်း . . . သူ့ကိုလည်း ရိုသေကိုင်းရှိုင်းတယ်။

ဘိုင်ဆပ် အကြီးအကဲဖြစ်ရင် သူ့ကိုလည်း မမေ့ပါနဲ့လို့ ပြောခဲ့ တဲ့တပည့်။ မြို့စာရေးဆိုရင်တော့ မိမိနဲ့မျိုးတူ ဖေဒဘာရီစပ်တွေ ခန့်လို့ မသင့်ဘူး။

ဒါကြောင့် ငပိန်ကို မြို့စာရေးခန့်လိုက်တယ်။

ကျေးဖူးရှင် ဘုရင်မင်းမြတ်ကိုလည်း မြို့စာရေးကြီးအဖြစ် မောင်ပိန် ကို ခန့်အပ်ပြီးကြောင်း တင်လျှောက်တယ်။

ဘာကောင်မှ မဟုတ်တဲ့ ဖွတ်ကြားငပိန်လည်း မြို့ဝန်ဘိုင်ဆပ်ကို မှီပြီး မြို့စာရေးကြီး ရာထူးနဲ့ ရင်ကော့လာပါရော။

မြို့စာရေးဆိုတဲ့ ရာထူးက ပေါ့သေးသေးမဟုတ်ဘူးလေ။

မြို့ဝန်နားကို ပေါက်အောင်ပြောနိုင်တာ မြို့စာရေး။

မြို့ဝန်သနားအောင် ပြောပေးနိုင်တာ မြို့စာရေး။

မြို့စာရေးဆိုတာ စားခွင်တွေ အများကြီး လက်ရရောက်တဲ့ ရာထူး ဒီအချိန်ကစပြီး အမရပူရ ရွှေမြို့တော်ကြီးမှာ မြို့ဝန်ဘိုင်ဆပ်ဆိုတဲ့ မျိုးမစစ် နဲ့ မြို့စာရေးမောင်ပိန်တို့ ဘုန်းတန်ခိုးကြီးထွားပြီး ကြီးပွားချမ်းသာရေးကို မှန်သမျှကို မတရားနိုင်လိုမင်းထက် လုပ်ကိုင်ရှာဖွေတော့တာပါပဲ ခင်တော် ဆင့်မင်းရေ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [၉]

❑

ဖေဒဘာရီကုလားစပ် မြို့ဝန်ဘိုင်ဆပ်က အကြံဉာဏ်တော့ ကြီးသားဗျာ။ ဒီအကြံဉာဏ်တွေကိုလည်း တပည့်ကျော် မြို့စာရေးကြီး ကိုမောင်ပိန်က အကြံကောင်းများပေးဆိုပဲဗျာ။

ဒီလိုဗျ . . .

ဘုရင့်တိရစ္ဆာန်ရုံ ဥယျာဉ်တော်က တောင်ဥယျာဉ်တော်ထဲမှာရော မြောက်ဥယျာဉ်တော်ထဲမှာပါရှိတာဗျ။

ငှက်မျိုးစုံ အပါအဝင် တိရစ္ဆာန်အစုံရှိတယ်။

တိရစ္ဆာန်စုံ အမှုထမ်းတွေကလည်း အများကြီး ဘိုင်ဆပ်က ခန့်ထားတာဗျာ။ အထူးသဖြင့် ချိုး၊ ခါ၊ တိုက်ကြက်နဲ့ အလှကြက်မျိုးစုံရှိတယ်။

လူစကားပြောတတ်တဲ့ သာလိကာတွေ၊ ကြက်တူရွေးတွေ အများကြီးရှိတယ်။ ဒေါင်းငှက်အရွယ်စုံ ရှိတယ်။ အဲဒီငှက်မျိုးစုံစားဖို့ ရိက္ခာအမျိုးမျိုးကို စုဆောင်းပေးရတယ်။

လတ်ဆတ်တဲ့ မြေဇာမြက်ညွန့်တို့။



www.burmeseclassic.com

www.burmeseclassic.com



နှမ်းစေ့၊ လူးစေ့၊ ပြောင်းစေ့၊ စပါးစေ့၊ သန့်သန့်တွေကို ကျီတွေ ပုတ်တွေနဲ့ သိုလှောင်ထားတယ်လို့ဆိုတော့ ငှက်တိရစ္ဆာန်တွေ ဘယ်လောက် များများ မွေးထားတယ်ဆိုတာ စဉ်းစားတော့ဗျာ။

ဒီလို လိုအပ်တဲ့ ငှက်စာမျိုးစုံကို အမှုထမ်းတွေက ရှာဖွေစုဆောင်း ရတယ်။

စပါးစေ့ကောင်းကောင်းကြိုက်တဲ့ တိုက်ကြက်ကြီးတွေ၊ အလှ ကြက်ရောင်စုံတွေအတွက် စပါးလုံးဖူးဖူးပြည့်ပြည့်ရှိတဲ့ လယ်ကွင်းတွေမှာ ရှာရတယ်။

တစ်နေ့ . . . ကိုငကံတို့လယ်ထဲ မြို့စာရေးမောင်ပိန်တို့ ရောက်လာ ပါရောတဲ့ဗျာ။ လယ်က စပါးတွေမှည့်နေပြီ။

စပါးဆံတွေကလည်း ညွတ်နေအောင် သီးပွတ်နေတာတဲ့။ ကုပ် ညွတ်နေတဲ့ စပါးခင်းကိုကြည့်ပြီး မြို့စာရေးငပိန် အရမ်းဝမ်းသာနေတယ်။

နောက်ပါတပည့်ကို မေးတယ်။

"ငဆင်"

"အမိန့်ရှိပါ မြို့စာရေးကြီး"

"ဒီလယ်ပိုင်ရှင်က ဘယ်သူကွ"

"ငကံလို့ခေါ်ပါတယ် မြို့စာရေးကြီး"

"ငါ့ကို သူ့တဲလိုက်ပို့ပေးစမ်း"

ဒါနဲ့ တပည့်ငဆင်က လယ်ပိုင်ရှင် ကိုငကံတို့တဲကို လိုက်ပို့ တယ်။ နောက်ပါတပည့်က ငါးယောက်တောင်။

လူတစ်ရပ်ခန့် တုတ်ရှည်တွေကိုင်လို့တဲ့။

တစ်ယောက်က မြို့စာရေးမောင်ပိန်စားတဲ့ ကွမ်းအစ်ကြီးပိုက် လို့ဆိုပဲ။

"ဖျို့ . . . ငကံ၊ ငကံရှိလားဟေ့"

"ရှိတယ်ဖျို့ . . . ပသူတုံးဗျာ"

"ရှိရင် မြန်မြန်ထွက်ခဲ့ ဒီမှာ မြို့စာရေးကြီးပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



မြို့စာရေးကြီးလို့လည်းကြားရော တဲထဲကနေ ကိုငကံတို့မိသားစု များများသလဲ ထွက်လာပြီး မောင်ပိန်ရှေ့မှာ ဒူးထောက်ထိုင် အရိုအသေပေး လိုတဲ့ဗျ။ ခမျာတွေ မြို့ဝန်ဘိုင်ဆပ်ရဲ့ မြို့စာရေးကြီးလို့ကြားရော ဒူးတုပ် ရင်း တစ်ကိုယ်လုံး တုန်နေတာပဲတဲ့ဗျာ။ မြို့စာရေးဆိုတာ အာဏာပိုင်တဲ့ အရာရှိလို့ သတ်မှတ်သိထားကြတာကိုး။

ပြီး . . . . မြို့စာရေးဦးပိန်ဆိုတဲ့ နာမည်ကလည်း ရွှေမြို့တော်သာမက ဘူး။ နယ်ရောရွာရောမှာ နာမည်ကျော်တဲ့ ပုဂ္ဂိုလ်ကြီးလေ။

"ငကံဆိုတာ မင်းလားဟေ့"

"မှန်ပါ စာရေးတော်ကြီးခင်ဗျာ"

"ဟို . . . မှည့်နေတဲ့လယ်က မင်းလယ်ဆိုကွယ့်"

"ဟုတ်ပါတယ် စာရေးတော်ကြီးခင်ဗျာ"

"ဘယ်နှဧကများ မင်းလုပ်ကိုင်သတုံး"

"လယ်ငါးဧက လုပ်ပါတယ်စာရေးတော်ကြီး"

"စပါးတွေက မျိုးကောင်းပဲကွယ်"

"ဟုတ် . . . ဟုတ်"

"မှည့်ဝင်းနေတာပဲကို"

"ဟုတ် . . . . ဟုတ်"

"ခု ငါတို့လာတာ မင်းလယ်က စပါးတွေဝယ်ဖို့ပဲ"

"ခင်ဗျာ . . . ဟို . . . ဟို"

"ဒီမှာ ငကံ၊ ဟိုတွေဒီတွေမလုပ်နဲ့ ငါတို့ အခုလာတာ မြို့ဝန်မင်း ရဲ့ အမိန့်နဲ့လာတာ။ ဘုရင်ထီးဘုရားကြီးရဲ့ တိရစ္ဆာန်ရုံဒီဒီဒီတွက် ရိက္ခာလာ ရှာဝယ်တာကွ။ မင်းလယ်က စပါးက ဘုရင်မင်းတရားကြီးရဲ့ ငှက်၊ ကြက် တွေ ကြိုက်တဲ့စပါးတွေပဲ။ အဲဒါ ငါတို့ သိမ်းလိုက်ပြီ"

"ဗျာ . . . . စာ . . . စာရေး . . . တော်ကြီး"

"အလကားမသိမ်းပါဘူး ငကံရဲ့။ တန်ရာတန်ကြေး ပေးမှာပါ။ ကဲ . . . ဒင်းပြား"



www.burmeseclassic.com

www.burmeseclassic.com



"ဟို ...ဟို ...ဒီ ...ဒီ စပါးလေးက ဝမ်း ...ဝမ်းစာ အတွက်"

"တယ် ...မင်းက ငါ့ကိုများ ခံပြောတယ်ပေါ့ ဟေ့ ...ဒေန် တို့၊ ငကျန်တို့"

"အမိန့်ရှိပါ ...မြို့စာရေးကြီး"

"ဒီလယ်ကစပါးတွေ အကုန် ဒီနေ့ရိတ်သိမ်းခြွေလှေ့ပြီး ရိက္ခာတော် ရုံအရောက်ပို့ဖို့ လုပ်ကြ၊ ဒါ မြို့ဝန်မင်း အမိန့်"

"အမိန့်အတိုင်းပါ ...စာရေးကြီး"

မြို့စာရေးကြီးမောင်ပိန်က ရွှေဒင်္ဂါးပြားနှစ်ပြားပစ်ပေးပြီး ထွီခနဲ တံတွေးထွေးပြီး လှည့်ထွက်သွားတယ်။ ပြေးပြီး တောင်းပန်မယ်လုပ်တော့ မြို့စာရေးငပိန်ရဲ့ နောက်လိုက်တွေက ကန်ကျောက်ပြီး ဆဲရော။

"သောက်သုံးမကျတဲ့ကောင် မင်း အဖမ်းမခံရတာ ငါတို့ကောင်း လို့ကွ။ ဘုရင့်တိရစ္ဆာန်ရုံတော်အတွက် ရိက္ခာလာဝယ်တာ။ မချေမငံ၊ ကလန် ကဆန်လုပ်တယ်ရယ်လို့။ မင်းတို့ ဒီလယ်မြေပေါ်ကနေ ခွေးပြေးဝက်ပြေး ပြေးချင်လို့လား ငကံ"

"ကြောက် ...ကြောက်ပါတယ်ဗျာ"

"မှန်ပါ မြို့စာရေးကြီး သင့်တော်သလို ဆောင်ရွက်ပါခင်ဗျ လို့ပြောရင် ရွှေဒင်္ဂါး ငါးပြားရဦးမှာ။ ခုတော့ ပေးသမျှပဲ ရပေါ့ကွာ။ မြို့ဝန် မင်းများကြားရင် အာခံတယ်၊ ဗီဆန်တယ်ဆိုပြီး အချုပ်ထဲရောက်၊ နှိပ်စက် ခံရဦးမယ် ခွေးကောင် ထွီ"

အဆူအဆဲ အကန်အကျောက် ခံရသေးတယ်။

နောက်နေ့မှာ လူအင်အားနဲ့ စပါးတွေလာရိတ်၊ ခြွေလှေ့ပြီး မကြာဘူး လှည်းတွေနဲ့ တိုက်ယူသွားတယ်။

ဝမ်းစာတောင် တစ်ပြည်ချန်မထားခဲ့ဘူးတဲ့။

ဟုတ်တယ်။ မြို့စာရေးကြီး ကိုမောင်ပိန် ကိုငကံတို့လယ်က မင်း မည့်နေတဲ့ စပါးတွေကို မြို့ဝန်ဘိုင်ဆပ်ကတစ်ဆင့် ဘုရင့်ရွှေနန်းတော် ငှက် ဥယျာဉ်ကျီတိုက်ထဲ ပို့ဆောင်တယ်။



www.burmeseclassic.com

www.burmeseclassic.com


နောင်အခါ ဘိုင်ဆပ်နဲ့ ငပိန်တို့ အရေးနိမ့်တော့မှ ဖော်ကောင်တပည့်တွေထံကနေ သိရတာ ဒီလို သံတော်ဆင့်မင်းရဲ့။

ငှက်စာ စပါးမျိုးသန့်တစ်ရာကို ရွှေဒင်္ဂါးနှစ်ပြားပေးခဲ့ပြီး စပါးတင်းတစ်ရာအနက်က တင်းငါးဆယ် ဘုရင့်ငှက်စာ ကျီထဲသွင်းပြီး စပါးတင်းငါးဆယ်အတွက် ကျသင့်ငွေ စုစုပေါင်း ရွှေဒင်္ဂါး (.....) ကို ဘုရင့်ဘဏ္ဍာစိုးထံက မြို့ဝန်ဘိုင်ဆပ်က ထုတ်ယူသတဲ့ဗျာ။

"ဒါဆို ကျန်တဲ့ စပါးမျိုးသန့် တင်းငါးဆယ် ဘယ်ရောက်သွားတုံး ဦးသူတော်"

"ကျန်တဲ့ စပါးတင်းငါးဆယ်ကို မြို့ဝန်ဘိုင်ဆပ်နဲ့ မြို့စာရေးမောင်ပိန်တို့က တစ်ဝက်စီဝေယူပြီး ရောင်းစားကြတာပေါ့ သံတော်ဆင့်မင်းရယ်"

"အတော်ဆိုးတဲ့ ကောင်တွေပဲနော်"

"ဒီလိုလုပ်တာ သင်းတို့ကို ဆိုးတယ် မခေါ်သေးဘူးဗျ"

"ဟုတ်လား ... ဒီထက်ဆိုးတာ ရှိသေးသလားဗျာ"

"အများကြီး ရှိတာပေါ့ဗျာ။ ရွှေမြို့တော်အပြင်က လယ်တွေမှာ စပါးမှည့်လို့ မျိုးကောင်းဖြီးခိုင်ရင် ငပိန်တို့ လာသိမ်းတာပဲ။ မြို့ဝန် ဦးဘိုင်ဆပ်ရဲ့ အမိန့်ဆိုပြီး မတန်ရေတန်ရေပေးပြီး အဓမ္မသိမ်းတာ"

"ဟိုလေ ... လယ်တွေ၊ ယာတွေရော မသိမ်းဘူးလား"

"ဘယ်ထားမှာလဲ ... သံတော်ဆင့်မင်းရယ်။ စပါးအထွက်ကောင်းတဲ့ လယ်တို့၊ အသီးအနှံထွက်တဲ့ ယာတွေဆို ငပိန်နဲ့ မြို့ဝန်ဘိုင်ဆပ်ပေါင်းပြီး သိမ်းတာဗျ"

"သိမ်းပုံလေး ပြောပါဦးဗျာ"

"နည်းယူချင်လို့လား သံတော်ဆင့်မင်း"

"ဟား ... ဦးသူတော်ကတော့ ပြောတော့မယ် ဟား ... ဟား ... ဟား ... ဟား ... လုပ်ပုံကိုင်ပုံလေးဗျာ သိချင်လို့ပါ ဦးသူတော်ရာ"



www.burmeseclassic.com

www.burmeseclassic.com


"ပြောင်းတို့၊ လူးဆတ်တို့၊ နှမ်းတို့ အတွက်ကောင်းဖွံ့ဖြိုးတဲ့ လယ်တို့ယာတို့ကို သီးနှံသိမ်းတဲ့ နောက်ပိုင်းမှာ ဘုရင့် ငှက်ဥယျာဉ်၊ ရိက္ခာကန် အတွက်ဆိုပြီး မြို့ဝန်ဘိုင်ဆပ် အမိန့်နဲ့ သိမ်းပြန်ရောဗျာ"

"လျှော်ကြေးကော ပေးလား"

"ဗွီ ... ဝေးသေးရဲ့ဗျာ။ အခမဲ့သိမ်းတာ ဘုရင့်ငှက်ဥယျာဉ်တော် ရိက္ခာစိုက်ဖို့လို့ပြောပြီးသိမ်း၊ ဘုရင့်အထူးရိက္ခာ စိုက်ပျိုးဖို့လို့ အမိန့်ပေးပြီး အခမဲ့သိမ်းတာ။ လျှော်ကြေးတစ်ပြားမှ မရဘူး။ မရတဲ့အပြင် ကြိမ်းသွားသေးသတဲ့"

"ဘယ်လိုကြိမ်းလို့တုံး"

"ဒါ ဘုရင့်ရိက္ခာအတွက် သိမ်းတာ။ ခုချက်ချင်း လယ်ထဲယာထဲက ထွက်။ လူကျန်ရင် လူဖမ်းမယ်။ ခွေးကျန်ရင် ခွေးဖမ်းမယ်။ ကဏ္ဍကောစ လုပ်ရင်၊ ဟိုပြော သည်တိုင် လုပ်ရင် နောက်နေ့ နေထွက်တာ မမြင်ရဘူး ကြိမ်းဝါးတော့ ထွက်ပေးရတာပေါ့။ မျက်ရည်နဲ့ မျက်ခွက် ဒုက္ခရောက်တာ ပေါ့ဗျာ။ ပြီး အဲဒီလယ်တွေယာကောင်းတွေ မြို့ဝန်ဘိုင်ဆပ်နဲ့ မြို့စာရေးငပိန် တို့က ဝေယူပြီး သူပိုင်အနေနဲ့ လုပ်တာ။ ထွက်သမျှ ဘုရင့်ထံသွင်းတာ ရောင်းစားတာ။ ရွှေမြို့တော်မှာ သူတို့နှစ်ဦး နေ့ချင်းညချင်း ချမ်းသာသွား တယ်။ ဘယ်သူမှလည်း ဟိုတိုင်သည်တော မပြောရဲဘူး။ တိုင်တယ်၊ တော တယ်။ သိုးသိုးသန့်သန့်ကြားရင် တပည့်လူမိုက်တွေ ညဘက်လွှတ်ပြီး ကိစ္စပြတ်ရှင်းခိုင်းတာပဲ။

"ပိုဆိုးတာလေးတွေ ပြောပါဦးဗျာ။ စိတ်ဝင်စားလို့ပါ"

"ဟုတ်လား ... ဒီထက်ဆိုးတာ ရှိသေးလားဗျာ"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၁၀ ]

❑

ဘုရင်မင်းမြတ် နှစ်သက်မြတ်နိုးစွာ မွေးမြူထားတဲ့ တိရစ္ဆာန်ဥယျာဉ်ထဲက ချိုးတို့၊ ခါတို့၊ တိုက်ကြက်တို့ဆိုတာ ပိုးကောင်မွှားကောင်တွေ ကြိုက်တယ်။ ပိုးကောင်မွှားကောင်စားရတော့ ကြက်၊ ငှက်၊ ချိုး၊ ခါတွေ ဝဖြိုးစိုပြည်သန့်ပြန့်လှပနေတာပဲ။

ဘိုင်ဆပ်ကလည်း တိုက်ကြက်တွေမွေးပြီး လေ့ကျင့်ပေး။

ခါတွေကိုလည်း ခွပ်တတ်အောင် လေ့ကျင့်ပေး။

ပြီးရင် မင်းတရားကြီးကို ရှုစားတော်မူပါဘုရားလို့လျှောက်၊ ပုဂံမင်းကလည်း ငယ်ကတည်းက ဒါမျိုးဝါသနာပါတော့ ဘိုင်ဆပ်တာဝန်ယူတဲ့ ဥယျာဉ်တိရစ္ဆာန်ရုံမှာ လာရှုစား။

ရွှေဘောတော်ကျတာပေါ့ဗျာ။

ကြက်တိုက်၊ ခါတိုက်၊ ချိုးတိုက်ပွဲကို လက်ခုပ်လက်ဝါးတီးပြီး ငယ်မူငယ်သွေးနဲ့ အားပေးကျေနပ်နေတော်မူတာတဲ့ခင်ဗျ။



www.burmeseclassic.com

www.burmeseclassic.com



ဘုရင် ကျေနပ်ဝမ်းသာ ပျော်ရွှင်အောင် လုပ်ပေးနိုင်တော့ မြို့ဝန် ဘိုင်ဆပ် သူကောင်းပြုခံရတာပေါ့။ တိရစ္ဆာန်ရိက္ခာအတွက် ဤမျှငွေတော်ကုန်ပါတယ် ဘုရားဆို ဘဏ္ဍာငွေထိန်းထံ ငွေတိုက်မှာ ထုတ်စေပဲ။ ရိက္ခာဝယ်ဖို့ကုန်ရင် ရွှေဒင်္ဂါးတစ်ရာ ဆိုပါစို့။ မြို့ဝန်ဘိုင်ဆပ် တင်ပြတာ ရွှေဒင်္ဂါး နှစ်ရာသုံးရာပဲ။

မြို့ဝန်ဘိုင်ဆပ် စာရင်းလိမ်ပြပြီး ငွေတော်ထုတ်တာ ငွေတိုက်ဝန်မင်း သိတာပဲ။ မများဘူးလား။ မြို့ဝန်မင်းလို့ မပြောဝံ့ဘူး။ လျှာမရှည်ရဲဘူး။

မြို့ဝန်ကြီးဘိုင်ဆပ်က ကျုပ်တင်ပြတာ မယုံရင် အရှင်မင်းတရားကြီးကို သွားပြောလို့ ပြောရင် ငြိမ်သွားရော။

မြို့ဝန်ဘိုင်ဆပ်က ဘုရင့်အိမ်တော်ပါ ငယ်ကျွန်လေ။

လူရင်းလူယုံလေ။ ဘုရင့်တိရစ္ဆာန်ဥယျာဉ်တာဝန်ခံလေ။

ဟိုတုန်းက တောအုံချုံကြား၊ ကွင်းကြိုကြားကြား ချိုးထောင်၊ ခါထောင်တဲ့ ဘိုင်ဆပ်မဟုတ်ဘူး။ နချီးလူးကုလားစပ်မဟုတ်တော့ဘူး။

မြို့ဝန်ကြီး။

မြို့တော်က မြို့ဝန်ဟောင်းနှစ်ဦးကို အုပ်ချုပ်ကြီးကြပ်ရတဲ့ မြို့ဝန်မှူးကြီး။ မထိမဲ့မြင် ဆက်ဆံလို့ မရဘူး။

ဝန်ကြီးတွေ တန်းတူရည်တူ ဆက်ဆံရတယ်။

မတော် . . . ဘုရင်ကြီးဘုရားကို ဒီဝန်ကြီး ဒီအမတ်ကြီးက အရှင်မင်းကြီးကို ကွယ်ရာမှာ ပြက်ရယ်ပြု လှောင်ပြောင်တော်မူပါတယ် ဘုရားလို့ သွားရောက်ဂုံးတိုက် သံတော်ဦးတင်ရင် . . .

အမေးအမြန်း မရှိဘူး။

ရာထူးကပြုတ်၊ ကြေးတိုက်ထဲ တန်းဝင်ပဲ။

ဒီလို ပုဂံမင်းတရားကြီးက နေရာပေး၊ သူကောင်းမြှောက်ထားတော့ ဘိုင်ဆပ်တို့ ထင်တိုင်းကြဲတာပေါ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com


မြို့ဝန်ဘိုင်ဆပ်ကိုမှီပြီး မြို့စာရေးငပိန်လည်း အာဏာအလွဲသုံး စားလုပ်၊ အနိုင်ကျင့်ခြိမ်းခြောက် လုပ်စားလာခဲ့တာ ခု သူ့ဒွေး ဦးပိန်လို့ ဆောင် အခေါ်ခံ၊ အရိုအသေခံလို့။

ဆက်ပြောရဦးမယ်ဗျ။

ဘုရင့်ရဲ့ တိရစ္ဆာန်ကျေးငှက်တွေက ပိုးကောင်အရှင်တွေ တယ် ကြိုက်ပဲ။ အထူးသဖြင့် မြေကြီးထဲ၊ မြေဆွေးထဲ၊ မြေပွထဲ၊ နွားချေးကျင်းဆွေး ထဲနေတဲ့ မြေပိုးကောင်မြေခွေးလေးတွေကို ပိုကြိုက်တာပဲကိုးဗျ။

ဘုရင့်ကြက်၊ ငှက်၊ ချိုး၊ ခါတွေက မြေခွေးတို့၊ ခြတို့၊ ပုရွက် ဆိတ်တို့၊ သစ်ကပ်ပိုး၊ သစ်ရွက်ပိုးများတွေ့ရင် ခြေနဲ့ယက်။ နှုတ်သီးနဲ့ ထိုးပြီး စားကြတာကလား။

အဲဒါ ဘိုင်ဆပ်နဲ့ မြို့စာရေးငပိန်တို့ ကြီးပွားဖို့ ဖြစ်လာခဲ့တဲ့ ဇာတ် ကောင်းမှုပဲ သံတော်ဆင့်မင်း။

''ဘယ်လို ကြီးပွားတာတုံး''

''မြေခွေးပိုးကောင်တော့ သံတော်ဆင့်မင်း မြင်ဖူးပါလိမ့်မယ်ဗျာ။ နှုတ်သီးဟာ ခြေထောက်မာမာနဲ့ မြေခွေးပိုးကောင်ပေါ့။ တောထဲက မြေခွေး ဆို ခြေလေးချောင်း သားရဲ မဟုတ်ဘူးလေ။

အရွယ်ကလည်း ပုရစ်လောက်ပဲရှိတယ်။ အတောင်လည်း မပေါက် ဘူး။

မြေကြီးပွပွများဆို လက်နဲ့ယက်၊ နှုတ်သီးနဲ့ကော်ပြီး တွင်းတူး နေတဲ့ ပိုးကောင်လေဗျာ။

မြို့ဝန်ဘိုင်ဆပ်တို့အဆိုအရ မြေတွင်းအောင်း မြေခွေးပိုးကောင် ဆို ချိုး၊ ခါ၊ တိုက်ကြက်တို့ စားရသည်ရှိသော် ... ''

သေသေချာချာ ပြောမယ်ဗျာ။

မြေခွေးပိုးတစ်ကောင် စားရရင် အဲဒီ ငုံး၊ ခါ၊ ချိုးကြက်တို့ အသက်တစ်နှစ်ပိုရှည်အောင် အားရှိကျန်းမာသတဲ့ဗျာ။

အဲဒါ ငှက်ဥယျာဉ်အုပ် မြို့ဝန်ဘိုင်ဆပ်က သူ့လက်အောက် ငှက် ဥယျာဉ်အမှုထမ်းတွေကို မြေခွေးပိုး ရှာခိုင်းတယ်။


www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်လူမျိုးသားတွေကို သင်းတို့ နှိပ်စက်ညှဉ်းပန်း၊ နိုင်လိုမင်းထက်ပြု၊ အာဏာအလွဲသုံးစားလုပ်၊ ကိုယ်ကျိုးရှာနေတာ။

ကျုပ်လည်း သင်းတို့ကို မုန်းတာပေါ့။

ကမ္ဘာတည်သရွေ့တိုင် နာကျည်းရှုံ့မုန်းတာပေါ့။

သာမန် လူဝတ်ကြောင်ဘဝနဲ့ဆို ကျုပ်လက်ထဲက ဓားမနဲ့ ရင်ခွဲသတ်ပစ်တာပေါ့။

ကျုပ်က ရှစ်ပါးသီလ စောင့်ထိန်းနေတဲ့ ဖိုးသူတော်ပါ။

ကျုပ် ဘာကြောင့် ဓားထမ်းလိုက်ရသလဲ။

ပုဂံမင်းလက်ထက် ကျုပ် ဘာကြောင့် လူသတ်သမားအဖြစ် ထင်မှတ်ခံရလဲ။

အကြောင်းရှိတယ်ဗျာ။

ဖိုးသူတော် ရန်အောင်ဖွေ လူသတ်တဲ့ နာမည် အမရပူရသမိုင်းမှာ ရှိနေပါကလား။

ဒီသမိုင်းကို ကျုပ် ရှင်းရမယ်။

အဖြစ်မှန်ကို နောင် လူ့သမိုင်းအစဉ်အဆက် သဘောပေါက်အောင် ကျုပ် ရှင်းပြဖို့အချိန်တန်ပြီဗျာ။

ကျုပ် သံတော်ဆင့်မင်း အဝေးကျိုဝန်ဦးလတ်ကို အရမ်းကျေးဖူးတင်တယ်။

သံတော်ဆင့်က ဖိုးသူတော်ကြီး လူသတ်ခဲ့လားဆိုတဲ့ မေးခွန်းမေးလိုက်တာ ကျေးဖူးတင်လိုက်တာ။

ဒီပြဿနာဖြစ်ခဲ့တာက အမရပူရနေပြည်တော်မှာ ပုဂံမင်း အုပ်ချုပ်တဲ့ကာလ ....

လူသတ်ခဲ့တာလားဆိုတဲ့ မေးခွန်းကိုမေးတဲ့ အချိန်ကာလက ရတနာပုံ မြို့တည်နန်းတည် မင်းတုန်းမင်းတရားကြီး ရွှေလက်ထက်တော်မှာ အမေးခံရတာ။

ဒီအကြောင်း အနည်းငယ် ရှင်းပြပါရစေဗျာ။



www.burmeseclassic.com

www.burmeseclassic.com



မြေခွေးပိုးကောင်ဆိုတာ မြို့ပြင် သစ်ဆွေးတုံးဆွေးအောက်။

နွားချေးပုံဟောင်းအောက်၊ ရေဆိုးရှိရာ မြေမှာ တူးဆွရှာရတာဗျ။ သို့သော် မြို့ဝန်ဘိုင်ဆပ်က သူ့တပည့်ငှက်ဥယျာဉ် အမှုထမ်းတွေကို မြို့ပြင်လွှတ် မြေခွေးပိုးကောင် မရှာခိုင်းဘူး။

အမရပူရမြို့ထဲ၊ ရပ်ထဲက အိမ်ခြံမြေမှာ ရှာဖွေစေတာဗျာ။ ဖြစ်ပုံက ဒီလို သံတော်ဆင့်မင်းရေ၊

ကျုပ်က ဖိုးသူတော်ဆိုတော့ သံဃာတွေ၊ ကိုရင်တွေ ဆွမ်းခံကြွရင် ကျုပ်က ရှေ့ကနေ ကြေးစည်လေးရိုက်ပြီး ဘုရားစာများ ရွတ်ဆိုသွားရတာကိုး။

ဒီလိုမှမဟုတ်ရင်လည်း ကြေးစည်တစ်လက်နဲ့ မြို့ထဲရပ်ထဲ ဖိုးသူတော် အလှူခံထွက်ရတော့ ...

အလွန်အရုပ်ဆိုးတဲ့ မြင်ကွင်းကို စ,မြင်ရတာဗျာ။

မြို့ထဲက အိမ်ကြီးတစ်အိမ်ရှေ့မှာ မြို့စာရေး မောင်ပိန်နဲ့ ငှက်ဥယျာဉ်မင်းမှုထမ်းတွေကို ရုတ်ရုတ်ရက်ရက်ဖြစ်နေတာ တွေ့ရရောဗျာ။

ကျုပ်ကလည်း အနီးကပ်ပြီး နားထောင်တာပေါ့ဗျာ။

"ဦးရာကျော် ... ကျုပ်ပြောတာ ခင်ဗျား နားမလည်ဘူးလား ဒါ မြို့ဝန်မင်းဦးဘိုင်ဆပ်ရဲ့ အမိန့်နဲ့ ဘုရင်တိရစ္ဆာန်ဥယျာဉ်တော်အတွက် ငှက်စာ၊ ကြက်စာ မြေခွေးလာရှာတာဗျ"

"မြို့စာရေးကြီးရယ် ... ကျုပ်ခြံထဲမှာ မြေခွေးကောင် လုံးဝ မရှိပါဘူးဗျာ။ မြေခွေးပိုးကောင်ဆိုတာက မြေဆွေးတို့၊ နွားချေးကျင်းတို့လို နေရာမျိုးမှာမှ ရှိတာပါဗျာ"

"ကိုရာကျော် ... ကျုပ်တို့လာတာ ခင်ဗျားခြံထဲမှာ မြေခွေးပိုးတူးဖို့ ရွှေမြို့တော်ဝန်မင်း ဦးဘိုင်ဆပ်ရဲ့အမိန့်နဲ့လာတာ။ ဘုရင်မင်းမြတ်ရဲ့ ငှက်ဥယျာဉ်ရိက္ခာအတွက်လာတာ ခြံတံခါးဖွင့်"

"ဟို ... ဟို ..."

"ဟေ့ ... ဘာကြည့်နေတာလဲ ခြံတံခါးဖျက်ကြစမ်း။ သင်းကို အာခံမှုနဲ့ပါ အရေးယူရမယ် မြန်မြန်ဖျက်"



www.burmeseclassic.com

www.burmeseclassic.com



မြို့စာရေး မောင်ပိန်ရဲ့ အမိန့်စကားအဆုံးမှာ ဥယျာဉ်အမှုထမ်းတွေနဲ့ မြို့ဝန်ဘိုင်ဆပ်ထည့်လိုက်တဲ့ အမှုထမ်း (၇)ဦးတို့ဟာ ဦးရာကျော်ရဲ့ ခြံစည်းရိုးတံခါးကို ပေါက်တူးငန်းပြား၊ တူရွင်းတွေနဲ့ ဖြိုဖျက်ပစ်လိုက်ကြတာ။

ခြံစည်းရိုးတံခါး တစ်စစီဖြစ်ပြီး ပွင့်သွားတယ်။

မြို့စာရေးမောင်ပိန်ရဲ့ နောက်လိုက်တွေဟာ . . . အိမ်ရှင်ဦးရာကျော်ကို ထိုးကြိတ်ကန်ကျောက်ကြပါရောဗျာ။

ဦးရာကျော်ရဲ့ ဇနီးနဲ့ သားသမီးတွေက ဒူးထောက်တောင်းပန်ငိုယိုကြ။ ရာကျော်မျက်နှာမှာလည်း သွေးသံရဲရဲ။

"ရာကျော် . . ."

"ခင်ဗျ . . . မြို့စာရေးကြီး"

"မင်းက ဘုရင့်အမိန့်ကို အာခံတော့ လိုက်ခဲ့"

"မြို့စာရေးကြီး ကျုပ် . . . ကျုပ် တောင်းပန်ပါတယ်ဗျာ။ ကျုပ်ကို မဖမ်းကြပါနဲ့။ တူးကြပါ . . . . ရှာကြပါဗျာ။ တောင်းပန်ပါတယ် မြို့စာရေးကြီးရယ်"

အိမ်ရှင်ရာကျော်ရဲ့ မိန်းမ မမယ်ဥကလည်း ငိုယိုလက်အုပ်ချီပြီး တောင်းပန်တယ်။

"ကျုပ် . . . မြို့ဝန်မင်းကို ပြောလိုက်ရင် ခင်ဗျား ဘယ်လိုဘဝမျိုး ရောက်သွားမလဲ . . . သိလား"

"ကြောက် . . . . ကြောက်ပါတယ် . . . စာရေးကြီးရယ်။ အား . . . ကျွတ် . . . ကျွတ် . . . တူးကြ . . . ရှာကြပါ ကြိုက်သလို တူးကြပါဗျာ"

"ငရင်တို့၊ မာမွတ်တို့"

"အမိန့်ရှိပါ မြို့စာရေးကြီး"

"အိမ်နောက်ဖေးကိုရော၊ အိမ်ရှေ့မှာပါ တူးကြရှာကြ။ မြေမြှုပ်ငွေမချင်း ရှာကြစမ်း"

"ဟုတ်"



www.burmeseclassic.com

www.burmeseclassic.com



မြို့စာရေးနဲ့ ပါလာတဲ့ ငှက်ဥယျာဉ်အမှုထမ်းတွေဟာ အိမ်ရှေ့က ပန်းပင်တွေပါမကျန် တူးဆွရှာကြသလို . . .

အိမ်နောက်ဖေးက ငှက်ပျောပင်တွေ၊ ဗူးပင်နဲ့ ခရမ်းပင်တွေပါ မကျန် တူးဆွလှဲလှန်ရှာကြတာ။

အိမ်ရှင်ရော သားသမီး ဆွေမျိုးတွေရော ဝင်မတားရဲကြဘူး။ မြို့စာရေးမောင်ပိန်ကတော့ ခါးထောက်ပြီး အမိန့်ပေးနေတာပဲ။

"ဟိုအပင်ကို တူးလိုက်စမ်း"

"ဟုတ်ပြီ . . . မြေကြီးကိုဆွ"

"တစ်ကောင်ရပြီ . . . မြို့စာရေးကြီး"

"ဒီမှာ တစ်ကောင် ရပြန်ပြီဗျို့"

တစ်မနက်လုံး တူးကြဆွကြရှာကြတာ နေမွန်းတည့်တော့မှ ရပ်ကြတယ်။ အိမ်ရှေ့ကော၊ အိမ်နောက်ဖေးကော သစ်ပင်ပန်းပင် စားပင် မကျန် လှန်ရှာတာမှ မြေခွေးပိုးကောင် ဆယ်ကောင်ပဲရတယ်။

"နောက်တစ်အိမ် သွားရှာကြ"

မြို့စာရေး ငပိန်တို့ မြေခွေးရှာလူစု ထွက်သွားတော့ အိမ်ရှေ့ကော၊ အိမ်နောက်ဘက်ပါ မြေကြီးမွစာကြနေပြီ။

ထယ်ထိုးထားတဲ့ လယ်မြေလိုဖြစ်နေပြီ။ သစ်ပင်တွေ၊ စားပင်တွေလည်း ကျိုးပြတ်အမြစ်ပေါ်ဖြစ်လို့။

ဘာတတ်နိုင်မှာလဲ။

ဘယ်သူ့ကို သွားတိုင်ရမှာလဲ။

သူက မြို့ဝန်ချုပ်ကြီး ဘိုင်ဆပ်ရဲ့ လူရင်း မြို့စာရေး။

မျက်ရည်တွေသုတ်၊ ကျိတ်ရှိုက်ပြီး မေတ္တာပဲပို့ရင်း ကိုယ့်ဘာသာ မြေပြန်ညှိကြ။

ဒီအဖြစ်အပျက်ကို ခေါင်းရင်းအိမ်ကမြင်ပြီး လန့်နေတယ်။ မကြာပါဘူးဗျာ အဲဒီအိမ်ရှေ့ ရောက်လာပါရော။

"အိမ်ရှင် ရှိလားဟေ့"

"ရှိပါတယ်ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ရှိရင် မြန်မြန်လာ။ မင်းနာမည် ဘယ်လိုခေါ်လဲ"

"ကိုရင်ဆောင်လို့ ခေါ်ပါတယ် . . . မြို့စာရေးကြီး"

"ငဆောင် . . ."

"ခင်ဗျ"

"မင်း အိမ်ခြံထဲမှာ ငါတို့ ဘုရင့်ငှက်ဥယျာဉ်ရိက္ခာအတွက် မြေခွေး ပိုးကောင်တို့ နောက်ချေးပိုးတို့ ရှာမယ်"

"မြို့ . . . . မြို့စာရေး . . . ကြီး . . . ကြီး . . ."

"လျှာမရှည်နဲ့ . . . တံခါးဖွင့်"

အိမ်ရှင်ငဆောင် လျှာမရှည်ရဲပါဘူးဗျာ။ အမြန် တံခါးဖွင့်ပေးရ တယ်။ စောစောကပဲ ခြေရင်းအိမ်က ကိုရာကျော် ဆော်ပလော်တီးခံရတာ မြင်ရဉ်စွာ။

အခန့်မသင့်လို့ ဓားဆွဲမိရင်တောင် သူပုန်အမည်တပ်ပြီး လက်မနဲ့ အချုပ် တန်းရောက်နေရဦးမယ်။

တံခါးဖွင့်ပေးရတယ်။

မြို့စာရေးမောင်ပိန်ရဲ့ လူတွေက ပေါက်တူးငန်းပြား တူရွင်းတွေ နဲ့ အိမ်ရှေ့ကော အိမ်နောက်ဖေးကော တူးဆွကြပါရော။

မြို့စာရေးကြီးကိုတော့ အိမ်ပေါ်မှာ ပင့်ဖိတ်ပြီး ရေနွေးကြမ်း ထန်း လျက်၊ ပေါက်ပေါက်၊ ငါးခြောက်ဆီဆမ်းနဲ့ ညှို့ခံရသေးတယ်။

မြေခွေးငါးကောင်ရသတဲ့။

မြေကြီးတွေကတော့ ခြေနင်းလို့မရအောင် တစ်ခြံလုံး မွစာကျဲ ထယ်ခွဲသလိုဖြစ်နေပြီ။

နေစောင်းမှ သူတို့အဖွဲ့ ပြန်သွားကြတယ်။

သံတော်ဆင့်မင်း စဉ်းစားကြည့်ပါဗျာ။

မြေခွေးပိုးကောင်ဆိုတဲ့ တိရစ္ဆာန်က မြေကြီးမာမာမှာ မနေဘူးဗျ။ မြင်းချေးတဲ၊ နွားချေးတဲ၊ ဘဲချေးတဲလို မြေပွမြေနုံမှာနေတဲ့ သတ္တဝါ။

ဒီကောင်တွေ သိသိနဲ့ လုပ်နေတာ။

သင်းတို့မှာ အကြံရှိတယ်လေဗျာ။



www.burmeseclassic.com

www.burmeseclassic.com


နောက်နေ့ကျတော့ ကိုမင်းယာဆိုတဲ့ ပန်းပဲအိမ်ကို ရောက်လာကြတယ်။ မြို့စာရေးမောင်ပိန်က ရှေ့က …

ဘုရင့်ငှက်ဥယျာဉ်တော်က ငှက်ထိန်းတွေ။ ကုလားဗမာ အမှုထမ်းတွေက ပေါက်တူးပေါက်ပြား၊ ဝါးဆစ်ဘူးတွေ၊ မြေအိုးတွေနဲ့။

"ဟော့ … မင်းယာ"

"အလို … မြို့စာရေးကြီးတို့ပါလား။ ကြွပါခင်ဗျ ကြွပါ။ ဟဲ့ … မယ်ရှင်တို့၊ မယ်သင်တို့"

"ရှင် … အဖေ"

"ရွှေမြို့တော် ငါတို့ဆရာ မြို့စာရေးကြီးဦးပိန် ရောက်လာသကွယ့်။ စားဖွယ်သောက်ဖွယ်များ အမြန်ချကြစမ်းကွယ့်"

"ဟုတ်ကဲ့ အဖေ"

ပန်းပဲဆရာကြီး သမီးချောနှစ်ဦးက ဖျာတွေခင်း၊ စားစရာတွေ အမြန်ချပေးတယ်။

ငှက်ပျောသီးမှည့်၊ ထန်းလျက်၊ ဆီထမင်း၊ ငါးခြောက်ဖုတ်ဆီဆမ်းနဲ့ ကွမ်းအစ်တော်ကြီး မြို့စာရေးရှေ့ ရိုရိုသေသေ ချပေးလို့။

"မြို့စာရေးကြီး အားရပါးရ သုံးဆောင်ပါခင်ဗျာ။ ဟိုမောင်ရင်တို့လည်း စားပါနော်။ အားမနာနဲ့။ မြို့စာရေးတို့လာမယ်မှန်းကြိုသိရင် ကျကျနန ထမင်းဟင်းပါ စီစဉ်ထားမှာပါဗျာ။ ဒါထက် မြို့စာရေးကြီး ဘယ်လိုအကြောင်းကြောင့်များ ကျုပ်အိမ်ကို ရောက်လာပါလိမ့်ခင်ဗျား"

ပန်းပဲဆရာကြီး ဦးမင်းယာ သူတို့ဘာကိစ္စနဲ့လာတယ်ဆိုတာ သိပြီးသားပါ။ ဘုရင့်ငှက်ဥယျာဉ်တော် ရိက္ခာအတွက် မြေခွေးကောင်ရှာတယ်ဆိုတာ သိပြီးသားပါ။

သို့သော် … မသိချင်ယောင်ဆောင်ပြီး စားဖွယ်များနဲ့ ရိုရိုသေသေ မေးရတာပေါ့။

"ခင်ဗျား ခြံက အတော်ကျယ်တာပဲနော်"

"ဟုတ်ကဲ့ ပန်းပဲလုပ်ငန်းဆိုတော့ မီးနဲ့လုပ်ရတော့ နေရာကျယ်ပါတယ် မြို့စာရေးကြီး"


www.burmeseclassic.com

www.burmeseclassic.com



"လုပ်ငန်းရော အဆင်ပြေရဲ့လား"

"မင်းတရားကြီးတို့က ခား၊ လုံ၊ လက်နက်လိုလို့ အလုပ်အပ်ရင်တော့ အဆင်ပြေပါတယ် . . . မြို့စာရေးကြီး"

"ပန်းပဲဆရာကြီးက ချမ်းသာပုံပဲနော"

"အဲ . . . အဲ . . . ချမ်းသာတယ်တော့ မဟုတ်ပါဘူး မြို့စာရေးကြီးရယ်။ လုပ်ငန်းအပ်ထည်ရရင်တော့ တပည့်တပန်းတွေလည်း ပေးရ ဝေစုဝယ်ရနဲ့ စားစားသောက်သောက်ပါပဲခင်ဗျာ"

"အခု . . . ကျုပ်တို့လာတာက ဘုရင့်ငှက်ဥယျာဉ်တော်ရိက္ခာအတွက် ပန်းပဲဆရာကြီးခြံထဲမှာ မြေခွေးရှာဖို့လာတာပဲ"

"အဲ . . . အဲ . . . ဟို . . . ဟို"

"မြို့ဝန်ရဲ့ အမိန့်နော်"

"ဟုတ် . . . . ဟုတ်ကဲ့ပါခင်ဗျာ . . . သိ . . . သိပါတယ်ခင်ဗျာ။ မြို့စာရေးကြီး ခဏလေးနော် သုံးဆောင်ကြပါ . . . ဟဲ့ . . . လုံမတို့ စားစရာတွေ ထပ်ချပါဟဲ့"

သို့ကလို ပျာပျာသလဲပြောပြီး အိမ်အတွင်းခန်းကို ဝင်သွားတယ်။ ပြန်ထွက်လာတော့ ပိတ္တူစလေးနဲ့ ထုပ်ထားတဲ့ အထုပ်ကလေးပါလာတယ်။

"မြို့စာရေးကြီး . . ."

"ဘာလဲ"

"ဒါ . . . ဒါက မြို့စာရေးကြီးတို့သုံးဖို့ အလှူငွေပါခင်ဗျာ။ လက်ခံပေးပါ ခင်ဗျ"

"ပန်းပဲဆရာကြီး"

"ခင် . . . ခင်ဗျ"

"ခင်ဗျားက ကျုပ်ကိုဘာထင်နေလို့ ဒီလိုလုပ်တာလဲ ပြောစမ်း"

ပန်းပဲဆရာကြီး လန့်ပြီး လက်တုန်နေတယ်။

"ဟို . . . ဟို . . . ဒီလိုပါ . . . မြို့စာရေးကြီးရယ်။ ကျုပ် . . . ကျုပ်တို့မှာ မြို့စာရေးကြီးကို အားကိုးပြီး ဝမ်း . . . ဝမ်းစာရှာရတာပါ။ မြို့စာရေးကြီး ကြည့်ရှုပေးလို့လည်း လုပ်ငန်းလေးများ တွင်တွင်ရနေတာပါခင်ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



မြို့စာရေးကြီး ကျေးဇူးတော်များလွန်းလို့ ဘယ်လိုကျေးဇူးဆပ်ရမှန်းတောင် မသိပါဘူး ... စာရေးကြီးရယ်။ ဒါ ငွေအသပြာလေးက လုပ်ငန်းလေးကောင်း တုန်းက စုထားတာပါ။ မြို့စာရေးကြီးကို ကျေးဇူးဆပ်ချင်လို့ ကန်တော့ တာပါ ... မြို့စာရေးကြီး''

''ဒီလိုလား''

''ဟုတ် ... ဟုတ်ကဲ့ပါ ... မြို့စာရေးကြီး''

''ကျုပ်ကို လာဘ်မထိုးနဲ့နော် ... ပန်းပဲဆရာ''

''မဟုတ်ပါဘူး .... မြို့စာရေးကြီး လေးစားလွန်း၊ ကျေးဇူးကြီးလွန်း လို့ ကန်တော့တာပါခင်ဗျား''

''ကျုပ် လာဘ်မစားဘူးဆိုတာ သိထား''

''ဟုတ် ... ဟုတ်''

''ဒီလို နားလည်ကန်တော့တော့လည်း ကျုပ်က ပြန်ကြည့်ရမှာ ပေါ့''

''မှန်ပါ ... မြို့စာရေးကြီး''

''နောင်ကို ဘုရင့်လက်နက်တော်များအတွက် လိုအပ်လို့ အလုပ် အပ်ရင် ပန်းပဲဆရာကြီးကို ဦးစားပေးဖို့ ကျုပ် မြို့ဝန်ကြီးကနေ တစ်ဆင့် ပြောပေးမယ် နားလည်လား''

''နားလည်ပါတယ်ခင်ဗျာ။ ကျေးဇူးကြီးလှပါ မြို့စာရေးကြီးခင်ဗျား ဒါနဲ့ မြို့စာရေးကြီးကို မေတ္တာရပ်ခံပါရစေခင်ဗျာ''

''ဘာပြောမလို့တုံး''

''ဟို ... ဟိုလေ ကျွန်တော်မျိုးခြံထဲမှာ မြေခွေးကောင်ရှာ မ ... မရှိလို့ အဲ ... အဲဒါ''

''ကျုပ် နားလည်ပါတယ်။ ကျုပ် ခင်ဗျားခြံထဲမှာ လုံးဝ မရှာဘူး မတူးဘူး ... စိတ်ချ။ ဟဲ့ ... အမှုထမ်းတွေ အားလုံးပြန်ကြစို့''

''ကျေးဇူးကြီးလှပါ စာရေးကြီးခင်ဗျာ''

မြို့စာရေးငပိန်က အဲဒီလို လူစားမျိုးလေဗျာ။ ဘုရင့်ရက်ဥယျာဉ် တော်အတွက် ရိက္ခာမြေခွေးတူးမယ်လို့ ပြောပြီးဝင်တာ။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ဝင်ရင် ခြံကော အိမ်ကော ပျက်ရော။

ဒါကိုသိလို့ ပန်းပဲဆရာကြီးက လာဘ်ထိုးလိုက်တာ။ လာဘ်ယူတာ ကိုတောင် ကျုပ်က လာဘ်စားတဲ့ကောင်မဟုတ်ဘူးလို့ပြောပြီး ကျေးဇူး သိလို့ ကန်တော့တာ လက်ခံတာနော်တဲ့။

အဲဒီလို စားခွင့်ရတဲ့ အချိန်ကစပြီး ရွှေမြို့တော် အရေးပါတဲ့ နေရာ တွေကို ဖျက်စာ၊ မြေခွေးတူးဖို့ တပည့်တပန်းတွေနဲ့ အကွက်ချတော့တယ်။

ရသမျှထဲက တန်ဖိုးအတော်များများကို ဆရာဖြစ်တဲ့ မြို့ဝန်ချုပ် ကြီး ဦးဘိုင်ဆပ်ကို ဆက်သရတော့တယ်။

မြို့ဝန်ဘိုင်ဆပ်ကလည်း ဒီလိုမျိုးလေး တပည့်လုပ်သူက ရှာဖွေ ကျွေးမွေးတော့ ဝမ်းမြောက်ဝမ်းသာတွေဖြစ်ပြီး အကြောင်းရှိရင် တပည့် မြို့စာရေးမောင်ပိန်ဘက်က ကာကာကွယ်ကွယ်လုပ်ရော။

မြို့ဝန်ဘိုင်ဆပ်နဲ့ မြို့စာရေးမောင်ပိန်တို့ ဖျက်ဥယျာဉ်တော် စားရိက္ခာ အမည်တပ်ပြီး လုပ်စားနေတာကို သဘောမပေါက်တဲ့လူတစ်ဦး ခံလိုက်ရ ပါရောလားဗျာ။

ဒီအိမ်က အတော်အတန် ပိုက်ဆံရှိတဲ့ အိမ်ခင်ဗျ။

ထုံးစံအတိုင်း မြို့ဝန်မင်းအမိန့်အရ ဒီအိမ်ခြံထဲမှာ မြေခွေးကောင် ယ်တွေ တူးမယ်လို့ မောင်ပိန်က ပြောရော။

"စာရေးကြီး မြေခွေးကောင်ဆိုတာ မြို့ပြင်က အမှိုက်ပုံဟောင်း တို့၊ အိမ်ပျက်မြေဆွေးကုန်းတို့မှာ တူးမှ ရမှာပေါ့ဗျာ။ ကျုပ်ခြံမှာက မြေဆွေး မြေပွ၊ အမှိုက်ပုံမရှိဘူး မြို့စာရေးကြီး"

"ကျုပ်လာတာ မြို့ဝန်မင်း ဦးဘိုင်ဆပ်ရဲ့ အမိန့်နဲ့လာခဲ့တာ။ ဘုရင် ဖျက်ရုံတော်အတွက် ရိက္ခာ မြေခွေးရှိမရှိက မြေကြီးကို တူးကြည့်မှသိရမှာ။ တံခါးဖွင့်ပါ"

"မြို့စာရေးကြီး နေရာလွဲနေပြီဗျာ"

"မြို့ဝန်မင်းအမိန့်အရ ငါတို့ကြိုက်တဲ့အိမ်မှာ တူးရမှာ။ ဟေ့ကောင် ရေန် မင်းက မြို့ဝန်မင်းအမိန့်ကို ဖီဆန်တာလား"

"မြေခွေးမရနိုင်တဲ့နေရာကို"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်တွေ တံခါးဖျက်၊ လူကိုဖမ်း"

မြို့စာရေးမောင်ပိန်ရဲ့ စကားအဆုံးမှာ ငှက်ထိန်းအမှုထမ်းတွေ တံခါးကို ရိုက်ချိုးဖျက်ပြီး အိမ်ရှင်ဦးရန်ဆိုသူကို ရိုက်နှက်လို့ မြို့ဝန်မင်း ဦးဘိုင်ဆပ်ရဲ့ အိမ်တော်ကို ခေါ်သွားကြတယ်။

"ဘယ်လိုဖြစ်လာတာတုံး ငပိန်"

"မြို့ဝန်မင်းရဲ့ မြေခွေးတူးခွင့်အမိန့်ကို အာခံလို့ ဖမ်းလာတာပါ မြို့ဝန်သခင်ကြီး"

"ဒီကောင်လား"

"ဟုတ်ပါတယ် ... မြို့ဝန်သခင်ကြီး"

"အချုပ်ထဲထည့်ပြီး ကြည့်ဆုံးမလိုက်"

မြို့ဝန်မင်းဦးဘိုင်ဆပ် အိမ်တော်အိမ်ကြီးရခိုင်မှာ ထားရှိတဲ့ အချုပ်ခန်းထဲမှာ ဦးရန် ရက်ရက်စက်စက် ညှင်းပန်းနှိပ်စက်ခံရပြီး မေ့မျောသွားခဲ့တယ်။

ဒီမှာ အတွေ့အကြုံရှိတဲ့လူတွေ၊ ခံရဖူးတဲ့လူတွေရဲ့ အကြံပေးချက်အရ မြို့စာရေးငပိန်အိမ်ကို သွားရောက်လာဘ်ထိုး။

မြို့ဝန်မင်းဘိုင်ဆပ်ကိုလည်း ထိုက်ထိုက်တန်တန် ကန်တော့ တော့မှ ဦးရန်ထိတ်တုံးက လွတ်၊ အချုပ်ခန်းက ထွက်ခဲ့ရတယ်။

အိမ်ပြန်ရောက်တော့ သူ့အိမ်တစ်အိမ်၊ တစ်ခြံလုံး အိမ်ရှေ့အိမ်နောက်၊ အိမ်အောက်ပါမကျန် မြေကြီးထယ်ခွဲထားသလိုဖြစ်ပြီး အိမ်တိုင်ခြေတွေပါ ဓားနဲ့ ခုတ်ထစ်ခံရတာကို မြင်ပြီး ဦးရန်တို့မိသားစု ချုံးပွဲချငိုခဲ့ရတယ်။

"ကျန်တဲ့ မြို့ဝန်နှစ်ဦးကို သွားမတိုင်ဘူးလား"

"ဘယ်သူတိုင်ရဲမှာလဲ သံတော်ဆင့်မင်း။ အဲဒီ မြို့ဝန်ဟောင်းနှစ်ဦးအပေါ်က မြို့ဝန်ကြီးက ဘိုင်ဆပ်လေဗျာ။ အဲဒီမြို့ဝန်တွေလည်း မြို့ဝန်ကြီး ဘိုင်ဆပ်နဲ့ မြို့စာရေးငပိန်တို့ အကြံအဖန်လုပ်တာ သိတာပဲ"

မကျော်ရဲဘူး။ မတိုင်ရဲဘူး။



www.burmeseclassic.com

www.burmeseclassic.com



မြို့ဝန်ဘိုင်ဆပ်က ပုဂံမင်းရဲ့ အိမ်တော်ပါကျွန်ရင်း။ မတော် ဘိုင်ဆပ်က ဟောဟိုမြို့ဝန်အိမ်မှာ လူစုလူဝေးတွေ ရှိနေပါတယ်။ ဓားလှံ တွေနဲ့ လှေ့ကျင့်နေပါတယ်။ မသက်ာစရာပါ အရှင်မင်းကြီးဘုရားလို့ ကတုန်း ကတိုက်လုပ်လိုက်ရင် ဟုတ်ဟုတ် မဟုတ်ဟုတ် ထီးဘုရား အမျက်တော်ရှ ရင် ရာထူးကျပြီး အဆုံးစီရင်ရာမှာ ပါသွားနိုင်တယ်လေဗျာ။

✿ ✿ ✿

[ ၁၁ ]

❑

အခုပြောမည့် ကိစ္စတွေက အတော်အကြံပက်စက်တဲ့ လုပ်ရပ် တွေပဲ . . . သံတော်ဆင့်မင်း။ ကျုပ် ဒီအကြောင်းတွေ ဘာလို့ပြောနိုင်လဲ ဆိုတော့ . . .

ဖိုးသူတော်ဘဝနဲ့ ဆွမ်းဆန်စိမ်းခံရင်း မြင်ရသိရလို့။

ပြီး . . . . ဘိုင်ဆပ်နဲ့ ငပိန်တို့ အရေးနိမ့်တော့ အမှုစစ်ရာက ကြားသိရတဲ့ အကြောင်းတွေပဲဗျ။

ကျုပ်ကလည်း နန်းတွင်းက အမှုထမ်းတွေနဲ့ ရင်းနှီးတော့ အကြောင်း သိရတာ။ စပ်စပ်စုစု ဝါသနာပါလို့ သိရတာလည်း ပါသပေါ့။

ရက်စက်ကောက်ကျစ်ပုံက ဒီလိုဗျ။

တစ်နေ့ မြို့စားငပိန်ကို မြို့ဝန်ဘိုင်ဆပ်က ခေါ်တွေ့ပြီး အကြံ တစ်ခု ပြောပြသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



နောင်တော် ပုဂံမင်းကို မင်းတုန်းမင်းသား (နောင် မင်းတုန်းမင်းတရားကြီးဖြစ်မည့်သူ) နဲ့ ညီတော် ကနောင်မင်းသားတို့က နန်းချခဲ့တယ်။

နန်းချတာလည်း အသေအကြေတိုက်ခိုက်ပြီးမှ နောင်တော် ပုဂံမင်းရဲ့ အမရပူရနန်းကိုသိမ်းပြီး နောင်တော်ပုဂံမင်းကို မသတ်ဘဲ နန်းချခဲ့တာ။

အမရပူရ ရွှေနန်းရှင် နောင်တော်ပုဂံမင်းကို ဘာကြောင့် နန်းချတာလဲ။ တိုက်ခိုက်သိမ်းပိုက်ရတာလဲ။

ဒီကိစ္စက ပြောရင် ကျယ်ဝန်းတယ်ဗျာ။

အဓိကပြောချင်တာက မင်းတုန်းမင်းတရားကြီး ပုဂံမင်းနန်းကျပြီးနောက် ရတနာပုံမြို့နန်းတည် စိုးစံတဲ့အချိန်။

အချိန်ကာလ ပြောရရင် မြန်မာသက္ကရာဇ် (၁၂၃၉)ခုနှစ် မင်းတုန်းမင်းတရားကြီး ရွှေလက်ထက်တော်မှာ အဝေးကျိုဝန်ဦးလတ်က အမှုတော်ထမ်းနေတာ။

မင်းကြီးက အင်္ဂလိပ်ပညာကို အားပေးတယ်။

အင်္ဂလိပ်ပညာနဲ့ ရွှေဖြစ်ငွေဖြစ်တာ ဟုတ်မဟုတ် သိချင်လို့ တောင်ဥယျာဉ်တော်မှာ အင်္ဂလိပ်စခန်းဌာန ဖွင့်ပေးတယ်ဗျ။

ဒီစခန်းကို ကျုပ် ဖိုးသူတော်လည်း ရောက်ခဲ့တာလေ။

အင်္ဂလိပ်ပညာရဲ့ အစွမ်းကို မင်းတုန်းမင်းတရားကြီးကိုယ်တော်တိုင် ဟုတ်မဟုတ် သိချင်လို့ အားပေးတာ။

အကယ်၍များ ရှင်အဖ္ဖဂေါဏ ရဟန်းကြီးလို အင်္ဂလိပ်ဓာတ်လုံးအောင်မြင်ပြီး ရွှေဖြစ်သွားခဲ့ရင် ...

တိုင်းသူပြည်သားတွေ ချမ်းသာကြပါစေတော့။

ဒီ ရည်ရွယ်ချက်နဲ့ စောင်မ,ကြည့်ရှု မြှင့်တင်ပေးတာ။

ရတနာပုံနေပြည်တော်မှာ ရှိကြတဲ့ အင်္ဂလိပ်ပညာရှင်တွေ တောင်ဥယျာဉ် အင်္ဂလိပ်စခန်းကို လာစုဝေးကြ။

ကိုယ့်ပညာနဲ့ကိုယ် ကြိုးစားလုပ်ဆောင်ကြ။



www.burmeseclassic.com

www.burmeseclassic.com



"ငပိန်"

"အမိန့်ရှိပါ ... မြို့ဝန်သခင်ကြီး"

"မင်းတို့ငါတို့ အခွင့်အာဏာရှိတုန်း ကြိုးစားပမ်းစား ရှာထားခြင်းမှ ငါတို့ သားမယား၊ မင်းတို့သားမယားများ နောင်ရေး စိတ်အေးရမယ် ငပိန်"

"မှန်တာပေါ့ မြို့ဝန်သခင်ကြီး။ မင်းပြောင်းမင်းလွဲဆိုတာ အချိန်မရွေးဖြစ်နိုင်တာပါပဲခင်ဗျာ။ သိတဲ့အတိုင်းပဲ ကျွန်တော်မျိုးတို့ မြို့ဝန်သခင်ကြီးကို အာဏာရှိတာ ကောင်းစားတာကို မနာလိုတဲ့ အရာရှိတွေလည်း ရှိတာပဲ မဟုတ်လား"

"သင်းတို့ကို ဂရုစိုက်စရာ မလိုပါဘူး။ ငါတို့ ကြီးပွားချမ်းသာဖို့အတွက် ငါ ဒီလို စီစဉ်ထားတယ်"

"အမိန့်ရှိပါ ... မြို့ဝန်သခင်ကြီး"

"နားထောင် လုပ်ရမည့်နည်းလမ်းက ..............."

"ကောင်းလှချည်လား ... မြို့ဝန်မင်းကြီးခင်ဗျာ"

"ကောင်းရမယ်လေကွာ ... ငါ့နာမည် မြို့ဝန်ဘိုင်ဆပ်လေကွာ ဟား ... ဟား ... ဟား ... ဟား ..."

"အဟီး ... ဟီး ... ဟီး ... အဟတ် ... အဟတ်"

"နက်ဖြန်ကစပြီး အကောင်အထည်ဖော်"

"စိတ်ချ ... မြို့ဝန်မင်းကြီး"

တစ်နေ့ အမရပူရမြို့တော်ထဲက သူဌေးအိမ်ခြံကျယ်ကြီး တစ်အိမ်ရှေ့ကို မြို့စာရေးမောင်ပိန်ရယ်၊ ဌက်တော်ထိန်း မင်းမှုထမ်းတွေရယ်၊ မြို့ဝန်ဘိုင်ဆပ်ရဲ့ လက်ပါးစေ အမှုထမ်းတွေ ရောက်လာတယ်။

"အိမ်ရှင်တို့ ... အိမ်ရှင်တို့"

မြို့စာရေးမောင်ပိန်က ခြံတံခါးရှေ့ကနေ အသံပြုရော။

"အိမ်ရှေ့က ဘယ်သူတွေတုံးဟေ့"

ပုဆိုးတိုတိုနဲ့ လူတစ်ဦးက လှမ်းမေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



"*ဟော့ကောင် ... မင်းက ဘာကောင်တုံး*"

မြို့စာရေးမောင်ပိန်က အဲဒီလူကို လှမ်းဟောက်တာ။

"ကျွန်တော်က ခြံစောင့်ပါခင်ဗျာ"

"ဒီအိမ်က ဦးဘောဂအိမ်မဟုတ်လား"

"ဟုတ်ပါတယ်ခင်ဗျား"

ဦးပိန်က ...

"ငါက ရွှေမြို့တော် မြို့တော်ဝန်ဦးဘိုင်ဆပ်ရဲ့ မြို့စာရေးကြီးဦးပိန်ပဲ။ ခုချက်ချင်း တံခါးဖွင့်စမ်း"

မြို့စာရေးကြီး ဦးပိန်လို့ကြားရော ခြံစောင့်လူကြီး ပျာပျာသလဲနဲ့ တံခါးကို ဖွင့်ပေးပါရော။ မြို့စာရေးနဲ့ ပါလာတဲ့ အမှုထမ်းတွေက အထဲ ရောက်တာနဲ့ ခြံစောင့်ကို ဆောင့်တွန်းလိုက်ကြတယ်။

"ဦးဘောဂရှိလား"

"ရှိပါတယ် ... မြို့စာရေးမင်း။ သ ... သဌေး ထမင်းစားနေပါတယ်ခင်ဗျ"

"ခုချက်ချင်း ထွက်လာတွေ့လို့ သွားပြော"

"ဟုတ် ... ဟုတ်ကဲ့ပါ ခင်ဗျာ"

ခဏနေတော့ သူဌေးဦးဘောဂ အိမ်ရှေ့ထွက်လာတယ်။ မြို့စာရေးမောင်ပိန်ကိုမြင်ရော ပျာပျာသလဲ အိမ်ပေါ်ကိုခေါ်ပါရော။

"မြို့စာရေးကြီး အိမ်ပေါ်ကြွပါခင်ဗျာ"

အိမ်ပေါ်ကိုတက်ပြီး ခေါင်းရင်းခန်းမှာ ထိုင်ကြတယ်တဲ့။

"ဘယ်လိုအရေးကိစ္စရှိလို့ ကြွလာပါသလဲ ... မြို့စာရေးကြီး"

"ပြောရမှာတော့ အားနာတယ် ဦးဘောဂ"

ဦးဘောဂ လန့်သွားတယ်။

"ဗျာ ... ဘယ် .... ဘယ်လို အရေးကိစ္စပါလိမ့်ဗျာ"

"မြို့ဝန်မင်းက ဘုရင်မင်းတရားကြီးရဲ့ ငှက်ဥယျာဉ်တော်အတွက် နိုင်ငံခြားက ရှားရှားပါးပါး ငှက်တွေ ဝယ်ချင်တယ်တဲ့ ... ငှက်စာ၊ ကြက်စာပေါ့။ စပါးတို့၊ ပြောင်းတို့၊ ဆီးဆတ်၊



www.burmeseclassic.com

www.burmeseclassic.com



နှမ်းတို့ကတော့ ကျိုပြည့်ပဲဗျ။ အရေးကြီးလို့နေတာက ငှက်စာ၊ ကြက်စာ၊ ခါစာ၊ မြေခွေးကောင်ပဲ''

''မြေခွေးကောင် . . . ဟုတ်လား''

''ဟုတ်တယ် . . . ရွာစွန်ရွာဖျားမှာရှာတာ ရှားတော့ မြို့ထဲ ရပ်ထဲက အိမ်နောက်ဖေး အိမ်ရှေ့လိုက်ရှာရတာပေါ့ဗျာ။ မြို့ထဲက အိမ်အတော်များများတော့ စုံသလောက်ရှိပြီပေါ့။ အဲဒါ ဦးဘောဂရဲ့ အိမ်ဝင်းထဲမှာ မြင်းတွေ နွားတွေ ရှိတော့ မြေခွေးကောင်တွေ အများကြီးရှိတယ်လို့ အထောက်တော်တွေ သတင်းပေးလို့ လာခဲ့တာပဲဗျာ။

''ဗျာ . . . မြို့စာရေး ကျုပ် . . . ကျုပ် အိမ်ဝင်းထဲရှာမယ်။ တူးမယ် ဟုတ် . . . ဟုတ်လား''

''ဟုတ်တယ်''

''မ . . . . မလုပ်ပါနဲ့ . . . မြို့စာရေးကြီးရယ်။ တောင်းပန်ပါတယ်ဗျာ။ ဒီဝင်းထဲမှာ မြေခွေးကောင်တွေ တစ်ခါမှ မတွေ့ဖူးပါဘူးဗျာ''

''ရှိတယ်လို့ ကျုပ်တို့သိပြီးပြီပဲ ရှာရမှာပဲ''

''မြို့စာရေးမင်းရယ် . . . တောင်းပန်ပါတယ်ခင်ဗျာ။ ဒီလိုလုပ်ပါ။ မြို့စာရေးမင်း အလိုရှိတဲ့ ဘုရင့်ငှက်တော်များ ရိက္ခာမြေခွေးကို ကျုပ် တပည့်တပန်းတွေနဲ့ ရှာပြီး မြို့စာရေးကြီးအိမ်ကို လာပို့ပေးပါ့မယ်ဗျာ . . . နော် . . . မြို့စာရေးကြီး''

''ဘောဂ''

''ဗျာ . . . ဗျာ . . .''

''အခြားအိမ်တွေလည်း မြို့ဝန်မင်း အမိန့်နဲ့ ရှာပြီးပြီ။ ခင်ဗျားလူတွေနဲ့ ရှာပေးမှ ကျုပ်က ဘုရင့်ငှက်တော်များ ရိက္ခာရရမှာလား။ ကျုပ်တို့ ဘုရင့်ငှက်တော်ဥယျာဉ် အမှုထမ်းတွေ အများကြီးလွှတ်ပြီး ရှာပြင်လယ်ကွင်းထဲပါ ရှာနေတာ။ ဘာလဲ သူများအိမ်ရှာပြီး ခင်ဗျားအိမ်ဝင်းထဲကျ မရှာရဘူးပေါ့ ဟုတ်လား။ မြို့ဝန်မင်းအမိန့်ကို အာခံတာလား''



www.burmeseclassic.com

www.burmeseclassic.com



"မ ... မဟုတ်ပါဘူး မြို့စာရေးကြီးရယ်။ ကျုပ် ... နားလည်မှု ရှိပါတယ်။ ကျုပ် မြို့စာရေးကြီး ကျေးဇူးမမေ့ပါဘူးဗျာ ခဏလေး"

သူဌေးဦးဘောဂက သိတာပေါ့။

မြို့စာရေး မောင်ပိန်တို့ လာဘ်လာဘ လိုချင်လို့ ဘုရင့်ငှက် တိရစ္ဆာန်ဥယျာဉ်တော်က ကြက်၊ ငှက်တွေ ရိက္ခာအကြောင်းပြပြီး ပြဿနာ လာလုပ်တာ။

ဘယ်လို သကောင့်သားများက ဘုရင်ကို ပင့်ချွန်လျှောက်လဲမသိ ဘူး။ မြေခွေးကောင်တစ်ကောင်ကို တိုက်ကြက်၊ တိုက်ခါ၊ တိုက်ချိုးတွေ အလှ ဥဒေါင်းတို့ ရစ်တို့များ စားရရင် အသက်တစ်နှစ်ပိုရှည်သတဲ့။

ဘုရင်ကလည်း ဒါဆို သူ မြတ်နိုးနှစ်သက် ဝါသနာကြီးတဲ့ သူ့ ငှက် ကြက်၊ ဒေါင်းတွေကို အသက်ရှည်စေတဲ့ အစာ မြေခွေးရှာကျွေးလို့ ပြော ဆိုပဲ။

သူဌေးဦးဘောဂက ရွှေဒင်္ဂါး (၅၀)ပြားကိုထုတ်ပြီး မြို့စာရေးငပိန် ကို ရိုရိုသေသေ အပ်တယ်။

"ဒါ ဘာလဲဗျာ"

"မြို့စာရေးကြီးနဲ့ မြို့ဝန်မင်း ဦးဘိုင်ဆပ်ကို ကန်တော့တာပါ ခင်ဗျ။ လက်ခံပေးပါ ... မြို့စာရေးကြီး"

"ရွှေဒင်္ဂါးလား"

"မှန်ပါ ... စာရေးကြီး"

"ဘယ်နှပြားတုံး"

"ရွှေဒင်္ဂါး ငါးဆယ်ပါ ... မြို့စာရေးကြီး"

"ဦးဘောဂ ..."

"ဗျာ ... ဗျာ ..."

မြို့စာရေး မောင်ပိန်က အသံမာမာနဲ့ ခေါ်လိုက်လို့ သူဌေးဦးဘောဂ ရွှေဒင်္ဂါးထုပ် ကိုင်ရင်း တွန့်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားက ကျုပ်နဲ့ မြို့ဝန်မင်းကြီးကို လာဘ်ထိုးတာပေါ့ ... ဟုတ်လား"

"အဲ ... အဲ .... ဟိုလေ"

"ကျုပ်တို့က လာဘ်ငွေပေးရင် ရတဲ့လူစားတွေလို့ဆိုပြီး ခင်ဗျားက ကျုပ်ဆရာ အကြီးအကဲကိုပါ စော်ကားတာပေါ့ ... ဟုတ်လား"

"မ ... မဟုတ်ရပါဘူး မြို့ ... မြို့"

"ကျုပ်တို့က ဘုရင့်အမှုတော်ကို သစ္စာရှိရှိ အမှုတော်ထမ်းနေတာ။ ခင်ဗျားကို လာဘ်ပေးသွေးဆောင်စည်းရုံးမှုနဲ့ အချုပ်ထဲထည့်၊ ထိတ်တုံးခတ်မှ ရမှာပဲ"

"အမလေး ... တောင်းပန်ပါတယ် ... မြို့စာရေးကြီး ... ရှိခိုးပါတယ် ... မြို့စာရေးကြီးရယ်။ ဒီလို သဘောမျိုး .. မ ... မဟုတ် ..."

"အမှုထမ်းတွေ အိမ်ရှေ့အိမ်နောက် အိမ်အောက်ပါမကျန် အကုန်တူးပြီး မြေခွေးကောင်တွေ ရှာကြစမ်း"

တောင်းပန်လို့ မရပါဘူး။

လာဘ်ထိုးလို့ မရဘူး။

သူဌေးဦးဘောဂရဲ့ အိမ်သားတွေရော၊ အလုပ်သမားကျေးကျွန်တွေပါ အံ့သြကြောက်ရွံ့ကုန်ကြတယ်။

"အားလုံး အိမ်ပေါ်မှာပဲနေကြ။ အောက်ကိုဆင်းပြီး ဟိုနေရာ မတူးပါနဲ့။ ဒီနေရာ မတူးပါနဲ့။ ဝင်ပြောရင် နာဖို့ပြင်ထား"

ဘယ်သူမှ အိမ်ကြီးပေါ်ကနေ မဆင်းဝံ့ကြဘူး။

ရပ်ကြည့်၊ ချောင်းကြည့်ပြီး အံကြိတ်မျက်ရည်ကျနေရတယ်။ ဘုရင့်ငှက်ရုံတော်အတွက်တဲ့။

မြို့ဝန်မင်းကြီး ဦးဘိုင်ဆပ်ရဲ့ အမိန့်နဲ့ရှာရတာတဲ့။

မြို့စာရေး မောင်ပိန်ကိုယ်တိုင် ကြီးကြပ်ပြီး တူးဆွစေတာ။ အိမ်ရှေ့တစ်ဖွဲ့၊ အိမ်နောက်ဖေးတစ်ဖွဲ့။

တစ်အိမ်၊ တစ်ဝန်းလုံး မွစာကြနေပြီ။

---



www.burmeseclassic.com

www.burmeseclassic.com



စဥ့်ရေအိုးတွေသွန်ပြီး အိုးခြေမှာ တူးရှာကြတယ်။

ပန်းပင်၊ သစ်ပင်တွေ ပြိုလဲကျိုးကြေကုန်ပြီ။

"ဟိုနေရာကိုတူးစမ်း"

"ဒီနေရာမှာ မြေခွေးရှိတယ် မြို့စာရေးကြီး"

"ရှိရင် တူးကြ။ ဟိုကောင် ဘာကြည့်နေတာတုံး"

"မြို့စာရေးကြီး အမြန်ကြွပါဦးဗျာ"

"ဘာတွေ့လို့လဲ ငမြိုင်"

ခြံထောင့်က သပြေပင်အောက်မှာ ငှက်တော်ရုံအမှူထမ်း ငမြိုင် တို့ တူးဆွလှုပ်ရှားနေတယ်။

"ငမြိုင် ဘာတွေ့လို့တုံး"

"ရှူး ... တိုးတိုး စဥ့်အိုးတစ်လုံး မြေကြီးထဲမှာ"

"ဟေ .... ဘယ်မှာတုံး။ ဟာ ... ဟုတ်တာပဲ။ ဖြည်းဖြည်းတူး နော် ငမြိုင် မကွဲစေနဲ့"

စဥ့်အိုးလေးနံဘေးကို ပတ်တူးလိုက်ရော မြေထမင်းအိုးခန့် စဥ့် သုတ်ရွှံ့ပေမြေကြီးကပ် အိုးတစ်လုံးပေါ်လာရော။

"ငမြိုင် အိုးဝကို သံတူရွင်းပြားနဲ့ ကလော်လိုက်စမ်း"

ငမြိုင်က မြေကြီးဖုကပ်နေတဲ့ အိုးနှုတ်ခမ်းဝက မြေကြီးတွေကို အသာထိုးကော်လိုက်ရော မြေကြီးအုပ်ခဲနေတဲ့ စဥ့်အိုးလေး အဖုံးပွင့်သွား ပြီး အထဲမှာ ရွှေဒင်္ဂါးတွေ အိုးအပြည့်။

"ငမြိုင် ... အိုးဝကို မြေကြီးပြန်သိပ်လိုက်"

"ဟုတ် ... ဟုတ်"

"အိုးကို ဟိုတောင်းထဲထည့်လိုက်။ ပြီးရင် သစ်ရွက်တွေ ပန်းပွင့် တွေ အုပ်ပြီးယူခဲ့"

ငမြိုင် မြေကြီးထဲကရတဲ့ ရွှေဒင်္ဂါးအိုးကို တင်းတောင်းထဲထည့် ပြီး ပန်းပွင့်ပန်းညွှန့်နဲ့ ရွက်လှပင်တွေ ထည့်သိပ်အုပ်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလို ခြံထောင့် သပြေပင်ခြေရင်းက ရွှေဒင်္ဂါးအိုးရတာကို သူဌေး ဘောဂတို့မိသားစု မသိကြဘူး။

သူတို့အနီးမှာ စောင့်ကြည့်နေတဲ့ မြို့ဝန်ရဲ့ လူတစ်စုက ဓားလွယ်ကြီးနဲ့လေ။

သူတို့ ဖွက်ထားတဲ့ ရွှေအိုးလား။

သူတို့ ဘိုးဘွားတွေ မြှုပ်ထား ဝှက်ထားတဲ့ ရှေးရွှေအိုးလား မသိကြဘူး။

ကျုပ် ဖိုးသူတော်တောင် နောင် အမှုစစ်တော့မှ ဖွင့်ပြောလို့ သိရတဲ့ အကြောင်းအရာပဲ။

"ငရောင် ..."

"ခင်ဗျာ ... မြို့စာရေးကြီး"

"အိမ်အောက်ကိုရော တူးရှာပြီးပလားဟေ့"

"တူးရှာပြီးပါပြီဗျ"

"တွေ့လား"

"မတွေ့ဘူး ခင်ဗျ"

"နေရာနှံ့ရဲ့လား ဥရုတိုင်ခြေရော"

"တူးရှာပြီးပြီ မတွေ့ဘူး"

"မတွေ့ရင် ရပ်ကြတော့ ပြန်ကြမယ်"

ငှက်ဥယျာဉ်တော် အမှုထမ်းတွေ တူးဆွရှာဖွေတာကို ရပ်ပြီး ပစ္စည်းတန်ဆာပလာတွေ ရေဆေးသန့်စင်သိမ်းကြတယ်။

လူကြမ်း အမှုတော်ထမ်းတွေရဲ့ ခန္ဓာကိုယ်တွေဟာ ချွေးသံရွှဲရွှဲ ကိုယ်စီနဲ့ ညစ်ပေနေတာပဲ။

သူတို့ ချွေးတွေ မြေမှုန့်တွေကို စဉ့်အိုးကြီးထဲက ရေတွေနဲ့ ချိုးသူချိုး သန့်စင်သူ သန့်စင်ပြီးရော ...

အားလုံး လူစုကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးဘောဂ . . ."

"ခင်ဗျ . . . မြို့စာရေးကြီး"

"သူဌေးကတော်"

"ရှင် . . . ရှင် . . . မြို့စာရေးကြီး . . ."

"မြို့ဝန်ကြီး ဦးဘိုင်ဆပ်ရဲ့ စေခိုင်းချက်အမိန့်ကြောင့် မြေခွေးကောင်တွေရှာရတာပါဗျာ။ ခုလို တူးဆွရှာရတာလည်း စိတ်လည်း မကောင်းဘူး။ အားလည်းနာတယ်။ ခက်တာက တိရစ္ဆာန်တွေရဲ့ ကျန်းမာရေးကို တာဝန်ယူရတဲ့ တိရစ္ဆာန်သမားတော်က မြေခွေးကောင်တစ်ကောင်ကျွေးရင် ကြက်၊ ခါ၊ ချိုးဥဒေါင်းတွေ အသက်တစ်နှစ်ပိုရှည်ကျန်းမာတယ်လို့ တိရစ္ဆာန်ဥယျာဉ်တော် အကြီးအမှူးကိုပြောတော့ တိရစ္ဆာန်ရုံတော် အကြီးအမှူးက မင်းတရားကြီးကို လျှောက်တယ်လေ။ ခင်ဗျားတို့သိတဲ့အတိုင်းပဲ မင်းတရားကြီးက သူ့ငှက်တိရစ္ဆာန်တွေကို သားသမီးအရင်းလို ချစ်တာကိုး။ ဒီတော့ ဒီ မြေတွင်းအောင်းမြေခွေး အစာရိက္ခာရှာဖို့ မြို့ဝန်မင်းကြီး ဦးဘိုင်ဆပ်က တာဝန်ယူရတယ်။ ရွှေမြို့တော် မြို့တွင်း၊ မြို့ပြင် မည်သူ့အိမ်နေရာ ခြံဝင်းမဆို ငှက်တော်များ ရိက္ခာအတွက် မြေခွေး၊ ခြံကောင်၊ သစ်ပိုး၊ ပန်းပိုးများ ရှာစေလို့ အမိန့်ထုတ်ထားတယ်ဗျာ။ ဒါကြောင့် ခင်ဗျားအိမ်လည်း ရှာရတာပဲ။ ဝန်ကြီး၊ ဝန်ကလေး အိမ်လည်း ရှာရမှာပဲ။ ဘုန်းကြီးကျောင်းဝင်းထဲလည်း ရှာရမှာပဲ။ ဒါကို နားလည်ပေးကြပါ။ ကျုပ်တို့သွားမယ်။ ဟိုဘက်ခြံတွေထဲ ရှာရဦးမှာ"

သို့ကလို ရှင်းပြပြီး သူတို့ ပြန်သွားကြတယ်။

နောက် . . . သိရတဲ့ သူတို့ယုတ်မာချက်က ဒီလိုဗျ။

မြို့ဝန်ကြီး ဘိုင်ဆပ်အိမ်ကို မြို့စာရေးမောင်ပိန်က သူဌေးဦးဘောဂခြံထောင့် သပြေပင်ခြေရင်းကရတဲ့ စဉ့်အိုးကြီးယူသွားပြီး ပြတယ်။

"ဟဲ့ . . . ငပိန် ဒီစဉ့်အိုးက ဘာလုပ်ဖို့ ယူလာတာတုံး။ ပုံရွှဲ့လို့ အိုးဟောင်းကြီး။ သွား . . . သွား . . . ငါ့အိမ်တော် ကျက်သရေယုတ်တယ်။ သွားလွှင့်ပစ်လိုက်"



www.burmeseclassic.com

www.burmeseclassic.com



မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေး တိုတိုကျစ်ကျစ်၊ နှုတ်ခမ်းမွေးကားကား နဲ့ မြို့ဝန်မင်း ဘိုင်ဆပ်ဟာ နှုတ်ခမ်းပဲ့ စဉ့်ကွယ်နေတဲ့အိုးကိုကြည့်ပြီး အော် ပြောနေတာ။

မြို့စာရေးမောင်ပိန်ကတော့ ပြုံးပြုံးကြီးဟန်နဲ့ မြို့ဝန်ဘိုင်ဆပ်ရှေ့ မှာ ရိုရိုသေသေ ခစားရင်းက ...

"မြို့ဝန်မင်း သခင်ကြီးခင်ဗျာ"

"ထပ်တရီး ... သွားသွား ယူသွားငပိန်။ ယူလွှင့်ပစ်"

"မြို့ဝန်မင်း မရှုံ့ပါနဲ့ ... မြို့ဝန်မင်းရယ်။ အဲဒီ စဉ့်အိုးငယ်ရဲ့ အဖုံး ကို ဖွင့်ကြည့်လိုက်စမ်းပါ မြို့ဝန်သခင်ကြီး"

"ဘာ ... ဘာပြောတယ် ငပိန်"

"မြို့ဝန်သခင်ကြီး အိုးအဖုံးကို ဖွင့်ကြည့်လိုက်ပါခင်ဗျ"

"အ ... အထဲမှာ ဘာ ... ဘာရှိတုံး င ... ငပိန်။ မင်း ... မင်း ငါ့ကို အဆိပ်ပြင်းတဲ့ မြွေထည့်ပြီး ကြံစည်တာလား ... ငပိန် ဟင်"

"မဟုတ်ပါဘူး မြို့ဝန်သခင်ကြီးအပေါ် ကျွန်တော်မျိုး အမြဲ သစ္စာ စောင့်သိလျက်ပါ သခင်ကြီး။ ဒီ စဉ့်အိုးအဖုံးကို ဖွင့်ကြည့်လိုက်ရင် မြို့ဝန် သခင်ကြီး အလွန့်ကို ဝမ်းသာအံ့သြသွားရမှာပါ။ ရဲရဲသာ ဖွင့်ကြည့်လိုက်ပါ သခင်ကြီး"

မြို့ဝန်ဘိုင်ဆပ်က ပြူးကျယ် ရဲတွတ်နေတဲ့ မျက်လုံးအစုံနဲ့ မြို့စာ ရေး ငပိန်ကို စိုက်ကြည့်ရင်းက သူ့ရှေ့စားပွဲပုပေါ်ရှိ စဉ့်ပဲ့အိုးအဖုံးကို မဝံ့ မရဲ ငုံ့ကြည့်လိုက်ရော ...

"ဟင်"

"အဟင်း ... ဟင်း ... ဟင်း ... ကြည့်ပါ၊ ကိုင်ကြည့်ပါ သခင်ကြီး"

မြို့ဝန်ဘိုင်ဆပ်ဟာ စဉ့်အိုးလေးထဲက ဝင်းဝင်းလက်လက် ရွှေပြား တွေကိုမြင်ရော စားပွဲပေါ် စဉ့်အိုးကို သွန်ချလိုက်တယ်။

"ချွင် ... ချွင် ... ချွင် ... "



www.burmeseclassic.com

www.burmeseclassic.com



"ဂလောက် ... ဂလောက် ... ဂလောက်"

"ဟာ ... ရွှေဒင်္ဂါးတွေ ... ရွှေဒင်္ဂါးတွေ အများကြီးပါလား င ... ငပိန် မင်း ... မင်း ... ဒီ ... ဒီရွှေဒင်္ဂါးတွေ ဘယ်လိုရ ... ရ ..."

မြို့စာရေးငပိန်က မြို့ဝန်မင်းကြီး စီရင်တဲ့ အစီအစဉ်အတိုင်း သူဌေးဦးဘောဂအိမ်ကို မြေခွေးရှာဖို့ပြော ဝင်တူးရာက ခြံထောင့်သပြေပင်အောက် မြေကြီးထဲက ရတဲ့အကြောင်း ပြောပြရော ...

"အိုး ... ဘုရားသခင်၊ ဒါ ... ဒါ ... ငါပြောတဲ့အတိုင်း မင်းတို့ ရှာခဲ့တာပေါ့ ... ဟုတ်လား ... ဟုတ်လား"

"ဟုတ်ပါတယ် ... မြို့ဝန်သခင်ကြီးရဲ့ စဉ်းစားကြံစည်မှုဟာ အလွန်ကို ကြီးကျယ်ပါပေတယ် ... မြို့ဝန်မင်း။ ဒီ ရွှေဒင်္ဂါးတွေ မြို့ဝန်သခင်ကြီး ပိုင်ပါတယ် ခင်ဗျ"

"အိုး ... ငပိန် ... ငပိန် ... မင်း ငါ့တပည့်ရင်းပဲ။ မင်း သိပ်တော်တဲ့၊ အကင်းပါးနပ်တဲ့ မြို့စာရေးပါလား ... ငပိန်"

သို့ကလိုပြောရင်း မြို့စာရေး ငပိန်ရဲ့ လက်ကိုဆွဲခါကိုင်လှုပ် ဝမ်းသာနေပါရော။ ငပိန်ကလည်း မြို့ဝန်မင်းဘိုင်ဆပ်က ဒီလို ချီးကျူးတော့ ဘဝင်မြင့်နေတာပဲ။

ငပိန်က ရွှေဒင်္ဂါးတွေကို ပြန်စုကောက်ပြီး စားပွဲပေါ် ပြန်တင်ပေးတယ်။ မြို့ဝန်ဘိုင်ဆပ်က ရွှေဒင်္ဂါးတွေကို ရေတွက်ပြီး ရွှေဒင်္ဂါးပြားရေ နှစ်ဆယ်တိတိ မြို့စာရေးငပိန်ကို ပေးခဲ့တယ်တဲ့။

တိုတိုပြောရရင် ...

ဒီခွင်က သူတို့နှစ်ဦး မြန်မြန်ချမ်းသာတဲ့ခွင် သေချာမှန်း သိသွားပြီလေ။ ဒီလိုမျိုး ဩဇာအာဏာသုံးပြီး မြိုးမြိုးမြက်မြက်ရမည့် ခွင် ဘယ်မှာ ရှိမှာလဲဗျ။

နောက်နေ့တွေမှာလည်း ပိုက်ဆံရှိတဲ့ သူဌေးတို့၊ ကုန်သည်ပွဲစားတို့ အိမ်မှာ အလုပ်လုပ်နေတဲ့ အလုပ်သမားကျေးကျွန်တွေကို တိတ်တဆိတ် ခေါ်ပြီး ကျွေးမွေးပေးကမ်း တပည့်မွေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်ထိုးရာမှာ လိုအပ်တဲ့ မီးသွေး၊ လုံ၊ ခြသံ၊ ရေသံ၊ ပြဒါး၊ ရွှေ ငွေ၊ ကြေးနီ စတဲ့ ပေါင်းစပ်ပစ္စည်းများနဲ့ စားရေရိက္ခာပါ စောင်မကြည့်ရှု ဖြည့်ဆည်းပေးတယ်။ (၁၂၃၉)ခုနှစ်တုန်းက ကျပ်က အသက်ငါးဆယ် ကျော်အရွယ်။

ဖိုရုံကိုလည်း ပျဉ်ကာအိမ်ကြီးအဖြစ် မြောက်ဥယျာဉ် အနောက် မြောက်ထောင့်မှာ ဆောက်ပေးတယ်။

အကြောင်းထူးခြားရင် မင်းတရားကြီး ရွှေနားတော်ရောက် သံတော် ဦးတင်။

အဲဒီ အင်္ဂလိပ်လုပ်ငန်း စခန်းကြီးကို ကြီးကြပ်အုပ်ချုပ်တဲ့သူက သံတော်ဆင့်မင်း အဝေးကျိုဝန် ဦးလတ်လေဗျာ။

(သံတော်ဆင့်မင်းဦးလတ်ဆိုတာ နောင်အခါ ဝက်မစွပ်မြို့စားမင်းကြီး ဖြစ်လာသူ ဖြစ်သည်။) စကားချပ်

သံတော်ဆင့်မင်းက အင်္ဂလိပ်ပညာရှင်စခန်းကို ကြီးကြပ်အုပ်ချုပ် ထောက်ပံ့ရုံမျှမကဘူး ...

တောင်ဥယျာဉ်တော်မှာ ခေတ်မီပုံနှိပ်စက်ရှိတော့ ပုံနှိပ်စက်ရုံကို ပါ ကြီးကြပ်ရတယ်။

စာပုံနှိပ်စက်ကို အင်္ဂလိပ်ဘုန်းတော်ကြီး (ဘီဂန်)ထံက ဝယ်ထား တာဗျ။

မင်းတုန်းမင်းတရားကြီး ရွှေဖြစ်ငွေဖြစ် အင်္ဂလိပ်ပညာ မြောက်စား ပုံကတော့ အံ့သြစရာပါပဲဗျာ။

ပြောချင်တာက သံတော်ဆင့်မင်းကြီးကြပ်ရတဲ့ အင်္ဂလိပ်ဖိုရုံရဲ့ အဆင့်အတန်းကို နောက်လာနောက်သားတွေ အမှတ်တရ သိရအောင် ပြော ပြချင်တာပါဗျ။

မင်းတုန်းမင်းကြီးက အင်္ဂလိပ်သံဖိုနန်းတော်ကို မကြာခဏ ထွက် တော်မူကြည့်ရှု စစ်ဆေးလေ့ရှိတယ်။ မူလက သံဖိုရုံက မြောက်ဥယျာဉ်မှာ အုတ်ကြွပ်မိုး၊ ပျဉ်ကာ၊ အိမ်ကြီးနဲ့ နေရာချပေးထားတာ။

အဲဒီနေရာကို သံဖိုနန်းတော်လို့ အမည်သမုတ်တယ်ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



မင်းတို့သူဌေး ရွှေငွေရတနာဖွက်ထား၊ မြှုပ်ထားတဲ့နေရာကိုပြော ငါဖော်မယ်။ ရရင် မင်းတို့လည်း ကြီးပွားရစေမယ်။

ငါ့စကားနားမထောင်ရင် မင်းတို့ကို ရာဇဝတ်မှု မသင်္ကာမှုနဲ့ အချုပ်ထဲ ထည့်မယ်။ ခြိမ်းခြောက် တပည့်မွေးတယ်။

သီးသန့် စုံစမ်းထောက်လှမ်းဖို့ တပည့်တွေလည်း မွေးထားတယ်။ အမရပူရ ရွှေမြို့တော်မှာ ဘယ်သူဘယ်မျှ ချမ်းသာသလဲ။

ဘယ်လိုချမ်းသာတာလဲ။

ဒီလို သေချာအောင် စုံစမ်းပြီး ပိုက်ဆံချမ်းသာတဲ့ သူဌေးအိမ်တွေကိုဝင် ...

မြို့ဝန်အမိန့်နဲ့ ငှက်တော်ဥယျာဉ်ရုံအတွက် မြေခွေးရှာလာတယ် ဆိုပြီး ဝင်တော့တာပဲ။

မြို့ဝန်ဘိုင်ဆပ် အမိန့်လို့ပြောတော့ ကြောက်တာပေါ့။

မြို့ဝန်ဘိုင်ဆပ် ဆိုးသွမ်းရက်စက်ကောက်ကျစ် ယုတ်မာတာကို ကြားဖူးမြင်ဖူးတာလည်း ရှိကြကိုး။

အဲဒီလို အာဏာအလွဲသုံးစားလုပ်ပြီး သူဌေးအိမ်ခြံဝင်းထဲ ဝင်တူး မြေခွေးရှာကြ။

မြေခွေးရှာတာက ဟန်ပြသက်သက်ဗျာ။

သူတို့အဓိက ရှာတာက မြေကြီးထဲ မြှုပ်ဝှက်ထားတဲ့ ရွှေအိုးကို ရှာတာ။

မြို့သူဌေးကြီးတွေဟာ သူတို့ရဲ့ ရွှေငွေရတနာတွေကို သူခိုးဓားပြ ရန်ကြောက်လို့ မြေကြီးထဲ ထည့်မြှုပ်ဝှက်တာများတယ်။

ဒါကို လျှို့ဝှက်တပည့်တွေရဲ့ စုံစမ်းထောက်လှမ်း သတင်းပေးချက် အရ ဝင်ပြီးတူးတာရှာတာ။

သူတို့အဖွဲ့က အိမ်ဝင်းထဲဝင်လာကတည်းက မြေခွေးကောင်တွေ အသင့်ပါလာပြီးသားဗျာ။ သေချာတဲ့ သူဌေးအိမ်ကို တပည့်ကျော် ဘိုရွှေဒွန် အမှုတော်ထမ်းတွေနဲ့ တစ်ခြံလုံး ပိုက်စိပ်တိုက်တူးကြတာ။



www.burmeseclassic.com

www.burmeseclassic.com



အချို့ သူဌေးအိမ်တော် မြေကြီးထဲက ရွှေအိုးရတယ်။ အချို့ သူဌေး အိမ် ဥရှုတိုင်အောက်က ရွှေအိုးတွေ ရတယ်။

သူတို့ အကုန်ယူတာပဲ။ သိမ်းတာပဲ။

ကျွန်တော်မျိုးတို့ ပစ္စည်းတွေပါလို့ ပြန်ပြောရင် ဘာပြောမှတ် လို့လဲ။

ဘုရင့် ဆွေတော်မျိုးတော် တစ်ဦးအိမ် ဓားပြတိုက်ခံရတယ်။ ဒီ ပစ္စည်းတွေပဲ။ မင်းတို့ မြေကြီးထဲ ထည့်ဝှက်ထားတာ အခုတွေ့ပြီ။ လာ ... ရုံးတော်လိုက်ခဲ့ ... လုပ်ရော။ ခြိမ်းခြောက်ရော။

မြို့ဝန်မင်း ဘိုင်ဆပ်ရဲ့ အိမ်တော်ရောက်ရင် သေရင်သေ၊ မသေရင် ကျိုးကန်းဒုက္ခိတဘဝ ရောက်ရော။

ဟုတ်ဟုတ်မဟုတ်ဟုတ် ထောင်ထဲမှာ အချိန်တွေကြာပြီး သေ သွားနိုင်တယ်။

နောက်ဆုံး ... သူတို့သိမ်းတာကို သဘောတူရတာပဲ ရှိခဲ့ကြတယ်။ ဒီလိုနဲ့ သူဌေးအိမ်အတော်များများက ရွှေအိုးတွေရပြီး မြို့ဝန်ဘိုင်ဆပ်က တစ်ဝက်။

မြို့စာရေးမောင်ပိန်က တစ်ဝက် ဝေယူကြတယ်။

အတူပါလာတဲ့ အမှုထမ်းတွေလည်း နည်းနည်းစီ ဝေပေးကြ တယ်။ ဒီလိုနဲ့ မြို့စာရေးမောင်ဖိန်လည်း သူဌေးကြီးဦးပိန်ဖြစ်လာခဲ့။

မြို့ဝန်ဘိုင်ဆပ်လည်း အိမ်ကြီးရခိုင်နဲ့ လူချမ်းသာကြီး။ လယ်ပိုင် ရှင်၊ မြေပိုင်ရှင်ကြီးဖြစ်ပြီး အမရပူရနေပြည်တော်မှာ လူတိုင်း ဖိန့်ဖိန့်တုန် အောင် ကြောက်ရတဲ့ မြို့ဝန်ကြီးဖြစ်ခဲ့တယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၁၂]

❑

မြို့ဝန်ကြီးဘိုင်ဆပ်က ဘုရင့်ရဲ့ လူရင်းလူယုံဆိုတော့ နန်းတွင်းလည်း ဝင်ချင်သလိုဝင်၊ ထွက်ချင်သလိုထွက် အခွင့်အရေး ရထားတာလေ။

လွှတ်တော်ထဲက အရေးပါတဲ့ ဘုရင့်လူရင်း အရာရှိတွေကိုလည်း ပေးကျွေးပေါင်းထားတယ်။

အမှုအခင်းတွေမှာ ဝင်ရောက်စွက်ဖက်တယ်။

လာဘ်ထိုးပြီး စည်းရုံးတယ်။

တော်ရုံရာဇဝတ်မှုများ မြို့ဝန်ဘိုင်ဆပ်ကို လာဘ်ထိုးပြီး အကူအညီတောင်းရင် တရားခံဘဝက လွတ်တာပဲ။ သူ့ကို လာဘ်မထိုးရင် ထောင်ကျအောင် သေဒဏ်ပေးအောင် ဝင်ရောက်ပြောဆိုတယ်။

ဘယ်လောက်ထိ ယုတ်မာသလဲဆိုရင် ...



www.burmeseclassic.com

www.burmeseclassic.com



သူနဲ့ မသင့်မြတ်တဲ့အိမ်ကို ဘိန်းပစ်ဖမ်းတာမျိုးလုပ်တယ်။

ဥပမာ သူ့လူရင်း သူဌေးအိမ်၊ ရွှေငွေလက်ဝတ်လက်စားကို ဘိုင်ဆပ်နဲ့ မတည့်တဲ့အိမ်မှာ ပစ်ထားတာတို့၊ တပည့်တွေနဲ့ လို့ဝှက်ဝင် မြှုပ်ထားတာတို့ လုပ်တယ်။

ပြီးရင် အဲဒီအိမ်ကို ပစ္စည်းပျောက် မသင်္ကာမှုနဲ့ ရှာတယ်။

ကြိုတင်ကြံစည်ထားတာဆိုတော့ ဝှက်ထားတဲ့ ပစ္စည်းတွေ့ရော လာ ... လိုက်ခဲ့။ ဘယ်သူ့အိမ်တိုက်တဲ့ ဓားပြ၊ သက်သေခံနဲ့ မိပြီဆိုပြီး ထုထောင်းရိုက်ပုတ် ခေါ်သွားတာပဲ။

ရွှေထုပ်ငွေထုပ်ပေးရင် အမှုမလုပ်ဘူး။

မပေးရင် ထောင်တန်းကျအောင် လုပ်ပစ်တာ ဘိုင်ဆပ်ပဲ။

ဒါကြောင့် သူ့ကို ဘုရင်မင်းမှူးထမ်းတွေကအစ ကြောက်ကြတယ်။ မတော် ပစ္စည်းထုပ်ပစ်၊ လက်နက်တွေလာဝှက်ပြီး အကွက်ဆင်ဖမ်းမှာ စိုးလို့ပေါ့ဗျာ။

မသင်္ကာလို့ပြောပြီး ငွေညှစ်ရာမှာ ဘိုင်ဆပ်က ဆရာကြီးပဲ။ (၁၂) မှုမင်းတိုင်း ကျေး ကိစ္စတွေမှာလည်း ဝင်ပြီးခေါင်းပုံဖြတ်၊ ဈေးလျှော့၊ တိုး ကောက်လုပ်ပြီး ...... ရှာခဲ့တယ်။

ရှင်းအောင်ပြောရရင်တော့ ...

ဝန်ကြီး၊ မှူးကြီး၊ မတ်ကြီးတွေကိုတောင် သူပြောတဲ့အတိုင်း မလုပ်ပေးရင် ရာထူးကျ၊ အလုပ်ပြုတ်၊ အဝေးရောက်၊ ဘဝပျက်အောင် ကြံစည်လို့ သူ့ကို မှူးကြီးမတ်ကြီးတွေကအစ ရွံ့ကြောက်ကြောက်ရ တယ်။

လွှတ်တက်မင်းသားကြီးများဖြစ်ကြတဲ့ မင်းတုန်းမင်းသားကြီး၊ ကနောင်မင်းသားကြီးတို့၊ မက္ခရာမင်းသားကြီးတို့ဟာ သိက္ခာရှိ၊ သမာသမတ် ရှိတဲ့ မင်းသားကြီးတွေပါဗျာ။

မြို့ဝန်ဘိုင်ဆပ်က အဲဒီ ဘုရင့်ညီတော်မင်းသားကြီးတွေကိုတောင် မထီမဲ့မြင် လုပ်ချင်သေးတာ။



www.burmeseclassic.com

www.burmeseclassic.com



မင်းသားကြီးတွေရဲ့ ကျွန်ရင်းလူယုံတွေကလည်း မြို့ဝန်ဘိုင်ဆပ်နဲ့ မြို့စာရေးငပိန်တို့ ဘုရင့်အရှိန်နဲ့ လုပ်ပါးဝ၊ ကောက်ကျစ်စဉ်းလဲ၊ မထီမဲ့မြင် လုပ်နေတာကို ကြည့်မရဘူး။

ခုတ်ချင်ထစ်ချင်နေကြတာ။

မင်းသားကြီးတွေက ဟန့်တားလို့သာပေါ့။

ကိုယ့်လူတွေက ခုတ်တာထစ်တာ အရေးကို ဘိုင်ဆပ်တို့က ပုဂံမင်းတရားကြီးအား ပုန်ကန်ရန် လူစုလေ့ကျင့်နေပါတယ်လို့ သွားဂုံးတိုက်ရင် ...

နောင်တော် ပုဂံမင်းက သူ့ကျွန်ရင်း မြို့ဝန်ဘိုင်ဆပ်ရဲ့ စကားကိုပဲ နားဝင်နေတာ။ ဘုရင့်အကြိုက်ကို ဘိုင်ဆပ်က လုပ်ပေးနေတာ။ ဘိုင်ဆပ်စကားကို နားဝင်လို့ ယုံသွားခဲ့ရင် မင်းသားကြီးတွေ အားလုံး ကိုယ်ကျိုးနည်းကုန်ကြမယ်။ ဘုရင်က သူ့ကို ပုန်ကန်ရန် ကြံစည်တယ်လို့ ယုံသွားရင် သားမယားရော၊ နောက်လိုက်ကျေးကျွန်တွေရော အကုန်သေဒဏ်။

မြို့ဝန်ဘိုင်ဆပ်ကို မကျေနပ်တဲ့ ဝန်ကြီးတွေ မှူးမတ်တွေလည်း ရွှေနန်းတော်ထဲ ရှိတာပဲ။ သို့သော်လည်း မပြောရဲဘူး။

မြို့ဝန်ဘိုင်ဆပ်က လူညစ်၊ လူယုတ်မာ။

တပည့်သားမြေးတွေက မြို့ဝန်ဘိုင်ဆပ် မတရားလုပ်နေတာတွေ ပြောပြပေမဲ့ သည်းခံကြ၊ ပုဂံမင်းက မြို့ဝန်ဘိုင်ဆပ် ပြောသမျှ ယုံနေတာ။

သင်း မိုးကောင်းလို့ စိတ်ကြိုက်ရွာပစေ။

ငါတို့ မိုးကောင်းရင် သင်းတို့ခေါင်းပေါ်ကို မိုးကြိုးအစင်းပေါင်း တစ်ရာကျော် ပစ်ချပြီး ပြာကျစေရမယ်ကွလို့ ကျိတ်ပြီး ကြုံးဝါးနေကြရတယ်။

မြို့စာရေးငပိန်နဲ့ မြို့ဝန်ဘိုင်ဆပ်တို့ ယုတ်မာပုံထဲမှာ မိန်းမလိုက်စားတာ အတော်ရက်စက်တယ်ဗျ။



www.burmeseclassic.com

www.burmeseclassic.com



ရွှေမြို့တော်ရပ်ဝန်းမှာ ဘယ်မိန်းမပျို ချောချောလှလှမြင်သလဲ၊ မြင်ရင် မြို့စာရေးငပိန်ရောက်လာပြီး . . .

"ခင်ပျားသမီးကို မြို့ဝန်မင်းက သဘောကျလို့ လက်ထပ်ယူချင်တယ်တဲ့"

အဲဒီလို မိဘတွေကိုပြောရင် မိဘများရော၊ သမီးပျိုတွေရော ကြက်သီးဖြန်းဖြန်းထ၊ ခြေသလုံးဖက်တောင်းပန်ကြရရော။

ဘိုင်ဆပ်မှာ မယားတွေ အများကြီးရှိတယ်။

အချောအလှတွေချည်းပဲ။

ကုလားမရော၊ ဗမာမရော၊ ယူထားတာ။ အခမ့်ခြိမ်းခြောက်ပြီး ယူတာလေ။ နှစ်ကိုယ်တူချစ်လို့ကြိုက်လို့ လက်ထပ်ထားတာ မဟုတ်ဘူး။

မြို့ဝန်ဘိုင်ဆပ်က သေသောက်လည်း ကြူးတယ်။

မိန်းမပေါင်းစုံလည်း လိုက်စားတယ်။

လူနေပုံကလည်း ရာထူးနဲ့မတန်အောင် ရွံစရာကောင်းတဲ့ ဖေဘာရီကုလားစပ်ဗျ။

အရောင်တောက်ပလို့သာ စိန်လို့ခေါ်ရတာ။ အမှန်က အိုးခြမ်းကွဲလောက် အဖိုးမတန်တဲ့ လူယုတ်မာ။

အဲဒါ မြို့ဝန်ဘိုင်ဆပ်ကို လက်မထပ်ချင်ရင် ဘိုင်ဆပ်နဲ့ ငပိန်တောင်းတဲ့ ရွှေငွေပေးရတယ်။ အဲလိုပေးမှ ဒီသမီးပျို မိန်းမချော မြို့ဝန်ကုလားဘိုင်ဆပ် ဖျက်ဆီးခံရသည့်ဘဝက လွတ်မြောက်ရတာ။

ရွှေငွေမပေးနိုင်ရင် အနိုင်ကျင့်ရော။

"ဟဲ့ကောင်မလေး . . . နင့်အဖေကို ခါးပြမှုမသကာနဲ့ ဖမ်းလိမ့်မယ်။ ခိုးမှု မသကာနဲ့ ဖမ်းတော့မယ်ဆိုပြီး ခြိမ်းခြောက်တော့ ရွှေငွေ၊ တံစိုးလက်ဆောင်မပေးနိုင်တဲ့ မိန်းမချောလေးတွေ လူယုတ်မာဘိုင်ဆပ်နဲ့ ငပိန့်ရင်ခွင်ထဲရောက် ဘဝပျက်ရတာပဲ . . . သံတော်ဆင့်မင်း"

"ဒီကိစ္စတွေ ပုဂံမင်းကြီး မသိဘူးလား . . . ဦးသူတော်"



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူးလေ ... သိအောင်ပြောဝံ့တဲ့လူ မရှိဘူးကိုး"

"သိအောင်ပြောရဲတဲ့ ဝန်ကြီးတစ်ဦးရှိတယ်"

"ဘယ်ဝန်ကြီးများပါလိမ့်ဗျာ"

"စစ်တောင်းစားဝန်ကြီး ဘိုးဘိုးပဲ ...။ စစ်တောင်းစားဘိုးဘိုးက သက်တော်ရှည်ဝန်ကြီးပဲ။ ဟိုး ရွှေဘိုမင်းလက်ထက်ကတည်းက ရှင်ဘုရင် မင်းမှုထမ်းဝန်ကြီးတွေ၊ မိဖုရားတွေပါ လေးစားရတဲ့ ဝန်ကြီးပဲ။ မှန်တာပဲ ပြောတယ်။ ဟုတ်တာပဲ လုပ်လို့ အများက ဘိုးဘိုးစစ်တောင်းစားဝန်ကြီးကို ရှိသေလေးစားကြတယ်။ စစ်တောင်းစားဘိုးဘိုးပြောရင် ဘုရင်ကလည်း နားထောင်တော်မူတယ်။ သို့သော် စစ်တောင်းစားဝန်ကြီးက လွန်ခဲ့တဲ့ နှစ်က ကွယ်လွန်သွားပြီ။ ဒါကြောင့် ဘုရင့်ကို သိအောင်ပြောရဲတဲ့ ဝန်ကြီး မရှိဘူး။ သို့သော် အားကိုးရမည့်သူတစ်ဦးကို သွားတွေ့ကြတယ်။

"ဘယ်သူပါလိမ့် ... ဦးသူတော်ရယ်"

"ပုဂံမင်းတရားကြီးရဲ့မယ်တော် သီရိပဝရတိလောက မဟာရတနာ ပဒုမ္မာဒေဝီဘွဲ့ခံမိဖုရားကြီးပဲ။ သူက ရွှေဘိုမင်းရဲ့ မိဖုရားခေါင်ကြီး ပုဂံမင်းရဲ့မယ်တော်"

"ပြောပါဦး ... မယ်တော်ကို သွားပြောတော့"

"မင်းမှုထမ်းကြီးတစ်ဦး ကျုပ်ကို ပြန်ပြောလို့ ကြားသိရတာ ဒီလိုဗျာ ... သံတော်ဆင့်မင်းရ"

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

[ ၁၃ ]

❑

ပုဂံမင်းရဲ့ မယ်တော် မိဖုရားကြီး အဆောင်တော်ကို တစ်နေ့ ဝန်ကြီးအချို့နဲ့ မှူးမတ်အချို့ ရောက်လာခစားကြတယ်။

''ဝန်မင်းတို့ ပဓာအကြောင်းရှိလို့ မခစားစဖူး လာရောက်ခစားကြတာတုံးကွယ့် ပြောကြပါဦး''

ဝန်ကြီးတစ်ပါးက တင်လျှောက်တယ်။

''မှန်လှပါ . . မယ်မယ်ကြီးဘုရား။ ပုဂံမင်းတရားကြီး သူကောင်းပြု မြှောက်စားတော်မူတဲ့ မြို့ဝန်ဘိုင်ဆပ်နဲ့ မြို့စာရေးငပိန်တို့ဟာ ရွှေမြို့တော် အဝှမ်းမှာ အာဏာအလွဲသုံးစားလုပ်၊ နောက်လိုက်အားကိုးနဲ့ မြို့သူမြို့သား သူဌေး၊ သူကြွယ်များမကျန် ခြိမ်းခြောက်အကျပ်ကိုင် နှိပ်စက်ကလူ ပြုနေပါ တယ် မယ်မယ်ကြီးဘုရား။ အမျိုးကောင်းသမီးပျိုများကိုလည်း ငွေနဲ့ပေါက်၊ အာဏာနဲ့ ခြိမ်းခြောက် ဖျက်ဆီးပြုမူနေတာ ကြာပါပြီဘုရား။ ဒါ့အပြင် ရွှေနန်းတော် တရားရေးဌာနတွေမှာပါ အမှုပွဲစားလုပ် ဝင်ရောက်စွက်ဖက်



www.burmeseclassic.com

www.burmeseclassic.com



ဖျက်စီးကြောင်းများ ကြံစည်ပါတယ် ဘုရား။ မင်းမှုထမ်းများကိုလည်း မလိုရင် မလိုသလို အမှုဆင် ခြိမ်းခြောက် ဘဝပျက်အောင် လုပ်နေပါသဖြင့် မယ်မယ်ကြီးရဲ့ ရင်သွေးတော် ပုဂံမင်းတရားကြီးကို မယ်မယ်မိဖုရားကြီး ပြောဆိုအသိပေး၍ ကယ်တင်ပေးပါရန် လျှောက်တင်ရပါတယ် မယ်မယ်ကြီး ဘုရား"

"အင်း ... ငါလည်း အပျိုတော်ကြီးတွေ၊ မင်းမှုထမ်းတွေပြောလို့ ဘိုင်ဆပ်တို့ မလျော်မကန်လုပ်နေတာတွေကြားပြီး စိတ်မကောင်းဘူးကွယ်။ မောင်မင်းတို့ရော မင်းတို့ဘုရင်ကို ဒီအကြောင်း မတင်လျှောက်ကြဘူးလား ကွယ့်"

"မှန်ပါ ... မယ်မယ်ကြီးဘုရား။ အရှင်မင်းကြီးက အထူးသူကောင်းပြောက် အရေးပေးထားတဲ့ ယော်ကျွန်အိမ်တော်ပါ ဖြစ်နေတော့ ဘုရားကျွန်တော်မျိုးတို့ ဖြစ်စဉ်ကို လျှောက်တာ လက်ခံရင်တော်ပါသေးရဲ့ဘုရား။ ငါ့လူကို လာပြီး အကျိုးပျက်စီးအောင် လုပ်ရမလားဆိုပြီး ရွှေစိတ်တော်ဆိုး၍ ဘုရားကျွန်တော်မျိုးတို့ကို အရေးယူပါက မိသားစုများပါ ဘဝပျက်ရမည်စိုး၍ မလျှောက်ဝံ့ပါဘူး ... မယ်မယ်ကြီးဘုရား။ သို့သော် ကြာလေဆိုးလေ ဖြစ်နေပါ၍ မတော် တိုင်းရေးပြည်ရေးပါ မြို့ဝန်ဘိုင်ဆပ်တို့ ဝင်ရောက်စွက်ဖက်ပါလျှင် အလွန်စိုးရိမ်ဖွယ်ရာ ဖြစ်ပါသောကြောင့် မယ်မယ်ကြီးဘုရားကို အားကိုးပြီး သားတော်အရှင်မင်းကြီးကို ပြောဆိုနားချပေးတော်မူပါရန် လာရောက်လျှောက်ထားရခြင်းပါ ဘုရား"

"ဒီလိုတော့ ဘယ်ဖြစ်မလဲကွယ့်။ ငါတို့နဲ့ အင်္ဂလိပ်နဲ့ကလည်း စစ်ရေးဖြစ်နေရတဲ့ အချိန်ဥစ္စာ။ တိုင်းရေးပြည်ရေးပါ ဝင်စွက်ဖက်တဲ့ အဆင့်တော့ ဘယ်အရောက်ခံလို့ ဖြစ်မှာလဲ။ စိတ်ပူတော် မမူပါနဲ့ ... ဝန်မင်းတို့ သားတော်ကြီးကို မယ်မယ်ကြီး ပြောဆိုဆုံးမ သတိပေးတော်မူပါမည်ကွယ် နော်"

"မှန်ပါ ... မယ်မယ်ကြီးဘုရား။ ကျေးဇူးတော် ကြီးမြတ်လှပါပေ ဘုရား။ ကျွန်တော်မျိုးတို့ကို ပြန်ခွင့်ပြုတော်မူပါ ... မယ်မယ်ကြီးဘုရား"



www.burmeseclassic.com

www.burmeseclassic.com



မယ်တော်မိဖုရားကြီး ကြားသိရတဲ့အချက်တွေ မှန်နေပါရောလား။ အင်း ... ဘိုင်ဆပ် ... ဘိုင်ဆပ် ... သားတော်ပုဂံမင်းက ငယ်ကျွန်အိမ်တော်ပါမို့ မြှောက်စားခဲ့တာကို အာဏာအားကိုးနဲ့ နိုင်ထက်စီးနင်း လုပ်နေပါကလား။

မယ်တော် မိဖုရားကြီး စဉ်းစားတော်မူတယ်တဲ့။

သူ့သားတော် ပုဂံမင်းသည် ငယ်စဉ်ပျိုရွယ်စဉ်တည်းက ကြက်တိုက်၊ ခါတိုက် ဝါသနာကြီးတယ်။ ရောင်စုံလှတဲ့ ဒေါင်းတွေ၊ ငှက်တွေကိုလည်း စုံမက်မြတ်နိုးတယ်။

ဒီမှာ ချီးထောင်၊ ခါထောင် ဘိုင်ဆပ်ဆိုတဲ့ ဖေဒဘာရီကုလားစပ် ငှက်သမားရဲ့ ဆက်သတဲ့ တိုက်ကြက်ရောင်စုံ၊ ခါမျိုးစုံ၊ ငှက်မျိုးစုံတို့ကို သဘောကျပြီး ဘိုင်ဆပ်ကို လက်သပ်မွေးခဲ့တာပဲ။

ဘိုင်ဆပ်ဆိုတဲ့ ကောင်ကလည်း ပုဂံအိမ်ရှေ့မင်းသား အလိုကျ လိုချင်တဲ့ငှက် ရအောင်ရှာပေးတယ်။ ကြက်တိုက်၊ ခါတိုက်၊ ချီးတိုက် အမြဲအမူနဲ့ မင်းသားအလိုကျ ဆောင်ရွက်ပေးတယ်၊

ဘိုင်ဆပ်က ကြက်တူရွေးကို သာလိကာတို့ကို စကားတတ်အောင် သင်ပေးတော့ မင်းသားမြင်တာနဲ့ ကြက်တူရွေးနဲ့ သာလိကာတို့က မင်းသား မင်းသားလို့ နှုတ်ဆက်ကြတော့ ဘိုင်ဆပ်ကို ပိုပြီး လက်သပ်မွေးတာပေါ့။

ဘိုင်ဆပ်ကြောင့်လည်း ငှက်မျိုးစုံဥယျာဉ်ကြီး တောင်ဥယျာဉ်မှာရော၊ မြောက်ဥယျာဉ်မှာပါ ဖြစ်ခဲ့သလို။

ဘိုင်ဆပ်လည်း ငှက်ရုံတော် အကြီးမှူးဖြစ်ခဲ့တယ်။

အချိန်ရတာနဲ့ ဘိုင်ဆပ်စီစဉ်တဲ့ ကြက်တိုက်၊ ခါတိုက်ပွဲတွေမှာ သားတော်မင်းသား ပျော်ရွှင်ကြည်နူးခဲ့တယ်လေ။ ပျော်ရွှင်စိတ်ချမ်းသာခဲ့သည်ကိုး။

ဘုရင့်သား၊ အိမ်ရှေ့မင်းသာဖြစ်မည့်သူမို့ ဘုရင့်သားတော်နဲ့ အပ်စပ်တဲ့ ဒီ ကြက်တိုက်၊ ငှက်တိုက် အလောင်းအစားအလုပ်တွေ မလုပ်



www.burmeseclassic.com

www.burmeseclassic.com



မင်းတုန်းမင်းကြီးလည်း ကြွလာပြီး အဂ္ဂိရတ်ဝါသနာတူ မှူးမတ်တွေနဲ့ အဂ္ဂိရတ်အကြောင်း ဆွေးနွေးတိုင်ပင်လေ့ရှိတယ်

နောက်ပိုင်းမှာတော့ မြောက်ဉယျာဉ်အတွင်းမှာရှိတဲ့ သံဗိုနန်းတော်ရှိရာ သွားရတာဝေးလို့ ရွှေနန်းတော်ရှိ မှန်နန်းတော်မြောက်ဘက် ပန်းခုံတော်နေရာကို ရွှေ့ပြောင်းနေရာချပေးလိုက်တယ်ဗျာ။

ရွှေနန်းတော်မှာလည်း အဂ္ဂိရတ်ဝါသနာပါတဲ့ ပုဂ္ဂိုလ်တွေရှိတယ်ဗျို့။

ပေါ့သေးသေးပုဂ္ဂိုလ်တွေ မဟုတ်ဘူးဗျ။

အဲဒီ ပုဂ္ဂိုလ်ကြီးတွေကတော့ . . .

ရွှေမြို့တော်ဝန် ဦးသာအိုး . . .

အနောက်နန်းတော် မိဖုရားရဲ့ ဦးရီးတော်ဆင်ဝန်။

ပင်းတလဲမြို့ဝန် ဦးပို။

ကျီဝန် ဦးတုတ်ကြီး။

မြင်းစုကြီးဝန် ပခန်းငယ်မြို့စား ဦးတက်တူ။

တောင်မာရဆင်မိုလ် ဦးခေါင်းတို့ပဲ။

နန်းတော်ပေါ်က အဂ္ဂိရတ်ဖိုရုံကို သူတို့ပဲ ဝင်ခွင့်၊ ဆွေးနွေးတိုင်ပင်ခွင့်ရှိတယ်။

ကျန်တဲ့ အဂ္ဂိရတ်ဝါသနာပါသူ မှူးတော်မတ်တော်တို့ လုံးဝ ဝင်ခွင့်၊ ကြည့်ခွင့်မရှိဘူး။

ဘာလို့လဲ . . . ဟုတ်လား။

အကြောင်းရှိလို့ပေါ့ဗျာ။ သင်းတို့က အဂ္ဂိရတ်ဝါသနာပါတဲ့ မင်းတရားကြီးကို ရိသဲ့သဲ့ကွယ်ရာ ပြောကြလို့လေ။

မင်းတုန်းမင်းတရားမို့သာပေါ့ဗျာ။

သာယာဝတီမင်းတို့၊ ပုဂံမင်းတို့သာဆို ခုလို ရိသဲ့သဲ့ပြောရင်လားရာထူးပြုတ်ပြီး ပါးစပ်ထဲက သွားတွေကျိုးအောင် ပညာပေးလိုက်မှာဗျ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com



ပါနဲ့ သားတော်လို့ပြောလည်း ဝါသနာပါလို့ပါ မယ်မယ်ဘုရား။ ခွင့်လွှတ်တော်မူပါ ပြောခဲ့တယ်။

အခု သားတော် အမရပူရမင်းဖြစ်တော့ အိမ်တော်ပါ ယော်ကျွန် အမှုလုပ်များကို ရာထူးအသီးသီး ချီးမြှောက်ခဲ့တယ်။

ဒီမှာ သူ့ယော်ကျွန်ရင်းကြီး ငှက်တော်ရုံအကြီးအမှူး တိရစ္ဆာန်ဝန်ကို မြို့ဝန်ကြီး ရာထူးပေးခဲ့တယ်။

ဘုရင်နှစ်သက်လို့ ချီးမြှင့်မြှောက်စားတော့လည်း ဘယ်သူ ကန့်ကွက်ရဲမှာလဲလေ။

ခုတော့ သူ သူကောင်းပြုခဲ့တဲ့ ယော်ကျွန်မြို့ဝန်ဘိုင်ဆပ်က မြို့စာရေးငပိန်နဲ့ ပေါင်းပြီး အာဏာအလွဲသုံးစားလုပ်။

ချမ်းသာအောင် မကြံကောင်းတာတွေကြံပြီး သူဌေးဘဝကို ဖြတ်လမ်းကလိုက်၊ မြို့သူမြို့သား နယ်သူနယ်သားတွေကို ခြိမ်းခြောက်နှိပ်စက် အနိုင်ကျင့်။

မဖြစ်ချေဘူး။

ဘိုင်ဆပ်က ရွှေနန်းတော်တွင်းပါဝင်ပြီး နယ်ချဲ့လာပြီဆိုတော့။ မတော် တိုင်းရေးပြည်ရေးပါ မတန်မရာဝင်ပါရင် နန်းတွင်းမှာ သွေးကွဲကုန်မယ်။

ဒါနဲ့ အခွင့်သာတဲ့နေ့မှာ ပုဂံမင်းရှိရာ အဆောင်တော်ကိုကြွပြီး မြို့ဝန်ကြီးဘိုင်ဆပ်နဲ့ မြို့စာရေး မောင်ပိန်တို့ လူမဆန်တဲ့ လုပ်ရပ်တွေကို ပြောပြနားချတော့။

''သားတော် ပုဂံမင်းဟာ ခုလို ပြောသတဲ့ဗျာ။

မယ်တော်ရယ် နန်းတွင်းမှာရှိတဲ့ လူတွေက ‥ သားတော်ရဲ့ ယော်ကျွန်ကြီး ဘိုင်ဆပ် အာဏာရှိတာ၊ ငြိမ်ဝပ်ပိပြားအောင် လုပ်တာတွေကို မနာလိုလို့ ပြောနေတာပါ မယ်တော်။ ဘိုင်ဆပ်တို့ ဒီလောက်ကြီးလဲ မဆိုး မရဲပါဘူး မယ်တော်ရယ်။ ဘိုင်ဆပ်ကလည်း ပြောပါတယ်။ သူ့ကို မနာလို သူတွေ ရန်လုပ်သူတွေ ရှိနေပါတယ်ဘုရားတဲ့။ ဒီမှာ မယ်တော် ‥ ဘိုင်ဆပ်



www.burmeseclassic.com

www.burmeseclassic.com



အတွက် စိုးရိမ်တော် မမူပါနဲ့ မယ်တော်ဘုရား။ သားတော်တစ်ယောက်လုံး ရှိပါတယ် ဘုရား။ သူများ မနာလိုဝန်တို ပြောတိုင်းလည်း မယုံပါနဲ့ မယ်တော်ကြီးရယ်။ ဘိုင်ဆပ်က သားတော် မင်းသားဘဝကတည်းက သားတော်ပျော်ချင်တာကို မဆုတ်မနစ် လုပ်ကိုင်ပေးတဲ့ ကျွန်ရင်းပါ မယ်တော်ရဲ့''

အဲဒီလို သားတော်ဘုရင်က ပြန်ပြောလို့ ...

တစ်ချိန်တုန်းက ရွှေဘိုမင်းတရားကြီးရဲ့ တောင်နန်းစံမိဖုရားခေါင်ကြီးဖြစ်ခဲ့ဖူးတဲ့ မယ်တော်မိဖုရားကြီး တပ်ဆုတ်ပြန်ခဲ့ရတယ်။

ဒီအကြောင်း လူရင်းတွေကို ပြောပြလို့ ပြန်သိရတာပါဗျာ။

ဝန်ကြီးတွေလည်း စိတ်မကောင်းကြဘူးပေါ့။

မင်းတုန်းမင်းသားတို့၊ ကနောင်မင်းသားတို့ သွားပြောပြတော့လည်း သူတို့လည်း မလှုပ်ရဲတဲ့ဘဝ။

နောင်တော် ပုဂံမင်း တိုင်းရေးပြည်ရေးကို ဥပေက္ခာပြုပြီး အပျော်အပါးနဲ့ နစ်မွန်းနေတာသိပေမဲ့ မတားရဲဘူးလေ။

သူတို့ ညီအစ်ကိုတောင် သတိထားနေရတဲ့ဘဝ။

ပုဂံမင်းကြီး နန်းစိုးစံတော့ သားတော်တစ်ပါးမှ မမွေးဘူး။ မင်းကြီးနတ်ရွာစံရင် မင်းတုန်းမင်းသားက နန်းတက်ရမှာ။ သူ နန်းတက်ရမှာကို မလိုတဲ့လူစာရင်းမှာ နောင်တော်ပုဂံမင်းရဲ့ ငယ်ကျွန်၊ သူကောင်းပြုခံ ဝန်ကြီး အမတ်ကြီးတွေပါသလို မြို့ဝန်ဘိုင်ဆပ်တို့လည်း ပါတာကိုး။

ခုနေ ဘုရင်ကို ဘိုင်ဆပ်တို့အကြောင်း သွားလျှောက်တင်ရင် ဘုရင်က ဘယ်သူ့ဘက်က လိုက်မတုံး။ သူ့ကျွန်ရင်း မြို့ဝန်ကို မကောင်းပြောရင် သည်းခံမှာလား။

ပုဂံမင်းရဲ့ သူကောင်းပြုခံ အရာရှိတွေ၊ ဝန်ကြီးတွေက မင်းတုန်းမင်းသားကို အပြစ်ရအောင်ဂုံးတိုက်ကြဦးမှာ။

မင်းတုန်းမင်းသားကြီးတို့၊ ကနောင်မင်းသားကြီးတို့လို ထွတ်အထက်မင်းသားကြီးတွေလည်း အနေမတတ်ရင် ရွှေသွားရမှာ။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး မခံနိုင်တဲ့ ဝန်ကြီးတွေက ပုဂံမင်းရဲ့ နှမတော် စုဖုရားကြီး (နောင်တွင် မင်းတုန်းမင်းတရားကြီးရဲ့ မိဖုရားခေါင်ကြီးဖြစ်မည့်သူ) ကို အားကိုးမှဖြစ်မယ်ဆိုပြီး သွားပြောကြတယ်။

ပုဂံမင်းက နှမတော်ကို မြို့စားဘွဲ့ ပေးသနားထားတယ်။

နှမအရင်းက စုဖုရားကြီးပဲ ရှိတယ်လေ။

စုဖုရားကြီးမှာလည်း တာဝန်ယူစောင့်ရှောက်ရတဲ့ ညီမတော်နှစ်ပါးက ရှိသေးရဲ့ဗျ။ အဲဒါက ရာဇဝတ်မှုနဲ့ ကွယ်လွန်သွားတဲ့ အနောက်နန်းမိဖုရား မမြလေးရဲ့ ကျန်ရစ်တဲ့ သမီးတော် လှိုင်ထိပ်ခေါင်တင် မင်းသမီးနဲ့ . . .

ရာဇဝတ်တော်နဲ့ အဆုံးစီရင်ခံရတဲ့မိဖုရား နန်းမတော်မယ်နုရဲ့ သမီး စုဖုရား (ဆင်ဖြူမရှင်)တို့ပဲဗျ။

သူတို့နှစ်ယောက်ကို ထိန်းကျောင်းပဲ့ပြင် သွန်သင်ဆုံးမနေရတော့ အလုပ်များတာပေါ့။ ပုဂံမင်းရဲ့ နှမတော် စုဖုရားကြီးကလည်း မြို့ဝန်ဘိုင်ဆပ်တို့ လွန်ကျူးယုတ်မာပုံတွေသိတော့ . . .

ကောင်းပြီ . . . အလျဉ်းသင့်တဲ့နေ့ အစ်ကိုတော် ပုဂံမင်းကို ဒီအကြောင်းပြော သတိပေးမယ်လို့ ဆိုတယ်။ အစ်ကိုပုဂံမင်းကို အရိပ်အခြည်ကြည့်နေပေမင့် အခွင့်သာပါသော်လည်း . . .

မယ်တော် သတိပေးသလို။

သမီးတော်ရဲ့အစ်ကိုဘုရင်က ဘိုင်ဆပ်မှ ဘိုင်ဆပ်သမီး။ သမီးပြောလည်း တပ်ဆုတ်ပြန်ရလာရမှာပဲလို့ သတိပေးဖူးတယ်တဲ့။

ဒီလို ကိုယ်ပြောသမျှ ရှင်ဘုရင် နားမဝင်ဘဲ တပ်ဆုတ်ပြန်ရလာရမှာကို စုဖုရားက မလိုလားဘူး။

ဒီလိုနဲ့ မြို့ဝန်ဘိုင်ဆပ်တို့ ရွှေမြို့တော်မှာ မတရားလုပ်နေတဲ့ကိစ္စ ဘုရင်သိအောင် ပြောမည့်သူ မရှိတော့ဘူး။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၁၄ ]

❑

ခုကြည့်စမ်း . . . မြို့စာရေးမောင်ပိန်တောင် အခု သူဌေးကြီး ဦးပိန် ဖြစ်သွားပြီဗျာ။ ဘုရင်က နိုင်းစေတဲ့ လုပ်ငန်းတွေကို မြို့ဝန်ဘိုင်ဆပ်ကရ တယ်။ အဲဒီအလုပ်တွေကို မြို့စာရေးမောင်ပိန်က တာဝန်ယူလုပ်တော့ ကြီး ပွားချမ်းသာတာပေါ့။

အမှန်က ရှင်ဘုရင်တာဝန်ပေးတဲ့ တိုးချဲ့အဆောက်အအုံ လုပ်ငန်း တွေက ဆိုင်ရာပတဵးဝန်တို့၊ နန်းကံကျွေးဝန်တို့က တာဝန်ယူလုပ်ရတာ။

အဲဒါကို မြို့ဝန်ဘိုင်ဆပ်က ကျော်ပြီး လက်ဝါးကြီးအုပ်တယ်။

အမြတ်ကြီးစားတယ်။ ခေါင်းပုံဖြတ်တယ်။

ဒီတော့ ချမ်းသာပြီးရင်း ချမ်းသာတာ ဘာဆန်းလဲဗျာ။

ငပိန်နဲ့ဘိုင်ဆပ်မှာ မယားတွေ ပေါမှပေါပဲ။

အနိုင်းအစေ၊ တပည့်ကျွန်ယုံတွေမှ အများကြီး။



www.burmeseclassic.com

www.burmeseclassic.com



မြို့ဝန်ဘိုင်ဆပ်နဲ့ မြို့စာရေးမောင်ပိန်တို့ ခေါင်းပုံဖြတ်လုပ်ချက်က တော့ သမိုင်းဝင်သွားပြီ ... သံတော်ဆင့်မင်းရေ။

ခု ... လူတွေပြောနေတာ ကြားပြီမဟုတ်လား။

ဦးပိန်တံတားတဲ့။

ဟား ... ဟား ... ဟား ... ဟာစ်ပြီးတော့ ရယ်လိုက်ချင်တယ် သံတော်ဆင့်မင်းရေ။

**ဦးပိန်တံတားလို့** ပြောလိုက်တိုင်း ပြောကြတိုင်း ကျုပ်မျက်စေ့ ထဲမှာ **အင်းဝရွှေနန်းတော်ကြီးကို** ပြေးမြင်နေတယ်။

"ဟုတ်တယ်ဗျ ... ဒီတံတားကို ဦးပိန်တံတားလို့ပဲ မန္တလေးရွှေနန်း တော်သားတွေက ခေါ်နေကြတုန်းပဲ၊ ရှင်းစမ်းပါဦးဗျာ။ ဦးသူတော်က အမရပူရ မင်းနေပြည်မှာ ခြေရာချင်းထပ်အောင်လျှောက်သွား၊ လျှာရှိတိုင်းမေး၊ လက်ရှိ တိုင်း ရေးမှတ်နေသူ ဖိုးသူတော်ဆိုတော့ ဦးပိန်တံတား အတွင်းရေး ရှင်းပါ ဦးဗျာ။ ကျုပ်ကလည်း အရေးအမှတ် ဝါသနာပါတယ်ဗျာ။ ဦးသူတော်ပြော တဲ့ သမိုင်းအမှန်ကို နောက်လာနောက်သားတွေ အဖြစ်မှန်သိအောင် ကျုပ် ကလည်း မှတ်တမ်းတင်ချင်လို့ပါ .... ဦးသူတော်ရာ"

"စိတ်ချ ... ပြောမှာ ... တခြားလူကိုပြောပြရင် အခု နန်းစံ တော်မူနေတဲ့ ရတနာပုံရွှေနန်းရှင် ဘဝရှင်မင်းတရားကြီး မင်းတုန်းမင်းရဲ့ နောင်တော်အကြောင်း မကောင်းပြောနေပါတယ်ဆိုပြီး မင်းတရား သွား ကတုံးကတိုက်လုပ်ရင် ကျုပ် သေမိန့်ပေးခံရမှာပါ။ သေချာတယ်။ သို့သော် သံတော်ဆင့်မင်းက အဝေးရောက် ကျီဝန်လည်းဖြစ်ခဲ့တော့ အမရပူရခေတ်နဲ့ အလှမ်းဝေးတာကိုး။ အဖြစ်မှန်တွေကို စုံစုံလင်လင်သိချင်လည်း သိမှာပေါ့။ ကျုပ်သိတာတော့ သံတော်ဆင့်မင်းကို ပြောပြရမှာပဲ။ ဘာကြောင့်လဲဆို တော့ ဘိုင်ဆပ်တို့၊ ငပိန်တို့ကိစ္စမှာ ကျုပ်ကလည်း ကန့်လန့်ကန့်လန့် ပါခဲ့ ဖူးလို့ပဲဗျ။

ပြီးတော့ သံတော်ဆင့်မင်းက စာပေသမားပါ။ သမိုင်းရာဇဝင်ကို မှတ်တမ်းပြုသူပါ။ ဟိုရှေးတုန်းက တိုင်းပြည်အုပ်ချုပ်တဲ့ မင်းတွေ၊ မိဖုရား



www.burmeseclassic.com

www.burmeseclassic.com



တွေ၊ ဝန်ကြီးတွေ၊ စစ်သူကြီးတွေ၊ ဆွေတော်မျိုးတွေရဲ့ ကောင်းတဲ့ကိစ္စ၊ မကောင်းတဲ့ကိစ္စ၊ မှန်တဲ့ကိစ္စ၊ မှားတဲ့ကိစ္စ၊ ရာဇဝင်ရေးပြီး မှတ်တမ်းတင်ခဲ့ကြတာပဲလေ။ ဒီလိုနဲ့ မှန်နန်းရာဇဝင်ဖြစ်လာတယ်။ သူ့ဒွေးသား ဦးကုလားရေးတဲ့ ဦးကုလားရာဇဝင်ဆိုတာ ပေါ်လာတယ်။ ဘာလို့ သူတို့ရေးကြသလဲ။ နောင်စိုးစံလာမည့် ဘုရင်တွေ၊ အုပ်ချုပ်သူတွေ ရှေ့လူရှေ့မင်းတွေ ဖြစ်ခဲ့ပျက်ခဲ့တဲ့ ကောင်းကျိုးဆိုးကျိုးကို ဝေဖန်သုံးသပ် ပြုပြင်နားလည်စေချင်လို့ မှတ်တမ်းတင် ရေးခဲ့ကြတာ၊ သံတော်ဆင့်မင်းတို့ လက်ထက်ရောက်ရင် မန္တလေး ရွှေမြို့တော်ကြီးအကြောင်း မှတ်တမ်းတင်ရတော့မယ်။

မင်းတုန်းမင်းတရားကြီးရဲ့ အကြောင်း၊ သူ့သားတော်၊ သမီးတော်၊ မိဖုရားတွေနဲ့ စစ်သူကြီးတွေအကြောင်း တိုင်းသူပြည်သားတွေအကြောင်း ရေးရဦးမှာပဲ။ သံတော်ဆင့်မင်း မရေးရင် နောင်းလူ ရာဇဝင်ဆရာတွေ ရေးကြမှာပဲ။ အာဏာကို တန်ဖိုးရှိရှိ သုံးတဲ့ဘုရင်။ အာဏာကို အလွဲသုံးစားလုပ်တဲ့ဘုရင်။ မင်းမှူးထမ်း၊ မိဖုရားတွေအကြောင်းကို ရေးကိုရေးတဲ့လူ ရှိလာမှာပဲ။ ရှင်ဘုရင်နဲ့ မင်းမှူးထမ်းတွေ၊ မိဖုရား၊ သားတော်၊ သမီးတော်တွေ ကောင်းရင်လည်း ကောင်းတဲ့အကြောင်း ရေးမှာပဲ။ မကောင်းရင်လည်း မကောင်းတဲ့အကြောင်း ရေးကြ၊ မှတ်တမ်းတင်ကြမှာပဲ။ ရှေးဘုရင်တွေ အမှားကျူးလွန်တာ ရှိသလို အမှန်ကို အသက်စွန့်လုပ်ခဲ့တာလည်း ရှိတာပဲ။ ဘုရင်က မတန်မရာ မြှောက်စားပြီး ထင်တိုင်းကြဲတဲ့ မြို့ဝန်တွေလည်း ရှိတာပဲ။ မှန်တယ်ထင်လို့ လုပ်ကြတာ။ မှားမှန်းသိမှ နောင်တရတဲ့ ဘုရင်တွေ၊ အချို့ အမှားတွေ တစ်ပုံတစ်ခေါင်းနဲ့ သေသွား၊ နတ်ရွာစံသွားတဲ့ ဘုရင်တွေ မြို့စားရွာစားတွေ အများကြီးပဲ။ နားထောင်ပါ ... သံတော်ဆင့်မင်း၊ ပုဂံမင်းတရားကြီး ယုံကြည်နှစ်ခြိုက် သဘောကျလို့ မြှောက်စားခဲ့တဲ့ မြို့ဝန်ဘိုင်ဆပ်နဲ့ မြို့စာရေးငပိန်တို့ ကမ်းကုန်အောင် မိုက်ရိုင်းစုတ်ပဲ့ပုံတွေဗျာ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

“ အင်းဝမြို့မှာ ဘကြီးတော်ဘုရား နန်းစံစဉ်က ဆောက်လုပ်ခဲ့တဲ့ နန်းတော်ဟောင်းကြီး ခုထိရှိနေတုန်းလေ သခင်ကြီးရဲ့။ တိုင်လုံးကြီးတွေမှ လူနှစ်ဖက်စာ ရှိတယ်။ နည်းတဲ့ နန်းတော်ကြီးလားဗျာ။ ဘယ်သူမှလည်း နန်းမစံ၊ မထိုင်ကြဘူး။ အဲဒီ နန်းတော်ဟောင်းကြီးကို ဖျက်ပြီး တံတားထိုးမှာပေါ့ဗျာ။ တံတားထိုးဖို့ အင်းဝနန်းတော်ဟောင်းကို ဖျက်သုံးခွင့်ရရင် တိုင်သေးတွေ ကြမ်းခင်းတွေနဲ့ တံတားထိုးပြီး ကျန်တဲ့တိုင်လုံးကြီးတွေ ယက်မကြီးတွေ အမိုးတွေကို ရောင်းစားလိုက်ရင် တရားဝင်သူဌေးကြီးတွေလည်း ဖြစ်သွားမယ်။ တံတားရဲ့ ကုသိုလ်ရှင်ဟာလည်း ကျွန်တော်မျိုးနဲ့ မြို့ဝန်မင်း ကောင်းမှုဆိုပြီး နောင်းလူတွေ ပြောကြရင် ကျွန်တော်မျိုးတို့ လုပ်ခဲ့သမျှ မတရားတာတွေကို အကုန်မေ့ကြပြီး လေးလေးစားစား ဆက်ဆံလာကြမှာ မြို့ဝန်သခင်ကြီးရဲ့ ”



www.burmeseclassic.com

www.burmeseclassic.com

## [ ၁၅ ]

❑

တစ်နေ့တော့ မြို့စာရေးကြီး သူဌေးဦးပိန်ခေါ် ငပိန်က အကြောင်းတစ်ခုရလို့ မြို့ဝန်ဘိုင်ဆပ်ရှိရာ စံအိမ်တော်ကြီးလာပြီး တိုင်ပင်တင်ပြတယ်။

"မင်းအစီအစဉ်ဆိုတာ ဘာတုံး . . . ငပိန်"

"မြို့ဝန်သခင်ကြီးကော၊ ကျွန်တော်ကော၊ တစ်ချက်ခုတ် နှစ်ချက်ပြတ် ကောင်းစားပြီး နာမည်ရမည့်ကိန်းပါ . . . မြို့ဝန်သခင်ကြီး"

"သေချာလို့လား ငပိန်"

"သေချာပါတယ် မြို့ဝန်သခင်ကြီးသာ ပုဂံမင်းတရားကြီးထံမှာ ခွင့်ပြုမိန့်လျှောက်ထားပြီး ခွင့်ပြုချက်ရခဲ့ရင် ကျွန်တော်မျိုးကြီးတို့ အိမ်ကြီးရခိုင်နဲ့ နေလို့ရတယ် . . . မြို့ဝန်သခင်ကြီး"

"မင်းအစီအစဉ်ကို ရှင်းရှင်းပြော . . . ငပိန်။ ငါ့ကို ဟိုဒီသွယ်ဝိုက် ပြောမနေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါ ကျွန်တော်တို့ အမရပူရ မြို့တော်က တောင်သမန်အင်း ကြီးကိုဖြတ်ပြီး တံတားတစ်ခု ထိုးရမယ် ... မြို့ဝန်ကြီး"

"သယ် .... သောက်ကျိုးနည်း ... ငပိန်ရာ။ ခုအတိုင်း စားခွင် လေးရှာပြီး ဟောက်စားခြောက်စားလုပ်တာနဲ့ မင်းရောငါရော သူဌေးကြီးတွေ ဖြစ်နေပြီလေ။ ဘယ့်နဲ့ ဒီလောက်ကျယ်တဲ့ တောင်သမန်အင်းကို ဖြတ်ပြီး တံတားထိုးမယ်လို့ မင်း သောက်ရူးလား ငပိန်။ ဘယ်က သစ်သားက ရမှာ လဲ။ ဘုရင်ကရော အများကြီး ကုန်မည့်သစ်သားတိုင်တွေ၊ အခင်းတွေ ဘယ်လို လုပ် ထုတ်ပေးမှာလဲ ... အရူးရဲ့ ... ဟင်"

မြို့ဝန်ဘိုင်ဆပ်က မြန်မာစကားကို မွတ်နေအောင် ပြောတတ်တော့ မြို့စားရေးငပိန်ကို ဟောက်ရော။

"မြို့ဝန်သခင်ကြီး နားထောင်ပါဦး ခင်ဗျ"

"ပြော ... ပြော"

"သစ်သားတွေ အလွယ်ရမည့်နည်းလမ်း ရှိပါတယ်ဗျ။ တောင်သမန် အင်းကို ဖြတ်ပြီး တံတားထိုးပြီးရင် ဘုရင်ထီးဘုရားရော၊ မြို့တော်သူသား တွေရော အံ့သြသွားမှာ ... သခင်ကြီးရဲ့"

"ဒါဆို သစ်သား ဘယ်တောက သွားခုတ်မလဲ"

"အင်းဝမြို့မှာ ဘကြီးတော်ဘုရား နန်းစံစဉ်က ဆောက်လုပ်ခဲ့တဲ့ နန်းတော်ဟောင်းကြီး ခုထိရှိနေတုန်းလေ သခင်ကြီးရဲ့။ တိုင်လုံးကြီးတွေမှ လူနှစ်ဖက်စာ ရှိတယ်။ နည်းတဲ့ နန်းတော်ကြီးလားဗျာ။ ဘယ်သူမှလည်း နန်းမစံ၊ မထိုင်ကြဘူး။ အဲဒီ နန်းတော်ဟောင်းကြီးကို ဖျက်ပြီး တံတားထိုး မှာပေါ့ဗျာ။ တံတားထိုးဖို့ အင်းဝနန်းတော်ဟောင်းကို ဖျက်သုံးခွင့်ရရင် တိုင်သေးတွေ ကြမ်းခင်းတွေနဲ့ တံတားထိုးပြီး ကျန်တဲ့တိုင်လုံးကြီးတွေ ယက်မ ကြီးတွေ အမိုးတွေကို ရောင်းစားလိုက်ရင် တရားဝင်သူဌေးကြီးတွေလည်း ဖြစ်သွားမယ်။ တံတားရဲ့ ကုသိုလ်ရှင်ဟာလည်း ကျွန်တော်မျိုးနဲ့ မြို့ဝန်မင်း ကောင်းမှုဆိုပြီး နောင်းလူတွေ ပြောကြရင် ကျွန်တော်မျိုးတို့ ဒေပိခဲ့သမျှ



www.burmeseclassic.com

www.burmeseclassic.com



မတရားတာတွေကို အကုန်မေ့ကြပြီး လေးလေးစားစား ဆက်ဆံလာကြမှာ မြို့ဝန်သခင်ကြီးရဲ့"

ကြားရချက်ကြောင့် မြို့ဝန်ဘိုင်ဆပ် မုတ်ဆိတ်မွေးကို လက်နဲ့ဆွဲပြီး မျက်လုံးတွေ စင်းနေတယ်။

"စားရမည့်ဟာက အဆီတဝင်းဝင်းပဲကွ"

"သေချာတာပေါ့ ... မြို့ဝန်မင်းခင်ဗျာ"

"နာမည်ကောင်းလည်း ကျန်ရစ်မှာကွ"

"ဟုတ်ပ ... ခင်ဗျာ"

"ဒီအကြံအစည် ဘယ်သူမှ မကြံသေးဘူး ... ငပိန်"

"သိပ်ဟုတ်တာပေါ့ ... အရေးကြီးတာက မြို့ဝန်မင်းကြီးက ရှင်ဘုရင်ကို ယုံကြည်လက်ခံအောင် နားချပေးဖို့ အရေးကြီးတယ်"

"ငါက ဘုရင်ကို ဘယ်လို နားချရမှာတုံး။ တော်ကြာ မကြံကောင်း မစည်ရာ ကြံတယ်ဆိုပြီး ငါ့ပါ အမျက်တော်ရှရင် ငါတို့ဘဝတွေ ပျက်သွားမယ်နော် ... ငပိန်။ ငါတို့ကို မင်းမှုထမ်းတွေက ကျေနပ်ကြတာ မဟုတ်ဘူး။ တစ်ခါတုန်းက ဘုရင့်မယ်တော်ကိုယ်တိုင် ဘုရင်ကို ငါတို့အကြောင်း လာပြောတယ်လို့ ကြားရတယ်"

"ဘာပြောလို့တုံး ... မြို့ဝန်မင်းခင်ဗျ"

"ငါတို့နှစ်ဦး မကောင်းကြောင်းတွေပေါ့ကွာ။ နန်းတွင်းက မလိုသူတွေ ဂုံးတိုက်လို့ပေါ့။ ငါတို့ကို ဆုံးမပေးဖို့ လာပြောသတဲ့"

"ဘုရားရေ ... အဲဒီတော့ မင်းတရားကြီးက ဘာပြောတုံးဟင်"

"တော်သေးတာပေါ့ မင်းတရားကြီးက ငါတို့ဘက်က ရှိနေလို့ပေါ့။ နို့မို့ ခုလောက်ရှိ သချိုင်းကုန်း ရောက်ပြီကွ။ မင်းလည်း ဥဒေါင်းငှက် ရောင်စုံ အရွယ်ပျိုနှစ်ကောင် ရအောင်ရှာထားစမ်း ... ငပိန်။ မင်းကြီးကို သက်ဆောင်ထပ်ပေးပြီး အကြိုက်တော်လေးလုပ်ပေးမှ တော်မယ်ကွ"

"ရှာခိုင်းထားပါတယ် ... မြို့ဝန်မင်း။ မုဆိုးတွေ ကြိုးစားနေပါတယ် ခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"စောစောက ဆက်ပါဦး။ ငါက ဘယ်လိုပြောပြီး မင်းတရားကြီးကို လျှောက်ရမှာတုံး ... မြို့စာရေးကြီးရ"

"ဒီလိုလျှောက်တင်ပါ မြို့ဝန်မင်း။ ဟိုဘက်ကမ်းက ဘိုးတော်ဘုရားကောင်းမှုတော် ကျောက်တော်ကြီးဘုရားနဲ့ ဒီဘက်က ဘကြီးတော်ဘုရားကောင်းမှုတော် ပုထိုးတော်ကြီးဘုရားကို အလွယ်လမ်းလျှောက်ဘုရားဖူးဖို့အတွက် တောင်သမန်အင်းကိုဖြတ်ပြီး တံတားထိုးပါက သင့်မြတ်လှပါတယ်ဘုရား။ နောင် အရေးအကြောင်းရှိရင်လည်း ခြေလျင်စစ်သည်များ တံတားပေါ်ကနေ ဟိုဘက်ဒီဘက် စစ်ရေးကိစ္စ အမြန်ဆောင်ရွက်လို့ရပါတယ် ဘုရားလို့ လျှောက်၊ တံတားထိုးဖို့ သစ်သား ဘယ်ကရမှာတုံးမေးရင် အလဟဿဖြစ်နေတဲ့ အင်းဝနန်းတော်ဟောင်းကြီးဖျက်ပြီး အင်းဖြတ်တံတားထိုးသော် ဘုရင့်ဘဏ္ဍာငွေ မကုန်တဲ့အကြောင်းပြော၊ ဒီတံတားကို ကျွန်တော်မျိုး မြို့စာရေး မောင်ပိန်က အကုန်အကျခံပြီး တာဝန်ယူပါ့မယ်။ မြို့ဝန်မင်းက ကြီးကြပ်ပါ့မယ်လို့ ပြောပါ ... မြို့ဝန်ကြီး"

"ပြောကြည့်ရမှာပေါ့ ... ပြောခါနီးကျရင် အလွန်လှတဲ့ ဥဒေါင်းတစ်စုံတော့ ရအောင်လုပ်ကွာ ... ငပိန်"

"စိတ်ချပါ ... မြို့ဝန်မင်းကြီး"

"မင်းနဲ့ငါနဲ့လည်း အင်းဝနန်းတော်ဟောင်းကြီးတော့ တစ်ခေါက်သွားကြည့်ပြီးမှ ဘုရင်ကို ပြောသင့်တယ် ငပိန်"

"ကောင်းပါပြီ ... မြို့ဝန်မင်းကြီး ကျွန်တော်မျိုး သွားရေးကိစ္စအမြန်စီစဉ်လိုက်ပါ့မယ် ခင်ဗျာ"

အဲဒီလို တစ်ချက်ခုတ်၊ နှစ်ချက်ပြတ် အပွကြီး။ အချိုးကြီး ကြံတဲ့ကောင်တွေပါ ... သံတော်ဆင့်မင်း။

ဒီနေရာမှာ ဘကြီးတော်မင်းကောင်းမှု အင်းဝရွှေနန်းတော်ဟောင်းအကြောင်း နည်းနည်းပြောပါရစေဗျ။



www.burmeseclassic.com

www.burmeseclassic.com



ဘကြီးတော်ဘုရားရဲ့ အင်းဝရွှေနန်းတော်ကြီးဟာ ပလ္လင်ရှစ်ခန်း ပါ အဆောင်ပြာသာဒ်တွေနဲ့။ အဆောင်ဆောင် အခန်းခန်းတွေကလည်း များ မှများ။

တိုင်လုံးကြီးတွေက လူကြီးနှစ်ဖက်စာရှိပြီး . . .

ကြမ်းခင်းပျဉ်ပြားဒုက လက်လေးလုံးမျှ ထူတယ်တဲ့။ ဘုရားရှိခိုး ရုပ်တိုင် ပန်းပုလက်ရာ ကျွန်းသားကျည်းရှင်တွေနဲ့၊ ဖန်စီမှန်စီ ရွှေမျက်နှာ ကြက်တွေနဲ့၊ မှန်စီရွှေချ အကာအရံတွေနဲ့ လှပဆန်းကြယ်စွာ လုပ်ထား တာ။

ဒါကြောင့် ဘကြီးတော်မင်းကို ဖန်နန်းရှင်လို့လည်း ခေါ်တယ်။ စစ်ကိုင်းမင်းလို့လည်း ခေါ်တယ်။

ကံကောင်းချင်တော့ ဘိုင်ဆပ်တို့က အပြောကောင်းတော့ ပုဂံမင်း က အင်းဝနန်းတော်ဟောင်းကိုဖျက်ပြီး တောင်သမန်အင်းဖြတ် တံတားထိုး ဖို့ ခွင့်ပြုတော်မူသတဲ့ဗျာ။

အင်းဝနန်းတော်ဟောင်းကို ဖျက်စေလို့ အမိန့်ရရော မြို့စာရေး မောင်ပိန်က လက်သမားတပည့်လက်သား အစုံအလင်နဲ့ အင်းဝနန်းတော် ဟောင်းကြီးကို တစ်စမကျန်ဖျက်ပြီး သယ်ရောဗျာ။

သစ်တိုသစ်စမကျန်အောင် သယ်ယူပြီး တောင်သမန်အင်းကိုဖြတ် လို့ လူကူးတံတားထိုး၊ သူ့တပည့် အလုပ်သမားတွေနဲ့ အမြန်ထိုးတော့ တယ်။

တံတားဆောက်တော့ ကျုပ်လည်းသွားကြည့်ခဲ့တယ်။

ကမ်းနှစ်ဖက်မှာ လူတွေက အုံ့ဩဝမ်းသာ ဝိုင်းကြည့်နေကြလို့ ဗျ။ ဖောင်တွေလှေတွေနဲ့ တိုင်တွေစိုက်၊ ရေအောက်ရိုက်သွင်း၊ ရေပြင်ပေါ် အလုပ်သမားတွေမှ အများကြီးပဲ။

သစ်တွေ သယ်သူကသယ်။



www.burmeseclassic.com

www.burmeseclassic.com



တိုင်စိုက်သူကစိုက်၊ မြို့ဝန်ဘိုင်ဆပ်နဲ့ မြို့စာရေး မောင်ပိန်တို့က လှေကြီးပေါ်ကနေ ဩစာပေး၊ ဟုတ်ပါ့မလားဆိုပြီး လာကြည့်ကြတဲ့ အမှုထမ်း၊ အရာရှိတွေလည်း ရှိကြပေါ့ဗျာ။

ရပ်ကွက်ရှင်လူအများစုက တောင်သမန်အင်းကူး တံတားကြီးထိုးလို့ ဝမ်းသာနေကြရဲ့ဗျာ။

ရက်သား သိပ်မကြာဘူးဗျာ။

တံတားကြီး ပြီးသွားပြီခင်ဗျ။

ကျွန်းတိုင်တွေဆိုတာ ရေပြင်မှာ တန်းစီနေတာပဲ။ အခင်းတွေကလည်း ထူ၊ တိုင်တွေကလည်း များတော့ တံတားကို ငြိမ်နေတာပဲ။

တံတားဖွင့်ပွဲကြီးက စည်ကားပါ့ဗျာ။

မြို့ဝန်ဘိုင်ဆပ်တို့ ဆရာတပည့် ဝတ်ကောင်းစားလှတွေနဲ့ ခန့်သန့်နေတာပဲ။ ရွှေမြို့တော်က အရာရှိတွေလည်း လာကြည့်ကြ၊ အိုးစည်ပုံမောင်းတွေတီး၊ အကတွေဟာ ကမ်းနဖူးမှာရော၊ တံတားသစ်ကြီးပေါ်မှာ ပျော်စရာကြီးဗျာ။

အင်းထဲမှာလည်း မြို့စာရေးမောင်ပိန်ရဲ့ အစီအစဉ်အရ လှေတော်သားတွေက လှေချင်းတွေ သံပြိုင်ဆိုပြီး လှော်ကြ။

တံတားပေါ် လူစုလူဝေးနဲ့ လမ်းလျှောက်ပြီး ကျယ်ပြောလှတဲ့ တောင်သမန်အင်းရဲ့ အရသာလေညှင်းကို ခံစားကြ။

တိုတိုပြောရရင် ...

မူလနာမည်က တောင်သမန်တံတားပေါ့။ သို့သော် လူတွေက လှချမ်းသာ မြို့စာရေးကြီးဦးပိန် ဦးစီးတည်လို့ ဦးပိန်တံတား ခေါ်ကြတယ်ဗျာ။

တံတားပေါ်က ဖြတ်သွားတိုင်း အလှူရှင်ကြီးဦးပိန်ကို မေတ္တာပို့ကြတယ်။ မြို့စာရေးကြီးဦးပိန် ကျန်းမာချမ်းသာပါစေ။

အသက်ရာကျော် ရှည်ပါစေ။

ဒီထက်မက လှူနိုင်တန်းနိုင်သူ ဖြစ်ပါစေ။



www.burmeseclassic.com

www.burmeseclassic.com



အမယ်အိုကြီးတွေက သာဓုခေါ်ကြ။

မြို့စာရေးမောင်ပိန် တောင်သမန်အင်းဖြတ် တံတားထိုးလိုက်လို့ နာမည်ကောင်း ရသွားတယ်။

အမှန်က တကယ့်အလှူရှင်က အင်းဝမင်းဟောင်း ဘကြီးတော်ဘုရားရဲ့ ကောင်းမှုဗျ။ ဘာလို့လဲဆိုတော့ သူ့နန်းတော်ဟောင်းကြီး ဖျက်ဆောက်တာကိုး။

သို့သော် ဒီတံတားကြီးမှာ ဘကြီးတော် ဖန်နန်းရှင်ကော၊ ပုဂံမင်းရော နာမည်မရဘူး။

မြို့စာရေးမောင်ပိန်ပဲ နာမည်ရပြီး ဦးပိန်တံတားခေါ်တာ နှုတ်ကျိုးကုန်ကြပြီဗျ။

မြို့စာရေးငပိန်တို့ နာမည်ကြီးပုံနှယ် သူ့ဆရာ မြို့ဝန်ဘိုင်ဆပ်တောင် ငပိန်လောက် နာမည်မကြီးဘူးဗျာ။

ဒီတံတားကြီးကို ကုသိုလ်လုပ်ရတဲ့ ကောင်းမှုကြောင့် မြို့စာရေးငပိန်ကော၊ မြို့ဝန်ဘိုင်ဆပ်ကော အတော့်ကို ချမ်းသာသွားကြတယ်။ သူဌေးဘွဲ့ မပေးရုံဘဲ ကျန်ရော။

တောင်သမန်တံတားကို အင်းဝရွှေနန်းတော်က ဒေါက်တိုင် ကျွန်းတိုင်အသေးတွေနဲ့သာ ဆောက်တာ။

လူနှစ်ဖက်စာရှိတဲ့ နန်းတော်တိုင်ကြီးတွေ၊ ဒီတံတားမှာ လုံးဝမပါဘူး။ အဖိုးတန်တိုင်လုံးကြီးတွေ၊ ယက်မကြီးတွေ၊ ထုပ်လျှောက်ကြီးတွေ အကုန် သူတို့ယူပြီး ရောင်းစားပစ်တာ ချမ်းသာရော။

ဒီလို အဖိုးတန် ကျွန်းတိုင်လုံးကြီးတွေ ဖန်မှန်စီထားတဲ့ အကာအရံကြီးတွေနဲ့ ကျောက်မျက်တွေရလိုက်လို့ မြို့ဝန်ဘိုင်ဆပ်ကလည်း သူ့တပည့် မြို့စာရေးငပိန်ကို ချီးကျူးလို့ မဆုံးဘူး။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၁၆ ]

❑

''ခက်တာက သူတို့က ရလေလိုလေ အိုတဏှာဖြစ်နေတာ သံတော်ဆင့်မင်းရေ''

''ဘာလဲ ချမ်းသာပြီးရင်း ချမ်းသာချင်နေတာလား''

''ဟုတ်ပဗျာ ... အဓိကကတော့ အာဏာပေါ့ဗျာ။ မြို့ဝန်ချုပ်ဆိုတဲ့ အာဏာကို အလွဲသုံးစားလုပ်ပြီး အနိုင်ကျင့်ပြီးရင်း ကျင့်တာပေါ့။ ချမ်းသာဖြတ်လမ်းပေါ့ဗျာ။ ဒီကောင် မြို့ဝန်ကြီးဖြစ်ကတည်းက အာဏာသုံးပြီး လယ်ကောင်းယာကောင်းတွေ အဓမ္မသိမ်းတယ်။ သူတို့နှစ်ယောက်လုံး အဓမ္မသိမ်းလို့ရတဲ့ လယ်ကောင်းယာကောင်းတွေ မနည်းဘူးဗျ။ သီးနှံအထွက်ကောင်းတဲ့ လယ်ယာမှန်ရင် ဘုရင့်ငှက်တော်ရုံဥယျာဉ်တော် ရိက္ခာအတွက် မြို့ဝန်အမိန့်နဲ့ လိမ်ညာသိမ်းတာ။ ဟောက်,ခြောက် သိမ်းပြီး အပိုင်ယူကြတာ။ သစ်တောထဲက သစ်တွေ အလွဲသုံးစား လုပ်ကြသေးတယ်။ တန်ဖိုး



www.burmeseclassic.com

www.burmeseclassic.com



ရှိတဲ့ လယ်ယာတွေ ဆုံးရှုံးပြီး လယ်သမား၊ ယာသမားတွေ ဘဝပျက်ကြတာပေါ့ဗျာ။ ဘယ်သူ့သွားတိုင်ရမလဲဗျာ။ အားလုံးလိုလို ရာထူးရှိတဲ့လူတွေက မြို့ဝန်ဘိုင်ဆပ်ကို ကြောက်ရွံ့ကြတာကိုးဗျာ။

ခု ... သူက အကြံအဖန်တစ်မျိုး လုပ်ပြန်ပြီဗျာ။

ဘုရင့်ရဲ့ မိဖုရားငယ်တွေ၊ အရာရှိ ကြီးငယ်တွေရဲ့ တပည့်သားမြေးတွေအိမ်ကို ခိုးရာပါပစ္စည်းချပြီး ငွေညှစ်တဲ့အလုပ်ကို လုပ်တာဗျ။

ဆိုကြပါစို့ဗျာ ...

ငွေရပေါက်ရလမ်းမြင်တဲ့ မင်းမှုထမ်းငယ်တွေရဲ့ အိမ်ခြံဝင်းထဲမှာ ညဘက် လျှို့ဝှက်ပြီး ဓား၊ လှံ၊ သေနတ်တို့ မြေကြီးထဲ မြှုပ်ဝှက်ခဲ့တယ်။

ပြီးရင် မင်းမှုထမ်း ဘယ်သူရဲ့ တပည့်နောက်လိုက် ဘယ်သူ့အိမ်မှာ လက်နက်တွေ ဝှက်ထားတယ်။ သတင်းအရ ရှာမယ်ဆိုပြီး ဘိုင်ဆပ်နဲ့ ပေါ်လိက လက်နက်ကိုင်တွေနဲ့ ဝင်တာ။

မြို့ဝန်ကြီး ကိုယ်တိုင်ပါလာတော့ မပြောရဲရှာဘူးပေါ့။

ကိုယ်မှ ဒီလို လက်နက်ဝှက်တဲ့အလုပ် မလုပ်တာဗျာ။

ရဲရဲဝံ့ဝံ့ပဲ ရှာပစေပေါ့။ ရှာတယ်။ ခြံထောင့်က မြေကြီးထဲ မြှုပ်ထားတာ တွေ့သွားရော။ လာ ... လိုက်ခဲ့၊ ဘုရင့်ကို ပုန်ကန်ဖို့ လက်နက်စုတာ။ ဒီလိုမှမဟုတ် ဘယ်နေ့က ဓားပြတိုက်သွားတဲ့အဖွဲ့မှာ မောင်မင်းပါတယ်လို့ သိရတယ်။ အခု မင်းဝှက်ထားတဲ့ လက်နက်ပါ မိပြီ။ ငါတို့ စစ်ဆေးပြီးရင် ဘုရင့်ရုံးတော် ပို့မယ်ဆိုပြီး ကြိုးတုပ်ရိုက်နှက် ခေါ်သွားရော။

အဲဒါ ကျန်ရစ်တဲ့ သားမယားက မျက်ရည်နဲ့မျက်ခွက်။

နောက်ဆုံး ဘယ်မင်းမှုထမ်း အရာရှိရဲ့ တပည့်ဆိုပြီး အရာရှိကို ခေါ်မေး။ မဟုတ်မဟာ် လုပ်ကြံထားတဲ့ ဖာတ်လမ်းတွေနဲ့ ခြိမ်းခြောက်။ ငွေညှစ်။

နောက်ဆုံးမှာတော့ ဘုရင့်ရွှေနားတော် မရောက်စေချင် အထင်မလွဲစေချင်လို့ သူတို့ကို လာဘ်ငွေထိုးပြီး ကိုယ့်တပည့်ကိုယ် ရွေးရတယ်။

အဲဒီလို ဓားပြမသကာ။



www.burmeseclassic.com

www.burmeseclassic.com



လက်နက်မသကာ၊ ခိုးမှု မသကာနဲ့ အမှုဆင်ပြီး အကြံအဖန် မတော်မတရား လုပ်စားနေတာ ကြာပြီ။

အရာထမ်းတွေရဲ့ တပည့်တွေ ခံရပြီးပြီ။

တပည့်အတွက် ဆရာအကြီးအကဲတွေ မြို့ဝန်ဘိုင်ဆပ်ထံ ရွှေငွေ လာဘ်ထိုးပြီး ရွေးရ၊ လုံးရ၊ အုပ်ရတာ များပေါ့ဗျာ။

အားလုံးက သဘောပေါက်ကြတယ်။

ဒါ မြို့ဝန်ဘိုင်ဆပ်ရဲ့ အကွက်ဆင် လုပ်ချက်တွေ။

သို့သော် သက်သေခံ ခိုးရာပါပစ္စည်းတို့၊ ဓားတို့၊ နွား၊ ကျွဲ၊ အဝတ် အထည်တို့က ကိုယ့်တပည့်သားအိမ်တွေမှာ မြင်သွားတော့ မတတ်နိုင်ဘူး လေ။ ငွေကုန်ရွှေကုန် ခံရတာပဲ။

တစ်နေ့ပေါ့ဗျာ . . .

မြို့စာရေးငပိန်ရဲ့ လက်သပ်မွေးထားတဲ့ တပည့်တစ်ယောက်ကို ခေါ်လိုက်တယ်။ မြို့စာရေးက ခေါ်လာတာ။

"ငထင် . . ."

"အမိန့်ရှိပါ . . . မြို့ဝန်မင်းကြီးဘုရား"

"မြို့တော်အရပ်က နားခံရွှေရအိမ်ကို သိမှီလားဟဲ့"

"မှန်ပါ သိကြောင်းပါ ဘုရား"

"မင်းက ဖောက်ထွင်းခိုးယူတဲ့နေရာမှာ ကျွမ်းကျင်ဆို ငထင်"

"အဲ . . . အဲ . . . ဟို . . . ဟို . . ."

ဒီမှာ မြို့စာရေးငပိန်က သူခိုးငထင်ရဲ့ ကျောကုန်းကို ခြေနဲ့ကန် ပြီး . . . .

"အမှန်အတိုင်းပြောလိုက်လေ . . . အနာကျရဲ့ . . . ကဲဟာ"

"အုန်း"

"အား . . ."

"ပြောလိုက်၊ နင်သေချင်လို့လား . . . ငထင်"

"မှန် . . . မှန်ပါ ကျွမ်းကျင်ပါတယ် . . . မြို့ဝန်မင်းကြီးဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ငါ အချိန်မရွေး အချုပ်ထဲ ထည့်လို့ရတယ် ... နားလည်လား"

"မှန် ... မှန်ပါ ... ဝန်မင်းကြီး ... ဖ ... ဖရာ"

"ငါခိုင်းတာလုပ်ရင် မင်းကို ငါ ကြည့်ရှုမယ်ဟဲ့"

"ခိုင်းပါ ဘုရား"

"ငါခိုင်းတာ မလုပ်ရင် ဘာဖြစ်သွားမလဲ သိလား"

"သိပါတယ် ... ဖ ... ဖရာ"

"ဒီမှာကြည့်စမ်း ... ဒါ ဘာလဲ"

မြို့ဝန်ဘိုင်ဆပ်က ရွှေဖလားငယ်တစ်လုံးကို ပြလိုက်တယ်။

"ဖ ... ဖလားပါ ... ဘုရား"

"ဘာဖလားတုံး"

"ရွှေ ... ရွှေဖလား ... ထင် ... ထင်ပါတယ် ဖရား"

"မင်း နားခံရွှေရရော သိလား"

"မသိပါ ... ဖ ... ဖ .. ရာ"

"အိမ်ကိုပြရင် သိမလား"

"သိပါတယ် ဖရား"

"မောင်ပိန်"

"ခင်ဗျာ ... သခင်ကြီး"

"နားခံရွှေရအိမ်ကို လိုက်ပြပေးလိုက်"

"မှန်ပါ ... သခင်ကြီး လိုက်ပြပေးပါ့မယ်"

"ငထင်"

"ဖရား"

"မင်းက ဖောက်ထွင်းသူခိုး"

"အဲ ... အဲ ... မှန်ပါ ... ဖ ... ဖရာ ..."

"မင်းလုပ်ရမည့် အလုပ်က .......... နားလည်ရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



မြို့ဝန်မင်းစကားအဆုံးမှာ သူခိုးငထင် မျက်လုံးကျယ်ပြီး လန့်သလို ဖြစ်နေတယ်။

"မင်း အဲဒီလိုလုပ်လို့ နောက်ကြောင်းပူစရာ မလိုဘူး။ ပြဿနာဖြစ်လာရင် ငါတာဝန်ယူတယ် ကြားလား"

"မှန် ... မှန်ပါ ... ဖရား"

"ဒီလျှို့ဝှက်ကိစ္စကို အခြားတစ်ယောက်ယောက် ဖွင့်ပြောရင်တော့ မင်းခန္ဓာကိုယ်ရော၊ မင်းမယားနဲ့ သားသမီးနှစ်ဦးရဲ့ ခန္ဓာကိုယ်တွေပါ ဓားနဲ့ ခုတ်ပိုင်းပြီး သချိုင်းကုန်းမှာ ကျီးစာ၊ ခွေးအစာ၊ လင်းတစာ ဖြစ်သွားလိမ့်မယ် ... နားလည်လား"

"နား ... နားလည်ပါတယ် ... ဖ ... ဖရာ"

"ရော့ ... ဒီရွှေခွက်ကို သေသေချာချာ ဝှက်သွား"

သူခိုးငထင်က မြို့ဝန်မင်း ဘိုင်ဆပ်ပေးတဲ့ ရွှေဖလားခွက်ကို အဝတ်ပိုင်းနဲ့ ထုပ်ပိုးပြီး ခါးပုံစကြားမှာ ဝှက်လိုက်တယ်။

"ရော့ ... ဒါက မင်းသုံးဖို့"

"ကျေး ... ကျေးဇူးကြီး ... ကြီးလှပါတယ် ... ဘုရား"

ရွှေဒင်္ဂါးနှစ်ပြားကို သူခိုးငထင်သုံးဖို့ ပေးလိုက်ရော သူခိုးငထင် ဝမ်းသာပြီး လက်တွေ တုန်လို့။

"ဒီကိစ္စ အောင်မြင်သွားရင် မင်းကိုငါ ထပ်ပြီး ဆုတော်ငွေ ချီးမြှင့်မယ်။ ငပိန် သူ့ကို ငရွှေရအိမ် လိုက်ပြပေးလိုက်"

သူခိုးငထင်က မြို့ဝန်မင်းဘိုင်ဆပ်ကို ရှိခိုးကန်တော့ပြီး မြို့စာရေး ငပိန်နောက်ကနေ ခပ်ယို့ယို့ လိုက်ပါသွားခဲ့တယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၁၇ ]

❑

ဟော . . . ပြဿနာက စပါပြီဗျာ။

မြို့ဝန်မင်းကြီး ဦးဘိုင်ဆပ်ရဲ့ အဆွေတော် ကုန်သည်ကြီး ဦးဝဏ္ဏရဲ့အိမ်က ရွှေချိန်နှစ်ဆယ်သားရှိတဲ့ ရွှေဖလား အခိုးခံရလို့တဲ့။

မြို့ဝန်မင်းဦးဘိုင်ဆပ်ကို လာတိုင်ပါရော။

"ဝဏ္ဏ . . ."

"ဟုတ်ကဲ့ပါ . . . မြို့ဝန်မင်း"

"မင်းအိမ်က ရွှေဖလား အခိုးခံရတုန်းက မသင်္ကာဖွယ်ရာ ဘယ်သူ့ကို တွေ့တုံး"

"မှန်ပါ . . . မြို့ဝန်မင်း။ အဲဒီနေ့ မနက်ပိုင်းက နားခံငရွှေရဲ့သမီး ချွင်မိညို အိမ်ရှေ့လမ်းမှာ လှည့်ကြည့်လှည့်ကြည့် လုပ်နေတာ မြင်ရပါသဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ ... ရွှေဖလားသူခိုး၊ လက်ရဖမ်းပေးမယ် ... ပြန်တော့"

မကြာပါဘူးဗျာ ...

မြို့ဝန်မင်းကြီး ဦးဘိုင်ဆပ်ကိုယ်တိုင် ဦးစီးပြီး ... မြို့စာရေးကြီးမောင်ပိန် အပါအဝင် လက်နက်ကိုင်တွေ နားခံငရွှေရ အိမ်ရှေ့ရောက်လာကြပါရော။

"ဟော့ ... ငရွှေရ ... ငရွှေရ ..."

နားခံ ငရွှေရ ရေနွေးကြမ်းသောက်ရာကနေ ခေါ်သံကြားလို့ ကြည့်လိုက်တော့ မြို့စာရေးနဲ့ မြို့ဝန်တို့အဖွဲ့ကို မြင်ပြီး ပျာပျာသလဲ ထွက်လာလိုက်တယ်။

"မြို့ဝန်မင်းကြီးပါလား ... ဘာအရေးကြောင့်ပါလဲ ခင်ဗျ။ အိမ်ပေါ်ကို ကြွပါခင်ဗျာ ... ကြွကြွပါ"

"ငရွှေရ ..."

"အမိန့်ရှိပါ ... မြို့ဝန်မင်းကြီး"

"ငါတို့ မင်းအိမ်ကို ရှာစရာရှိတယ်ဟေ့"

"ခင်ဗျာ ... မြို့ဝန်မင်း ပဇာအကြောင်းကြောင့်များ ကျွန်တော်မျိုးအိမ်ကို ရှာရတာတုံး ... မြို့ဝန်မင်းကြီးခင်ဗျ"

"မနေ့တုန်းက သူဌေးဦးဝဏ္ဏအိမ်က ရွှေချိန်နှစ်ဆယ်သားရှိတဲ့ ဘိုးဘွားပိုင် တန်ဖိုးရှိ ရွှေဖလား အခိုးခံရတယ်ကွ။ အဲဒါ သတင်းအရ လာရှာတာ"

"အို ... ကျားသားမိုးကြိုး မဟုတ်တာ မြို့ဝန်မင်းရယ်။ ကျွန်တော်မျိုးက ဘုရင့်မင်းမှုထမ်း နားခံတစ်ဦးပါ။ ဒီကိစ္စ ကျွန်တော်မျိုးနဲ့ မပတ်သက်ပါဘူး ခင်ဗျ"

"မျက်မြင်သက်သေရှိလို့ ငါကိုယ်တိုင်လာခဲ့တာ ငရွှေရ"

"ဗျာ ... ဘယ် ... ဘယ်လို"



www.burmeseclassic.com

www.burmeseclassic.com



"မင်းရဲ့သမီး ရှင်မိညို မနေ့မနက်တုန်းက သူဌေးဝဏ္ဏအိမ်ရှေ့ ခြံဝမှာ ရပ်ကြည့်နေတာ မြင်တဲ့လူရှိတယ်။ မင်း သမီးပဲ ရွှေဖလားကို ခိုးမှာ။ ဒါကြောင့် လာရှာတာ။ ဟေ့ ... အမှုထမ်းတွေ တစ်အိမ်လုံးအနှံ့ ရှာကြစမ်း"

"မြို့ ... မြို့ဝန်မင်းကြီး ခင်ဗျ"

"တယ် ... ဒီကောင် အလုပ်ပြုတ်ချင်ပြီနဲ့ တူတယ်။ ငါ အမိန့်နဲ့ ရှာမှာကွ။ ခိုးရာပါပစ္စည်းမတွေ့ရင် မင်းတို့သားအဖ သက်သာရမှာပေါ့။ ခိုးရာပါတွေ့ရင်တော့ မင်း သမီးကို အရေးယူရမှာပဲ ရှာကြစမ်းဟေ့"

ဘုရင့်အမှုထမ်း နားခံငရွှေရ ဘာမှမတတ်နိုင်ရှာဘူးလေ။ သူက မြို့ဝန်ကြီး။ ဘုရင့် လူယုံတော် အာဏာရမြို့ဝန်။ သူ့အောက်က မြို့ဝန် နှစ်ဦးတောင် ပြန်မပြောရဲတဲ့ အာဏာရမြို့ဝန်ကြီး။

အံကြိတ်ပြီး မိသားစုနဲ့ ငြိမ်နေလိုက်ရတယ်။

ရှာစမ်းပါ ... စိတ်ကြိုက် ရှာကြစမ်းပါ။ မိမိတို့က ရိုးရိုးသားသား ကြိုးစားလုပ်ကိုင်တဲ့ ဘုရင့်အမှုတော်ထမ်းပါ။

မြို့စာရေးမောင်ပိန်နဲ့ မြို့ဝန်လူ လက်နက်ကိုင်တွေဟာ တစ်အိမ် လုံး ပိုက်စိပ်တိုက် မွှေနှောက်ရှာကြတယ်။

ဆန်တောင်း၊ ထမင်းအိုး၊ သေတ္တာ၊ ဘုရားညောင်ရေအိုးမကျန် သွန်မှောက်လှန်ရှာကြတယ်။

မြို့ဝန်လူအချို့က မြေကြီးကို စူးထိုးရှာသူရှာ။ အိမ်ခေါင်မိုးကို ဖြဲလှန်ရှာသူကရှာ။

"ဟောဒီမှာ ... တွေ့ပြီဟေ့"

"ငပိန်တွေ့လား"

"ရွှေဖလားကိုတွေ့ပါပြီ ... မြို့ဝန်မင်းကြီးဘုရား"

"ဘယ်နေရာက တွေ့တုံး"

"ဟော ... ဟို ထဘီများရှိတဲ့ အခန်း သနပ်ခါးတောင်းထဲမှာ သနပ် ခါးတုံးတွေနဲ့ ဖုံးထားတာပါ ... မြို့ဝန်မင်းဘုရား"



www.burmeseclassic.com

www.burmeseclassic.com



ငရွှေရရော သူ့မိသားစုပါ ကြားရချက်ကြောင့် တုန်လှုပ်ခြောက်ခြားပြီး မျက်စိမျက်နှာ ပျက်ကုန်ကြရော။

"ဟဲ့ . . . ငရွှေရ"

"ဖ . . . ရာ . . . ရား"

"ဒီအခန်းက ဘယ်သူနေတဲ့အခန်းတုံး ပြောစမ်း"

"ဟို . . . ဟို . . . သ . . . သမီးကြီးနေ . . . နေတဲ့ အခန်းပါဘုရား"

"မင်း . . . သမီးကြီးနာမည်က ဘယ်လိုခေါ်တုံး"

"ရှင် . . . ရှင်မိညိုပါ ဘု . . . ရား"

"ဟား . . . ဟား . . . ဟား . . . ဟား . . . ငါတွက်တဲ့အတိုင်းပါပဲလား။ လက်စသပ်တော့ ရွှေဖလားသူခိုးက ရှင်မိညိုကိုး။ ကဲ . . . မင်း သမီးမိညိုဘယ်မှာလဲ ခေါ်လိုက်စမ်း . . . ငရွှေရ"

"အိမ် . . . အိမ်မှာ မရှိပါ"

"ဖောင်း"

"အား . . ."

"အမလေး . . မ . . လုပ်ပါနဲ့ . . ဝန်မင်းကြီး . . ဘုရား . . ဟီး"

"မိညို ဘယ်မှာလဲပြော"

"ပြန် . . . ပြန် သွားပါပြီ ဘုရား"

"ဘယ်ကိုပြန်တုံး မြန်မြန်ပြော . . . တယ်လေ . . ."

"ဟို . . . ဟို . . . သမီးက စကားမိဖုရားရဲ့ အပါးမှာ . . . ခ . . . ခစားလို့ . . . ပြန် . . . ပြန်သွားပါပြီ ဘုရား"

"မင်း သမီးက စကားမိဖုရားရဲ့ အပျိုတော်လား"

"မှန် . . . မှန်ပါဘုရား"

"တွေ့ကြသေးတာပေါ့ကွာ"

"ဝန်မင်းကြီးဘုရား . . . ဒါ . . . ဒါ . . . ကျွန်တော်မျိုး . . . သမီး . . ."



www.burmeseclassic.com

www.burmeseclassic.com



"အမ်မာ ... လက်ပူးလက်ကြပ်မိနေတာတောင် ငြင်းချင်တဲ့ကောင် ... ကဲဟာ ... ကိုင်းဟာ ..."

"ဖောင်း"

"အား ..."

"ဖြန်း ... ခွပ်"

"အင့် ... အား"

"မင်းရော၊ မင်း သမီးရော သူခိုးသားအဖ ငါ့အကြောင်း သိစေရမယ်ဟေ့ ... သူ့ကို ခေါ်ခဲ့"

ဒီလိုနဲ့ နားခံငရွှေရ သူ့သမီးမိညို ရွှေဖလားခိုးမှုမှာ ကြံရာပါအဖြစ်အဖမ်းခံခဲ့ရတယ်။

သည့်နောက် မြို့ဝန်ဘိုင်ဆပ်တို့အဖွဲ့က မိဖုရားငယ်များအဆောင်ရှိရာ အနောက်ပိုင်းကိုရောက်လာပြီး အနောက်ဝန်ကို ခေါ်ပြောရော။

အနောက်ဝန်ဆိုတာ မိဖုရားငယ်များ အဆောင်တော်များကို အုပ်ချုပ်ရတဲ့ အကြီးအမှူးပဲ။

ရွှေနန်းတော်မှာ အရှေ့မင်းသားများနေရာနှင့် အနောက်မင်းမိန်းမပိုင်းဆိုပြီး ပိုင်းခြားထားတာ။

အနောက်ပိုင်း မင်းမိဖုရား အပျိုတော်များရှိရာကို ဘယ်ယောကျ်ားမှ ဝင်ခွင့်မရှိဘူး။ ဒီနေရာကို မိန်းမစိုးလို့ခေါ်တဲ့ သင်းကွပ်ခံပြီးသား ယောကျ်ားတွေ အုပ်ချုပ်လုပ်ကိုင်ပေးကြရတာတော့ သံတော်ဆင့်မင်း သိပြီးသားပါ။

ဒီနေရာကို အုပ်ချုပ်တဲ့ အနောက်ဝန် ခွင့်ပြုချက်မရဘဲ ဘယ်လိုယောကျ်ားသားမှ ဝင်ခွင့်မရှိဘူး။ အနောက်ဝန်ရဲ့ ခွင့်ပြုချက်မရှိဘဲ ဝင်လာလို့ မိသွားရင် ...

ခြေကျူးက ခြေကိုဖြတ်။

လက်ကျူးက လက်ကိုဖြတ်ပြီး ကြီးလေးတဲ့ ပြစ်ဒဏ်ကို စီရင်ခံရတယ်လေ။ ဒီနေရာကို မိန်းမစိုး တာဝန်ရှိသူဖြစ်တဲ့ ပွဲတော်အုပ်ပို့သူ အမှိုက်



www.burmeseclassic.com

www.burmeseclassic.com



သိမ်း၊ သန့်ရှင်းရေးလုပ်သူ၊ ဆီမီးထွန်းသူများသာ အချိန်ပိုင်းအလိုက် ဝင်ခွင့်ရတာ။

ဒါကြောင့် မြို့ဝန်ဘိုင်ဆပ်က တာဝန်ရှိတဲ့ အနောက်ဝန်ကိုခေါ်ပြီး ပြောတယ်။

"မြို့ဝန်မင်းကြီးက ဘာအကြောင်းထူး ရှိလို့ပါလဲ"

"အနောက်ဝန်မင်း ... ဟောဒီ စကားမိဖုရားရဲ့အမှုလုပ် မိညိုက သူဌေးတစ်ဦးအိမ်က ရွှေဖလားခိုးလို့ သူ့အိမ်မှာ ခုပဲ ရှာဖွေသိမ်းဆည်းခဲ့ရတယ်ဗျ။ ဒါကြောင့် ကျုပ် တရားခံ မိညိုရဲ့ အရှင်သခင် စကားမိဖုရားနဲ့ စကားပြောစရာ ရှိတယ်။ တွေ့ခွင့်ပေးပါ ... အနောက်ဝန်မင်း"

"ဗျာ ..."

"မဗျာနဲ့ ... မင်းတရားကြီး သိသွားရင် ခင်ဗျားတို့ပါ သူခိုးလက်ခံ ဘာဝရောက်ပြီး ကိစ္စတုံးသွားမယ်"

မြို့ဝန်ဘိုင်ဆပ်က အရေးကြီးလာရင် ဘုရင်နဲ့ ခြိမ်းခြောက်တော့ အနောက်ဝန်လည်း စကားမိဖုရားငယ်နဲ့ တွေ့ခွင့်ပေးလိုက်ရတယ်။

စကားမိဖုရားကလည်း ပုဂံမင်းရဲ့ မိဖုရားများစွာထဲက အဆောင်ရ မိဖုရားပဲလေ။

မြို့ဝန်မင်း ဦးဘိုင်ဆပ်က သူနဲ့ အရေးတကြီး စကားပြောချင်တယ်ဆိုတော့ လက်ခံရတာပေါ့။

ကြည့်စမ်း ... စကားမိဖုရားရဲ့ အဆောင်ထဲကို မြို့ဝန်ဘိုင်ဆပ် မြို့စာရေးငပိန်တို့နဲ့အတူ နောက်လိုက်နောက်ပါတွေပါ ဒေါ်ကြီးမောကြီးနဲ့ ဝင်လာတာ တွေ့ကြဗျား။

စကားမိဖုရားကလည်း ဆတ်ဆတ်ကြဲဆိုတော့ မျက်နှာတင်းတင်းနဲ့ မေးလိုက်တယ်။

"မြို့ဝန်မင်း ... ဘာကိစ္စရှိလို့ ကျွန်မနဲ့ လာတွေ့တာတုံး"

"မိဖုရား ... နားခံငရွှေရဲ့သမီး မိညိုက မိဖုရားရဲ့ အပါးရံအမှုလုပ် ဟုတ်ပါသလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် … ဘာဖြစ်လို့လဲ"

မိဖုရားက ခပ်တိုတို တင်းတင်းပဲ ဖြေလိုက်တယ်။ မြို့ဝန်ဘိုင်ဆပ် မကြိုက်တာက စကားမိဖုရားရဲ့ အဲဒီလို အပြုအမူပဲ။ အခြားသော ဘုရင့် မိဖုရားတွေက သူ့အကြောင်းသိလို့ ကြောက်ရှိန်ပြီး တွေ့ရင် ချိုချိုသာသာ ပြောဆိုဆက်ဆံကြတယ်လေ။

စကားမိဖုရားကတော့ သွားရင်းလာရင်း ရွှေနန်းတွင်းမှာ တွေ့ရင် တောင် သူ့ကို ခပ်တန်းတန်း ဆက်ဆံတာကိုး။

ဒီ မိဖုရားငယ်က ဘာမာန ကြီးနေတာလဲ။

ရှင်ဘုရင် မိဖုရားငယ်ဆိုပြီး မာန်တက်သလို ငါ့ကိုတွေ့ရင် ဖော မခန့် လုပ်တာလား။ တွေ့မယ် … ဒီမိဖုရားကို ငါ ဦးချိုးပြီး ဘဝပျက်သွား အောင် လုပ်ရမယ်။

ဒီလိုလုပ်ချင်လို့ ရွှေဖလားခိုးမှုကို အကွက်ဆင်လိုက်တာ။

သူတို့ စနစ်တကျ တိုင်ပင်ပြီးမှ ရွှေဖလားကို သူခိုးထင်က ရွှေရ သမီး ရှင်ညို့ အိပ်ခန်းထဲမှာ ခိုးဝင်ဝှက်ထားခဲ့တာ။ ပြီးမှ သတင်းအရောက်ပြီး လုပ်တာ။

အဓိကက နားခံသမီး အပျိုတော် ရှင်ညို့ကို ပညာပေးချင်လို့ မဟုတ်ဘူး။ သူ့ကို မထီမဲ့မြင် ဆက်ဆံတဲ့ စကားမိဖုရားကို အပြုတ်လုပ်ချင် လို့။

"မိဖုရားရဲ့ အမှုလုပ် အပျိုတော်မိညို့က သူဌေးဦးဝဏ္ဏအိမ်က ရွှေဖလားကို ခိုးယူခဲ့တယ်"

"ဘာ … ဘာပြောတယ်"

"ကျုပ်တို့ သတင်းအရ သွားရှာတော့ မိဖုရားရဲ့ အပျိုတော်မိညို့ရဲ့ အိပ်ခန်းထဲက ပေဟာဒီ ရွှေဖလားကို တွေ့ခဲ့တယ်။ ဒါကြောင့် ရွှေဖလားသူခိုး တရားခံမိညို့ကို စစ်ဆေးစရာရှိလို့ ကျုပ်လက် ရှင်ညို့ကို အပ်ပါ"

"စကားမိဖုရားရဲ့မျက်နှာ ရဲခနဲ ဖြစ်သွားတယ်"

"မြို့ဝန်မင်း …"



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါ ... မိဖုရား"

"ငါ မြို့ဝန်မင်းပြောတိုင်း မယုံဘူး"

"ဟော ..."

"မိညိုကို ကိုယ်တိုင်မေးမြန်းစစ်ဆေးမယ်။ ငါ့အပျိုတော်က သူ ခိုးပါတယ်လို့ ဝန်ခံရင် ငါကိုယ်တိုင် မြို့ဝန်မင်းလက်ထဲကို အပ်မယ်။ အခု ငါ့အပျိုတော်ကို မထည့်ပေးနိုင်ဘူး ... မြို့ဝန်မင်း"

"ဒီလိုလား ... ကျုပ်တို့မှာ သက်သေအခိုင်အလုံ ရထားပြီးလို့ လာခဲ့တာပါ ... မိဖုရား ... ကောင်းပြီလေ ... မိဖုရားကိုယ်တိုင် မေးမြန်းချင်လည်း မေးမြန်းပါ။ ပြီးရင် ကျုပ်လက်ကို အပ်ပါ။ ဒီကိစ္စ မင်းတရားကြီးကို မပြောသေးဘူးနော်။ ပြောလိုက်ရင် မိဖုရားပါ ဒုက္ခရောက်သွားနိုင်တယ်။ ဒီကိစ္စမှာ မိဖုရားကို မနစ်နာစေချင်ဘူး။ ကျုပ် နှစ်ရက်စောင့်မယ်။ နှစ်ရက်ပြည့်လို့မှ မအပ်ရင်တော့ လိုအပ်ရင် အရှင်မင်းကြီးကို တင်လျှောက်ပြီး လာရောက်ဖမ်းဆီးရမှာပဲ။ စဉ်းစားပါ ... မိဖုရား"

မြို့ဝန်ဘိုင်ဆပ်က စကားမိဖုရားကို ထေ့ပြုံးပြုံး ကြည့်ပြီး ခြေဆောင့်လို့ ထွက်သွားခဲ့တယ်။

"တောက် ..."

စကားမိဖုရား ပေါက်ကွဲလာတယ်။ မျိုးမစစ်တဲ့ လူယုတ်မာ မြို့ဝန်ကများ ငါလို ဘုရင့်မိဖုရားအဆောင်ကို ဝင်လာပြီး မာရေကျောရေ ခြိမ်းခြောက် စကားပြောလို့။

ငါ အရှင်မင်းကြီးကို ချက်ချင်း သံတော်ဦးတင်ရင် ကောင်းမလား စဉ်းစားတယ်။ မဖြစ်သေးဘူး။

ကိုယ့်လူကို အရင်စစ်ဆေးဦးမှပေါ့။

ဒါနဲ့ ရှင်ညိုကို ခေါ်မေးရတယ်။

"ရှင်ညို ..."

"အမိန့်ရှိပါ ... မိဖုရား"

"နင့်ကို ရွှေဖလားခိုးမှုနဲ့ မြို့ဝန်ဘိုင်ဆပ်က လာထောင်းနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် . . . ဘုရား . . . ဘုရား"

"နှင်မိုးသလား . . . ရှင်ညို"

"ကျိန်တွယ်ပြောဝံ့ပါတယ် . . . မိဖုရား။ ဘုရားကျွန်မ ဒီနေ့အထိ အပ်တိုတစ်ချောင်းမျှ အရှင်မသိဘဲ မယူဖူးပါဘူး ဘုရား။ ဒါ . . . ဒါ . . . မြို့ဝန်ဘိုင်ဆင် လိမ်ညာကြံစည်တာ ဖြစ်မှာပါဘုရား"

မိဖုရားက အကြောင်းစုံပြောပြရော အပျိုတော်ရှင်ညို ရှက်ကြောက်ပြီး ချုံးပွဲချ ငိုတော့တယ်။ ကျန် အပျိုတော်တွေကလည်း ဝိုင်းကြည့်သနား ကြပေါ့။

ရှင်မိညိုကလေးဟာ ရုပ်ရည်လည်း ချောမောပြေပြစ်သလို အမြူ အမူ အနေအထိုင် အပြောအဆိုလည်း ယဉ်ကျေးတာမို့ စကားမိဖုရားကလည်း ချစ်ခင်နှစ်သက်တယ်။

အခြားအပျိုတော် အမှုလုပ်တွေကလည်း သဘောကျကြတယ်။ ခု လို ရွှေဖလားခိုးတယ်လို့ ကြားတော့ အားလုံး အံ့အားသင့်ကုန်ကြရော။

"ရှင်ညို . . ."

"ဘု . . . ရား . . . ရား . . ."

"နှင်မခိုးတာ အမှန်ပဲလား"

"အမှန်ပါ . . . ဘုရား။ ခုမှသိပြီး ရှက်လည်းရှက်၊ အံ့လည်း အံ့ဩ ရပါတယ် ဘုရား။ အရှင်မိဖုရား . . . ဘုရားကျွန်မကို ကယ်တော်မူပါဦး ဘုရား။ ဘုရားကျွန်မ ရှက်လွန်းလို့ သေရပါတော့မယ် . . . ဘုရား . . . ဟီး . . . ဟီး . . ."

"ရှင်ညို . . . မငိုနဲ့။ ငါ ငိုတာ မကြိုက်ဘူး"

"ဟုတ် . . . ဟုတ် . . . အင့် . . . ဟင့် . . ."

"နှင် ရွှေဖလားမခိုးဘူးဆိုတာ ငါ ယုံကြည်တယ်။ ခဏလေးဒင်း ပြန်တုန်း သင်းတို့ ကြံစည်လိုက်တာဟဲ့။ သင်းတို့ ဘာကြောင့် ကြံစည်တယ် ဆိုတာ ငါ သဘောပေါက်တယ်။ နှင် မပူပါနဲ့ . . . ရှင်ညို"



www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါ . . . ဘုရား။ ယုံကြည်တော်မူပါ ဘုရား"

စကားမိဖုရား သိတယ်။ ဒါ သူမကို ဦးချိုးချင်လို့ ဘိုင်ဆပ်နဲ့ ငပိန်တို့ လုပ်ကြကြတာ သဘောပေါက်တာပေါ့ဗျာ။

အဓိကက မိဖုရားက သူ့တပည့်ခိုးမှုအတွက် ကိုယ်တိုင် မြို့ဝန်ကို တောင်းပန်အသနား ခံစေချင်တာ။

ပြီး . . . သာသာထိုးထိုး လာဘ်ငွေ အလိုရှိနေတာ။

ဒီလိုလုပ်ရပ်မျိုး ဘိုင်ဆပ်တို့ လုပ်စားနေတာ မိဖုရားကြားဖူးတာ ပေါ့။

အခြား မိဖုရားတွေ အကြောင်းကြောင်းကြောင့် ဘိုင်ဆပ်ရဲ့ လှည့်ကွက်မှာ ကြောက်ရွံ့ပြီး လာဘ်ထိုးကောင်း ထိုးကြပေမယ်။ သူကတော့ လုံးဝ လာဘ်မထိုးနိုင်။

မြို့ဝန်ဘိုင်ဆပ်ကို အသနားခံ လာဘ်ထိုးရင် အမှုကို ဖျောက်ပစ်မှာ သေချာမှန်း မိဖုရားသိပါတယ်။

သို့သော် ဒီလို လူယုတ်မာမျိုးမစစ် မြို့ဝန်ကို လာဘ်မထိုးနိုင်ဘူး။ သူ့အပျိုတော် မခိုးဘူးဆိုတာ ယုံကြည်တယ်။ တရားကို နတ်စောင့်တယ်။ တစ်နေ့ အမှုမှန် ပေါ်လာလိမ့်မယ်လို့ ယုံကြည်ပြီး မြို့ဝန်ဘိုင်ဆပ်ကို အရေး မလုပ်ဘဲ နေလိုက်တယ်။

ဒီလိုပါပဲဗျာ။

မြို့ဝန်ဘိုင်ဆပ်နဲ့ မြို့စာရေးမောင်ပိန်တို့ကလည်း စကားမိဖုရားဆီက လာဘ်လာထိုးမှာကို တမျှော်မျှော်နဲ့ စောင့်နေကြတယ်။

"စကားမိဖုရား မလာပါလား . . . ငပိန်"

"မှန်ပါ . . . မိဖုရားဆိုတော့ ကိုယ်တိုင်လာတွေ့ရမှာလည်း မသင့်ပေဘူးကို မြို့ဝန်မင်းကြီး။ စောင့်နေပါခင်ဗျာ မိဖုရားကိုယ်စား တစ်ယောက် ယောက်တော့ လာပေးပါလိမ့်မယ် . . . မြို့ဝန်မင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမိဖုရားက အကြောမာတယ်ကွ။ သင်းကိုဦးကျိုးအောင် လုပ်ပစ်ရမယ်။ ဘိုင်ဆပ်ကို ဘာများမှတ်လို့ သင်းက မာကြောနေလဲ မသိဘူး။ သင်းတို့ဆီက လာဘ်ငွေမလာရင်တော့ . . . ဟင်း . . . ဟင်း . . . ဟင်း . . . သင်း မိဖုရားဘဝကနေ ချာန်လျှောပြီး မြေတိုက်ထဲမှာ ဝက်စာစားရအောင် ငါလုပ်ပြမယ်ဟေ့ . . . ဟား . . . ဟား . . . ဟား . . ."

✿ ✿ ✿

[ ၁၈ ]

❑

စကားမိဖုရားခမျာ ဘယ်လိုလုပ်ရမှန်း မသိဖြစ်နေတာပေါ့ဗျာ။

မြို့ဝန်ကြီး ဘိုင်ဆပ်ကို လာဘ်ထိုးပြီး သူ့အပျိုတော်အမှုကို ဖျောက်နိုင်းရင် ကောင်းမှာလား။

ဒါဆို ရွှေဖလားမခိုးဘဲနဲ့ သူခိုးဘဝရောက်သွားမှာလည်း မလိုချင်ဘူး။

မြို့ဝန်ဘိုင်ဆပ် ညစ်ပတ်စုတ်ပဲ့တာကို သိလို့ အလျှော့လည်း မပေးချင်ဘူး။

သို့သော် ကိုယ့်အပျိုတော်က မပြေးသော် ကံရာရှိဖြစ်နေတယ်။ ဘိုင်ဆပ်ကို လာဘ်မထိုးဘဲ တင်းခံနေတုန်း . . .

မြို့ဝန်ဘိုင်ဆပ်ကများ အရှင်မင်းတရားကြီးကို ဒီအမှုကိစ္စ သွားတိုင်လျှောက်လိုက်ရင် . . .



www.burmeseclassic.com

www.burmeseclassic.com



ဘုရား . . . ဘုရား . . . ဘဝပျက်ပြီ။

အရှက်ကွဲပြီ။ ဘယ်လိုလုပ်ရမတုံး။

နောက်ဆုံး ဘုရားရှိခိုး၊ တိုင်တည်သစ္စာဆိုပြီး အမှုမှန်ပေါ်ပေါက်ရန် သမ္မာဒေဝနတ်များက ကူညီညာပိုင်း၍ မှိုင်းမတော်မူပါလို့ပဲ ဆုတောင်းနေကြရတော့တယ်။

ကြည့်စမ်းပါဗျာ . . .

စကားမိဖုရားတို့ပဲ ဆုတောင်းပြည့်တာလား နတ်ကောင်းနတ်မြတ်တွေက တရားသဖြင့် ကူညီမှိုင်းမကြတာလား။

ဒီလိုမှမဟုတ် . . . မြို့ဝန်ဘိုင်ဆပ်နဲ့ မြို့စာရေးကြီးမောင်ပိန်တို့ကံဇာတာ ညှိုးချိန်ရောက်လို့ နတ်တွေက အဆင်းမှာ တွန်းချလိုက်သလားမသိဘူး။

တိုင်းကျော်ပြည်ကျော် အမှုကြီး ပေါ်ပေါက်လာပါရောဗျာ။

ဖြစ်ပုံက ဒီလို . . .

မြို့ဝန်ဘိုင်ဆပ်ကို ပုဂံမင်းတရားကြီး ဘယ်မျှ မြှောက်စား သူကောင်းပြု အရေးပေးလဲဆိုရင် . . .

ပုဂံမင်း နံနက် မျက်နှာသစ်တော်ရေကျချိန်မှာ မြို့ဝန်ဘိုင်ဆပ်က အသင့်ရောက်နေသတဲ့ဗျာ။

မင်းတရားကြီး မျက်နှာသစ်တော်မူပြီးရင် မြို့ဝန်ဘိုင်ဆပ်က မင်းတရားကြီးကြိုက်တဲ့ ကြက်ငှက် တိရစ္ဆာန်တွေရဲ့ လိမ္မာထူးခြားပုံကို မင်္ဂလာစကားအဖြစ် တင်လျှောက်သတဲ့။

ဘယ်ကြက်တူရွေးက လူစကား ဘယ်နှမျိုး တတ်နေပါပြီဘုရား။ ဘယ် သာလိကာကတော့ အမှုထမ်းတွေရဲ့ နာမည်တော် ခေါ်တတ်သလို ကြက်နီချိတ်က ခွပ်ရင် တစ်ရေနဲ့ ပွဲသိမ်းပါတယ်ဘုရား။

"မင်းကြီး . . . မင်းကြီး . . ."

"ဘုရား . . . ဘုရား . . . စတဲ့ စကားတွေပါ ခေါင်းကြီးမ သာလိကာသင်ယူတတ်မြောက်သမို့ ရွှေနန်းတော်သူ ရွှေနန်းတော်သားတွေပါ အံ့သြ



www.burmeseclassic.com

www.burmeseclassic.com



နေကြောင်းပါဘုရား။ ဘယ်တိုက်ကြက်ကတော့ ခုန်ဆိုခုန်၊ ပြေးဆိုပြေး၊ လာဆိုလာ၊ ခွပ်ဆိုခွပ်၊ အော်ဆိုအော် ပြုလုပ်တတ်နေပါပြီ ဘုရား”

ဒီလို ဘုရင်ကြိုက်နှစ်သက်တဲ့ တိရစ္ဆာန်တွေအကြောင်း ပြောပြပြီး ... တိုင်းပြည်မှာ ဖြစ်ပျက်နေတဲ့ အကြောင်းတွေ သူ စုံစမ်းသိရှိတာတွေ တင်လျှောက်။

ကုန်ကုန်ပြောကြပါဦးစို့ ... သံတော်ဆင့်မင်းရယ်။

ဒီနေ့ နံနက်ညီလာခံ စည်းဝေးမယ်၊ မစည်းဝေးဘူးလို့သိဖို့ ဘုရင်ထံ ဦးစွာ ခစားနေတဲ့ မြို့ဝန်ဘိုင်ဆပ်ကို တိုးတိုးချဉ်းကပ် မေးရသတဲ့ဗျား။

မြို့ဝန်ဘိုင်ဆပ်က ဒီနေ့ မင်းတရားကြီး မကြည်သာလို့ နံနက်ညီလာခံ မကျင်းပဘူးလို့ ပြောလိုက်ရင် ...

ညီလာခံတက်မည့် ဝန်ကြီးတွေ ပြန်သွားရတယ်။

ရှင်းအောင်ပြောရရင် ပုဂံမင်းတရားကြီးက သူ့ယယ်ကျွန်မြို့ဝန်ဘိုင်ဆပ်ကို အဲဒီလောက်အထိ ယုံကြည်မြှောက်စား အရေးပေးခဲ့တာပါဗျာ။

ဝါသနာတူတဲ့အပြင် ဘုရင့်အလိုသိတဲ့ ယယ်ကျွန်ရင်း။

ဘုရင်က ဒါဖြစ်ချင်တယ်ဆို ချက်ချင်းလုပ်ပေးတဲ့ ယယ်ကျွန်အိမ်တော်ပါလူယုံ။

သနားလို့ မြှောက်စားတော်မူတယ်။

ရွှေနန်းတော်အတွင်း ကြိုက်သလို ဝင်ထွက်စေ ... အခွင့်အရေးပေးတယ်။ နေရာပေးတယ်။ အလိုလိုက်ပြီး ကာကွယ်ပေးတယ်။

ဒီကျေးဇူးတရားတွေကို ဘိုင်ဆပ် မထောက်ဘူး။

ငါက ဘုရင်ရဲ့ ယုံကြည်တော်မူခြင်းခံရတဲ့ ယယ်ကျွန်အိမ်တော်ပါမြို့ဝန်ကြီးဆိုပြီး အာဏာကို အလွဲသုံးစားလုပ်၊ မြို့သူမြို့သား နန်းတွင်းသူနန်းတွင်းသား အမှုထမ်း သူဌေးသူကြွယ်မကျန် နှိပ်စက်ညှင်းပန်း အနိုင်ကျင့်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အမျိုးကောင်းသမီးပျိုတွေကို ဖျက်ဆီးခဲ့တယ်။

အခု . . . သူ ကျေးဇူးရှင်ဘုရင်ကို စော်ကားခဲ့လို့ ကျေးဇူးစူးပြီ။

ဒီအကြောင်းက ဘိုင်ဆပ်နဲ့ ငပိန်ရဲ့ ကံကြမ္မာကို အဆုံးအဖြတ် ပေးတဲ့ ဂမ္ဘီရဖြစ်ရပ်ဆန်းကြယ် ဖြစ်စဉ်ပဲဗျ။

✿ ✿ ✿

[ ၁၉ ]

❑

တစ်ည . . .

ပုဂံမင်းတရား နှစ်ခြိုက်စွာ စက်တော်ခေါ်နေစဉ်။

စက်တော်ခန်းရှိရာကို အဘိုးအိုတစ်ဦး ဝင်လာတယ်။

ပိတ်ဖြူပုဆိုး။ အင်္ကျီအရှည်ဝတ်လို့။ ခေါင်းမှာလည်း ဖော့လုံးနဲ့။ ပခုံးပေါ်မှာ ဘွဲ့ဖြူခြုံတဘက်ကို ခြုံထားလို့။

ရုပ်လက္ခဏာကလည်း တည်ကြည်သန့်ရှင်းလို့တဲ့။

ညာလက်ကလည်း ဝါးတောင်ဝှေးတစ်ချောင်းတောင် ကိုင်ထားတယ်။ ပုဂံမင်းတရားကြီး စက်ရာက ရုတ်တရက်နိုးလာလို့ ကြည့်လိုက်တော့ . . . .

"အလို . . . စစ်တောင်းစားဝန်ကြီး ဘိုးဘိုးပါလား။ ကျုပ်ရဲ့ အဆောင်ထဲ ဘယ်လိုအကြောင်းများရှိလို့ ဝင်လာတာပါလဲ . . . ဘိုးဘိုး"



www.burmeseclassic.com

www.burmeseclassic.com


စစ်တောင်းစားဝန်ကြီး (ဘိုးဘိုး)က ပုဂံမင်းရဲ့ စက်တော်သလွန်ရှေ့မှာ ရပ်ပြီး ပြောသတဲ့ဗျာ။

"အရှင့်သား ... အရှင်သားကို ပြောပြသတိပေးစရာရှိလို့ ဘိုးဘိုးဝင်လာတာပဲ"

"ပဇာအကြောင်းများပါလိမ့် ... ဘိုးဘိုးရယ်၊ ပြောပါဦး"

"အရှင့်တိုင်းပြည်မှာ ဘာတွေဖြစ်နေသလဲဆိုတာ အရှင့်သားပြန်လို့မှ ကြည့်ရဲ့လား ... အရှင့်သား"

"အလို ... ဘိုးဘိုး ကျွန်ုပ်သည် အမရပူရ မင်းနေပြည်တော်ကြီးကို တရားသဖြင့် အုပ်ချုပ်နေပါတယ် ... ဘိုးဘိုးရဲ့။ ဘိုးဘိုးရဲ့စကားက ထူးဆန်းလှချေတကား"

"အင်း .. အင်း ... အရှင်သား ... အရှင့်သားက တိုင်းပြည်ကို တရားသဖြင့် မင်းကျင့်တရားဆယ်ပါးနဲ့အညီ အုပ်ချုပ်နေသတဲ့လား။ တိုင်းပြည်အုပ်ချုပ်တဲ့ဘုရင် တိုင်းပြည်မှာ ဘာဖြစ်နေတယ်၊ တိုင်းပြည်မြို့ရွာမှာ ဘယ်လိုအမှုအခင်းတွေ ဖြစ်နေသလဲ အရှင့်သား မသိပါဘူး။ အရှင့်သားက အပျော်အပါးနဲ့ ပျော်ပိုက်နေတာပါ။ မြှောက်ပင့်နေတဲ့ မှူးကြီးမတ်ကြီးတွေ၊ တပည့်တပန်းတွေရဲ့ ပြောစကားကို ယုံကြည်နေတာပါ။ ဒါတွေ သတိပေးချင်လို့ ဘိုးဘိုးရောက်လာတာပဲ။ ဟောဒီ အရှင့်သားအုပ်ချုပ်တဲ့ တိုင်းပြည်မှာ ဘာတွေဖြစ်နေသလဲ သိချင်ရင် ဟောဒီ ရွှေနန်းတော်ရဲ့ မြောက်စမုတ်ဆောင်မှာ ရုပ်စုံပွဲသဘင် ခံယူရှုစားတော်မူပါလျှင် ယနေ့ဖြစ်ပျက်နေတဲ့ အကြောင်းစုံကို ကွက်ကွက်ကွင်းကွင်း သိတော်မူပါလိမ့်မယ် အရှင့်သား။ ဒီစကားပြောချင်လို့ အရှင့်သားထံ အရောက်လာခဲ့ရတာပါ။ ဘိုးဘိုး ပြန်တော့မယ်"

"ဘိုးဘိုး ... ဘိုးဘိုး ..."

ဝိတ်ဖြူစင်ကြယ်ဝတ် ဖော့လုံးတုတ်ကောက်နဲ့ စစ်တောင်းစားဝန်ကြီး ဘိုးဘိုးဟာ ပုဂံမင်းရဲ့ မျက်စိရှေ့မှောက်မှာပဲ ရုတ်တရက်ပျောက်သွားရော။

"ဘိုးဘိုး ... စစ်တောင်းစား ဘိုးဘိုးကြီး"

---

**စိတ်ကူးသစ်စာပေ**



www.burmeseclassic.com

www.burmeseclassic.com



ပုဂံမင်းတရားကြီး စက်တော်ခေါ်ရင်းက ဘိုးဘိုး . . . ဘိုးဘိုး . . အော်ဟစ်ရင်း နိုးလာပါရော။

စက်တော်ကနိုးတော့ စစ်တောင်းစားဝန်ကြီး ဘိုးဘိုးကို လိုက်ရှာကြည့်တာ မတွေ့ဘူး။

တံခါးတွေအားလုံးလည်း ပိတ်လျက် ရှိနေရဲ့။

ဒီတော့မှ ပုဂံမင်းတရားကြီး အိပ်မက် မက်နေမှန်းသိပြီး အံ့သြလွန်းလို့ စဉ်းစားတော်မူတယ်တဲ့ဗျ။

စစ်တောင်းစားဝန်ကြီး ဘိုးဘိုး လာရောက်အိပ်မက်ပေး ပြောသွားတာ။

တိုင်းပြည်မှာ ဘာတွေ ဖြစ်ပျက်နေသလဲဆိုတာ သိချင်ရင် မြောက်စမုတ်ဆောင်မှာ ရုပ်စုံပွဲ ခံကြည့်တော်မူပါက ယနေ့ဖြစ်ပျက်နေတဲ့ အကြောင်းအရာတွေ သိပါလိမ့်မယ် အရှင့်သားတဲ့။

ထူးဆန်းလှချည်လား။

စစ်တောင်းစားဝန်ကြီး (ဘိုးဘိုး) ကွယ်လွန်တာ အတော်ကြာခဲ့ပြီလေ။ စစ်တောင်းစားဝန်ကြီးက သက်တော်ကြီးရင့်သလို အတွေ့အကြုံနဲ့ ပညာဗဟုသုတလည်း များတယ်။

ပြောစရာရှိရင်လည်း ဘယ်သူ့မျက်နှာမှ မထောက် ပြောင်ပြောင်ပြောတာ။ ဝန်ကြီးရယ်၊ မင်းသားရယ်၊ မိဖုရားရယ် ခွဲခြားမနေဘူး။

မဟုတ်မမှန် ဖြစ်နေရင်လည်း ပြောရဲဆိုဝံ့သူ ဝန်ကြီး။

မိမိကိုယ်တိုင် ရာထူးဘွဲ့မည် ချီးမြှင့်ခဲ့တာ။

အကြီးတော်ဘုရားရဲ့ ကျွန်တော်ရင်း သက်တော်ရှည်ဝန်ကြီးလေး အကြီးတော်ဘုရားရှိစဉ်က ဘိုးဘိုးရဲ့ ရာထူးက စစ်တောင်းမြို့စား မင်းကြီး မဟာမင်းလှမင်းထင်၊ ရွှေဝင်းမှူးကြီး မဟာမင်းခေါင်ရာဇာတဲ့။

မိမိလက်ထက်မှာ အဂ္ဂမဟာသေနာပတိဝန်ကြီးအဖြစ် ချီးမြှင့်မြှောက်စားခဲ့တာ။ ဘိုးဘိုးဝန်ကြီး ကွယ်လွန်တာ ကြာပြီ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဘိုးဘိုးကြီးက ကွယ်လွန်ပြီးနောက် ရုက္ခစိုးဖြစ်နေတယ်လို့ မင်းမှုထမ်းတွေ ပြောနေတာကြားတယ်။

မကြာခဏ ရွှေနန်းတော် ဝန်းကျင်မှာ ကိုယ်ထင်ပြတယ်တို့၊ အိပ်မက်ပေး ဆုံးမတယ်လို့ ပြောနေကြတာရယ်။

အချို့ကဆို စစ်တောင်းစားဘိုးဘိုး ရုက္ခစိုးကို စားဖွယ်သောက်ဖွယ်များနဲ့ လှူဒါန်း အမှုပေးဝေကြတယ်။

သမာဓိရှိ၊ ပညာရှိ၊ အမှန်တရားကို လက်ကိုင်ထားတဲ့ ဝန်ကြီးမို့ ရုက္ခစိုးကြီး ဖြစ်နေတာ။ ယုံကြည်တယ်။

အခု ကွယ်လွန်သူ စစ်တောင်းစားဝန်ကြီး ဘိုးဘိုးက အိပ်မက်ပေးပြီး ပြောနေပြီ။ ငါ့တိုင်းပြည်မှာ ဘာတွေဖြစ်နေလို့လဲ။

ငါ့ကိုလည်း ဝန်ကြီးတွေရော၊ လွှတ်တော်ကရော ဘာမှမပြော မလျှောက်ကြပါလား။ မင်းတရားကြီး သိချင်လာတယ်။

ဒီ ရုက္ခစိုးဘိုးဘိုး လာအိပ်မက်ပေးတာ။ အလွန်ထူးခြားနေတယ်လေ။ ဒါကြောင့် နောက်ညမှာ မြောက်စမုတ်ဆောင်တွင် ရုပ်စုံပွဲ စီရင်ကျင်းပရမည်လို့ အမိန့်တော် မှတ်လိုက်တယ်။

မြောက်စမုတ်ဆောင်မှာ ရုပ်စုံပွဲကြီးခံမယ်လို့ ကြားသိကြရော။ နန်းတော်သူ၊ နန်းတွင်းသား၊ မိဖုရားများပါမကျန် ဝမ်းသာကြပါရော။

ရုပ်စုံပွဲက အခါရာသီမဟုတ်ဘဲ ကစေတော့ အချို့က ထူးဆန်းလိုက်တာလို့ ဝေဖန်ကြတယ်။ သို့သော် နန်းတွင်းသားအများစုက အလွန်ပျော်နေကြပေါ့ဗျာ။

နောက်နေ့ညမှာ နာမည်ကျော် ရုပ်စုံအဖွဲ့က မြောက်စမုတ်ဆောင်ပွဲ ရုပ်စုံကတယ်ခင်ဗျ။

ရုပ်စုံပွဲကို ပုဂံမင်းတရားကြီးနဲ့ မိဖုရားခေါင်ကြီးကိုယ်တော်တိုင် မြောက်စမုတ်ဆောင် ဥကင်ကနေ ရှုစားတော်မူတယ်။

မိဖုရားကြီးတွေ၊ ဝန်ကြီးမှူးမတ်တွေ၊ ကတော်တွေ၊ ကိုယ်လုပ်တော်များ၊ အပျိုတော်များနဲ့ ရုပ်စုံပွဲခင်းဟာ စည်ကားနေသတဲ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ရုပ်စုံအဖွဲ့က အရှင်နှစ်ပါးကို တေးထပ်အဆိုများနဲ့ ရှိသေစွာ ကန်တော့ပြီး ရုပ်စုံသမ္မဖဉ်အတိုင်း က,ကြတယ်။

ပုဂံမင်းတရားကြီးကတော့ အိပ်မက်ပေး ပြောသွားတဲ့၊ ကွယ်လွန်သူ စစ်တောင်းစားဝန်ကြီး ဘိုးဘိုးပြောတဲ့ စကားကို ရုပ်စုံပွဲ ရှုစားရင်း ဘယ်လိုတွေ ဖြစ်မှာပါလိမ့်ဆိုတဲ့ စိုးရိမ်စိတ်နဲ့ ပွဲလာမင်းပရိသတ်တွေရဲ့ လှုပ်ရှားမှုတွေကို ရင်တမမ လှမ်းကြည့်နေသတဲ့။

ရုပ်စုံပွဲခံလိုက်ပါ ... အရှင့်သား။

ယခု ဖြစ်ပျက်နေတဲ့ အကြောင်းအရာတွေကို သိရပါလိမ့်မယ် အရှင့်သားတဲ့။ ရုပ်စုံပွဲကြီးပဲ ညဦးယံသရုပ်ကို ဖော်နေပြီ။

မင်းညီမင်းသား၊ မိဖုရားများ ကိုယ်လုပ်တော်များ၊ အပျိုတော်၊ ရံရွေတော်များနဲ့ မင်းမှုထမ်း မိသားစု ပွဲကြည့်ပရိသတ်တွေကတော့ ပျော်လို့ ရွှင်လို့။

ရုပ်စုံသဘင်တော်က ဆိုင်းသံ၊ သီချင်းဆိုသံတွေကလည်း သာယာနာပျော်ဖွယ်များပါတဲ့ဗျာ။

ပုဂံမင်းတရားကြီးက သူ ဘာကြောင့် ရုပ်စုံပွဲခံရသည်လည်းဆိုတာ သူ့မိဖုရားခေါင်ကြီး ဖြစ်တော်မူတဲ့ ...

သီရိတိလောက မဟာရတနာဒေဝီမည်တဲ့ မိဖုရားခေါင်ကြီးကိုလည်း ယောင်လို့မျှ မပြော။

ဝန်ကြီးတွေ၊ မှူးကြီးမတ်ကြီးတွေကိုလည်း မပြောဘူး။

ညီတော် မင်းတုန်းမင်းသားကြီးနဲ့ ညီတော် ကနောင်မင်းသားကြီးတို့ကလည်း ဘာကြောင့် ရုပ်စုံပွဲခံရပါသလဲ နောင်တော်မင်းဘုရားလို့ မမေးဘူး။

နောင်တော် ရှင်ဘုရင်ပျော်ရင် ဝမ်းသာတာပဲ။

နောင်တော် ပုဂံမင်း မင်းဖြစ်တဲ့အချိန်ကစပြီး နောင်တော် ...

ပုဂံမင်းတရားကြီးက မင်းဧကရာဇ်တို့ထုံးစံ အစဉ်အလာအတိုင်း ပြုမူနေထိုင်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



တိုင်းရေးပြည်ရေးကိစ္စတွေကို သုံးသပ်ဆုံးဖြတ်ရာမှာတော့ တိတိကျကျ အမိန့်တော်ထုတ်ပြန်ပေမင့် ...

အမှန်တကယ် လွှတ်တော်ထဲမှာ အိမ်ရှေ့မင်းကဲ့သို့ တိုင်းပြည်အရေးကိစ္စတွေကို စီရင်အကောင်အထည်ဖော်ရတာကတော့ ညီတော်မင်းတုန်းမင်းသားကြီးနဲ့ လွှတ်တက်အရာရှိ ဝန်ကြီးတွေပဲ။

နောင်တော်ဘုရင် စိတ်တော်သာယာရင် ပြီးရောပဲယူဆပြီး ရှုပ်ရှုပ်ပွဲခံရတဲ့အကြောင်း မမေးကြဘူးတဲ့။

သိတဲ့အတိုင်းပဲလေ။

နန်းတွင်းမှာက သူ့အုပ်စုနဲ့သူ ဖြစ်နေကြတာ။

မင်းတရားကြီး သူကောင်းပြုထားတဲ့ အိမ်တော်ပါဝန်ကြီး မတ်ကြီးများက တစ်စု။

မှန်မှန်ကန်ကန်လုပ်ချင်တဲ့ ဝန်မင်းများကတစ်စု။

သို့သော် ပုဂံမင်းရဲ့ လူယုံအိမ်တော်ပါ အရာရှိတွေက အရေးသာနေတော့ နေရာတကာ ဝင်ပါလို့ မရဘူး။

အနေအထိုင် မတတ်ရင် ခေါင်းနဲ့ကိုယ် အိုးစား ကွဲသွားနိုင်တယ်။

နောင်တော် ပုဂံမင်းက တာဝန်ပေး အမိန့်တိုက်ရိုက်ပေးမှ ... မေးမှ သင့်တင့်လျှောက်ပတ်စွာ ပြောဆိုခစားကြတာလေ။

မင်းတရားကြီးလည်း ဘာများဖြစ်လာမှာလဲနဲ့ ... စိုးထင့်နေချိန်မှာ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [၂၀]

❑

အနောက်ဆောင်တော်ရှိရာကို ခြေလှမ်းကျဲကျဲနဲ့ လူတစ်စု လက်နက်တွေနဲ့ ဝင်လာကြတယ်။

အဲဒီညက စကားမိဖုရားက ရုပ်စုံပွဲ သွားမကြည့်ဘူး။

အပျိုတော်မိညိုရဲ့ကိစ္စတွေးပြီး စိတ်နှလုံး နောက်ကျိုလို့ အဆောင်တော်မှာ အနားယူနေချိန် ...

ခြေသံပြင်းပြင်းနဲ့ သူ့အဆောင်ရှိရာ လာနေတဲ့ ခြေသံတွေကြောင့် လန့်ဖျပ်ပြီး ခေါင်းထောင် နားစွင့်လိုက်တယ်။

တံခါးထုခေါက်သံတွေ တဒုန်းဒုန်းကြားပြီး စိုးရိမ်သွားတယ်။

"သခင်မဘုရား ... ဘယ်သူတွေလဲ မသိဘူး ဘုရား။ ဆူညံနေတာပဲ။ ကြောက်လိုက်တာ သခင်မဘုရား"

မိညိုတို့ အမှုလုပ်အပျိုတော်တွေ စကားမိဖုရားရဲ့ ခြေတော်ရင်းမှာ ရင်ဖိုတုန်လှုပ်နေကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



"မိဖုရား ... စကားမိဖုရား ..."

"ဟဲ့ ... အချိန်မတော် ဘယ်သူတုံး"

"တံခါးအမြန်ဖွင့်ပါ ... မိဖုရား"

"တံခါးဖွင့်ဖို့ ပြောနေတာ ဘယ်သူတုံး ... အနောက်ဝန်လား"

"ဟုတ်ပါတယ် ... အရေးကြီးလို့ တံခါးဖွင့်ပါ"

အနောက်ဝန်ဆိုပါလား ... အနောက်ဝန်ကတော့ မိမိတို့ မိဖုရားတွေရဲ့ အဆောင်တွေကို ကြည့်ရှုစောင့်ရှောက်ကြီးကြပ်ရတဲ့ အကြီးအမှူးပဲ။

ပဇာအရေးများကြောင့်ပါလိမ့်။

အရှင်မင်းတရားကြီး ရုပ်စုံပွဲ ရှုစားတော်မူနေတုန်း ပြဿနာဖြစ်လို့လား။ အရှင်မင်းကြီးများ နေမကောင်းလို့များ ...

"မိညို ... တံခါးဖွင့်ပေးလိုက်"

ဒါနဲ့ အပျိုတော်မောင်းမ မိညိုက တံခါးဖွင့်ပေးလိုက်ရော ...

"အမလေး ..."

"အလို ..."

မောင်းမငယ် မိညို လန့်ပြီးအော်ပြီး နောက်ကို ဆုတ်လိုက်သလို စကားမိဖုရားလည်း အံ့အားသင့်သွားလေရဲ့တဲ့။

စကားမိဖုရားရဲ့ အဆောင်ထဲ ချည်းနင်းဝင်ရောက်လာသူက အနောက်ဝန်မင်းနှင့် မိန်းမစိုး အမှုလုပ်တော်တွေ မဟုတ်ဘူး။

တွေ့လိုက်ရတာက ...

မြို့ဝန်ဘိုင်ဆပ်နဲ့ မြို့စာရေး ငပိန်တို့လူစု။

သေရည်နံ့မွှန်နေတဲ့ အဆီပြန်မျက်နှာရှင် မြို့ဝန်ဘိုင်ဆပ်က စပ်ဖြီးဖြီးမျက်နှာနဲ့ မိဖုရားကိုရော ရွှေဖလားသူခိုး စွပ်စွဲခံရသူ မောင်းမမိညိုကိုပါ တစ်လှည့်စီ ကြည့်နေသတဲ့ဗျာ။

အပျိုတော်တွေ၊ မောင်းမတွေလည်း ပါးမြိုင်းမွေး၊ မုတ်ဆိတ်မွေး နှုတ်ခမ်းမွေး ထူလပြိန်းနဲ့ သေရည်သေရက်စော် နံဟောင်းနေတဲ့ မြို့ဝန်ဘိုင်ဆပ်ကို ဖြုန်းစားချည်း မြင်ကြရော ...



www.burmeseclassic.com

www.burmeseclassic.com



လန့်အော်သူအော်၊ ငိုသူငို၊ ပုန်းသူပုန်း ဖြစ်ကုန်ပါရော။

"မြို့ဝန်မင်း . . . ကျွန်မရဲ့ အနောက်ဆောင်တော် မိဖုရားဆောင်ကို ဝင်လာတာ အနောက်ဝန်ရဲ့ အမိန့်ပါလား"

စကားမိဖုရားက လုံးဝမကြောက်ဘူး။

သူတို့လာတဲ့အကြောင်းရင်းကို ရိပ်မိပြီးမို့ပေါ့ဗျာ။

မြို့ဝန်ဘိုင်ဆပ်ကလည်း လာဘ်လာမထိုးတဲ့ မာကျောကျော၊ ဂျစ်ကန်ကန် မိဖုရားငယ်ကို ဦးကျိုးအောင် အကြောင်းပြဖို့ မြောက်စမုတ်မှာ ရုပ်စုံပွဲခံနေတုန်း ရောက်လာတာ။

ရုပ်စုံပွဲသွားနေကြလို့ အနောက်ဆောင်မှာ အနောက်ဝန်မရှိဘူး။ ကင်းလှည့်နေတဲ့လူရယ်၊ သာမန် မိန်းမစိုး အစောင့်ပဲရှိတော့ မိန်းမစိုး အစောင့်တွေကို ဟိန်းဟောက်ပြီး ဝင်တာလေ။ လူရှင်းနေချိန်ကို အံကိုက်ရွေးဝင်လာတာ။

အနောက်ဝန်ကိုတွေ့လည်း ဂရုစိုက်စရာ မလိုပါဘူးဗျာ။ မိဖုရားက ရွှေဖလားသူနိုး လာမအပ်လို့ ခုလို လာဖမ်းရဥစ္စာ။

"အနောက်ဝန်မင်းအမိန့် ပါလားလို့ မေးတယ်လေ"

"အနောက်ဝန်အမိန့် မလိုအပ်ဘူး . . . မိဖုရား။ ရွှေဖလားသူနိုး မိညိုကို စစ်ဆေးဖို့ လာအပ်ပါမယ်လို့ ပြောထားလျက်နဲ့ လာမအပ်လို့ ရတဲ့အချိန် အားတဲ့အချိန် လာဖမ်းတာပါ။ ဟဲ့ . . . မိညို၊ သူနိုးမ လာစမ်း"

"မြို့ဝန်မင်း . . . ရှေ့မတိုးနဲ့"

"ဗျာ . . . မိဖုရား . . . . မိဖုရားက သူနိုးကို ကာကွယ်ပြီး သူနိုးလက်ခံလုပ်မလို့ပေါ့ . . . ဟုတ်လား။ တတ်နိုင်ဘူးလေ . . . ကျုပ်က မိဖုရားကို ငဲ့ညှာရက်သားနဲ့ မိဖုရားက သူနိုးကို မအပ်မှတော့ . . . ဟဲ့ကောင်တွေ . . . ဟိုသူနိုးမကို . . . ဖမ်းစမ်း"

မြို့ဝန်မင်းလူတွေက ကြောက်ရွံ့နေတဲ့ အပျိုမလေး မိညိုကို ဆွဲဖို့ ဝင်လာရော ရှေ့ကဝင်လာတဲ့ လူရဲ့ရင်ဘတ်ကို ဆောင့်တွန်းပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ … လူယုတ်မာလူလိမ်တွေ ခုထွက်သွားစမ်း သွားနော် မသွားဘူးလား … ကဲဟာ … ကဲဟာ … ကဲဟာ …"

စကားမိဖုရားက သတ္တိကောင်း၊ မဟုတ်မခံ မိန်းမသားပျာ။

သူ့အမှုလုပ် အပျိုတော်မိညိုကို မြို့ဝန်ဘိုင်ဆပ်ရဲ့ နောက်လိုက် အမှုထမ်း လူကြမ်းတွေက အဓမ္မဝင်ဆွဲရော။

ပြန်တွန်း၊ အော်ဟစ်နှင်တယ်။ နှင်လို့မရရော တွေ့ရာပစ္စည်းတွေနဲ့ ကောက်ပစ်တာ လူရမ်းကား အဓမ္မသားတွေကို ထိမှန်ပြီး ရှုန်းရှင်းဆန် ခတ်ဖြစ်။

"မိဖုရား ရပ်ပါ"

"သွား … ထွက်သွား … နင်တို့ လူလိမ်လူယုတ်မာတွေ … ထွက် … ကဲဟာ … ကဲဟာ …"

"ကျုပ်က ရွှေဖလားသူခိုးကို လိုချင် …"

"သူခိုးက နင်တို့ဟ … ကဲဟာ … ကဲဟာ …"

"အား … အား …"

စကားမိဖုရားက မြို့ဝန်ဘိုင်ဆပ်ရဲ့ မျက်နှာကို သောက်ရေ တကောင်းနဲ့ ကောက်ပစ်လိုက်တာ မြို့ဝန်ဘိုင်ဆပ်ရဲ့ ရင်ဘတ်ကို ထိမှန်ပြီး ရေတကောင်း ကျကွဲသွားတယ်။

မိဖုရားရဲ့ အဆောင်ထဲမှာ ဆွဲသံ၊ လွဲသံ၊ ကယ်ပါယူပါ အော်ဟစ် သံ၊ ဝုန်းဒိုင်းကွဲ ပေါက်ခွဲပစ်သံတွေနဲ့ ကြောက်စရာကောင်းအောင် ဆူညံနေ တုန်းမှာပဲ …

စကားမိဖုရားရဲ့ အဆောင်တော် ဆူညံနေတဲ့နေရာကို အနောက် ဝန်မှူး အပါအဝင် ဘုရင့်စစ်မှုထမ်း လက်နက်ကိုင်တွေ ရောက်လာပါ ရော။

"ဟိတ် … အားလုံးရပ်ကြစမ်း"

"ကဲဟာ"

"ဗုန်း … ဂွမ်း"



www.burmeseclassic.com

www.burmeseclassic.com



"သေဟာ"

"ဖောင်း . . . ဖြန်း"

"အား . . ."

"ရပ် . . . စမ်း အမိန့်"

အောင်မြင်တဲ့ အမိန့်ပေးသံကြီး ဟိန်းထွက်လာလို့ အားလုံး လန့်ပြီး ရပ်လိုက်ကြတယ်။ အမိန့်ပေးသူက ပုဂံမင်းတရားကြီးရဲ့ အဂ္ဂမဟာသေနာပတိ ညောင်အုပ်မြို့စားဝန်ကြီးဖြစ်တော့ . . .

အားလုံး ရပ်လိုက်ကြတယ်။

စကားမိဖုရားရဲ့ အဆောင်ခန်းထဲမှာ ကွဲကြေလွင့်စင်နေတဲ့ ပစ္စည်းတွေကို ညောင်အုပ်မြို့စား အဂ္ဂမဟာ သေနာပတိဝန်ကြီးနဲ့ အနောက်ဝန်တို့ အံ့ဖွယ်တွေ့ရသလို . . .

သေရည်နံ့မွှန်ပြီး ဒေါသတွေ ထွက်ပေါက်ကွဲနေတဲ့ မြို့ဝန်ချုပ်ကြီး ဦးဘိုင်ဆပ်နဲ့ မျက်နှာ သွေးသံရဲရဲ စွဲရွဲနေတဲ့ မြို့စာရေး မောင်ပိန်တို့ အပါအဝင် နောက်လိုက်လူကြမ်းတွေကို မြင်တွေ့ရော ပိုပြီး အံ့ဩသွားတယ်။

"သေနာပတိကြီး"

"မင်း မပြောနဲ့ ဘိုင်ဆပ်။ မင်းလူတွေ ပါတဲ့လက်နက်ချ။ မချရင် သုတ်ပုန်ပဲ"

"ဝန် . . . ဝန်ကြီး ကျုပ် ရွှေဖလားသူခိုးမကို . . ."

"တိတ်"

အဂ္ဂမဟာသေနာပတိ ညောင်အုပ်မြို့စားဝန်ကြီးရဲ့ အော်ငေါက်တဲ့ အသံအဆုံးမှာ မြို့ဝန်ဘိုင်ဆပ်တို့ လုံးဝ အသံတိတ်သွားခဲ့တယ်။

အခန်းထဲမှာ စကားမိဖုရားရဲ့ အံ့ကြိတ်တောက်ခတ်သံကိုရော၊ အပျိုတော်မောင်းမငယ်တို့ရဲ့ အဝတ်အစား ဖရိုဖရဲ စုတ်စုတ်ပြဲပြဲဖြစ်ပြီး ကြောက်လန့်ငိုယိုနေတာ မြင်ရော ညောင်အုပ်မြို့စားဝန်ကြီး မျက်နှာ ရဲခနဲ ဖြစ်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



"မိဖုရား ..."

"ဘိုးဘိုး ..."

"မြောက်စမုတ်မှာ အရှင်မင်းတရားကြီး ရုပ်စုံပွဲခံ ပျော်ရွှင်နေချိန်မှာ မိဖုရားရဲ့အဆောင်မှာ ဘာတွေဖြစ်သတုံး အမိန့်ရှိပါဦး ... မိဖုရား"

ဒါနဲ့ စကားမိဖုရား သူမရဲ့ အမှုလုပ် အပျိုတော်မိညို ရွှေဖလား မနိုးရပါဘဲ သူနိုးစွပ်စွဲပြီး ခြိမ်းခြောက်ခံရပုံ၊ မိညိုရဲ့အဖေ နားခံတော်ရွှေရကို တရားမဲ့ဖမ်းဆီးထားပုံကနေ မင်းတရားကြီး ရုပ်စုံပွဲသဘင် ရှုစားနေတုန်း အလစ်အငိုက်ဝင်လာပြီး ပိုင်နက်ကျူးကျော် စော်ကားတဲ့အကြောင်းတွေ ဒေါနဲ့မောနဲ့ ရှင်းရော ...

"ဟဲ့ ... မြို့ဝန်ဘိုင်ဆင်"

"..........."

"မိဖုရား မောင်းမတွေသာ နေထိုင်ခွင့်ရှိတဲ့ အနောက်ဆောင်ကို ဘယ်ယောက်ျားသားမှ မဝင်မရောက်ရ။ ဝင်လာလိုသည့် အကြောင်းကြီးငယ်ရှိသော် အနောက်ဝန်မင်းရဲ့ ခွင့်ပြုချက်ရမှ ဝင်ရတယ်ဆိုတာ မောင်မင်းတို့ မသိဘူးလား"

ဘိုင်ဆင် ချွေးရွှဲနေတဲ့ မျက်နှာကြီးနဲ့ အဂ္ဂမဟာ သေနာပတိကို ငေးကြည့်နေတယ်။

"ဘိုင်ဆင် ..."

"ဖ ... ဖရာ ..."

"မင်း စကားမိဖုရားရှိတဲ့ အနောက်ဆောင်ကိုလာတာ အနောက်ဝန်ရဲ့ ခွင့်ပြုချက်ပါသလား ... ပြောစမ်း"

"မ ... မပါပါဘူး ... ဝန်မင်း ... ဖရာ"

"အနောက်ဝန် ..."

"ဒီကောင်တွေ ကျူးကျော်ဝင်ရောက်လာတာကို အနောက်ဝန် မသိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါ ... ဝန်မင်းကြီး။ အနောက်ဆောင်များကို လှည့်လည် စစ်ဆေးနေတုန်း အလစ်မှာ ကျန်ရှိတဲ့ အစောင့်မိန်းမစိုးတွေကို ရိုက်ပုတ် ကန်ကျောက်ပြီး ဝင်တာပါ ... ဝန်မင်းကြီးဘုရား။ ဆူဆူညံညံ အော်ဟစ် သံများကြားမှ သေနာပတိမင်းကြီးတို့ကို လာရောက်အကြောင်းကြားရတာပါ ဘုရား"

"တောက် ... မင်းလိုကောင်က ရာရာစစ ကျူးကျော်ရတယ် လို့"

ဒီမှာ စကားမိဖုရားက ဝင်ပြောတယ်။

"ဘိုးဘိုး ..."

"အမိန့်ရှိပါ ... မိဖုရား"

"ကျွန်မက အရှင်မင်းတရားကြီးရဲ့ မိဖုရားတစ်ပါးပါ ဘိုးဘိုး။ ဘာမှ မဟုတ်တဲ့ မျိုးမစစ်ကောင်တွေက ကျူးကျော်စော်ကားတာကို ကျွန်မ လုံးဝ သည်းမခံနိုင်ဘူး ... ဘိုးဘိုး"

"မှန်ပါ ... မိဖုရား"

"ခုချက်ချင်း အရှင်မင်းကြီးကို တိုင်လျှောက်တော်မူမယ်"

"အားမလေး ... အားမလေး ... မိ .. မိဖရား ... ကျွန်တော်မျိုး ဆန္ဒစောပြီး ... မှား ... မှားသွားပါတယ် မိဖုရား။ ကျွန်တော်မျိုး ... ရှိ ... ရှိခိုး ... တောင်းပန် ..."

"တိတ် ..."

စကားမိဖုရားက ဘုရင့်မိဖုရားမှန်း သိပါလျက်နဲ့ အတင့်ရဲစွာ ဝင် ရောက်ကျူးကျော် စော်ကားလို့ ညတွင်းချင်း ပုဂံမင်းတရားကြီးကို လျှောက် တင်တိုင်မယ်လို့ ပြောရော ...

မြို့ဝန်ဘိုင်ဆပ် သူ့ဘက်က ဥပဒေဘောင်ကျော် အလွန်မှားသွား မှန်းသိပြီး ကြောက်လွန်းလို့ စကားမိဖုရားကို လက်အုပ်ချီ တောင်းပန် တော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ဆရာ အကြီးအကဲ မြို့ဝန်ဘိုင်ဆပ်ကိုယ်တိုင် စကားမိဖုရားကို လက်အုပ်ချီ ဒူးထောက်တောင်းပန်တာ မြင်တော့ . . .

မြို့စာရေးမောင်ပိန် အပါအဝင် နောက်လိုက်သားတွေအားလုံး ကြောက်ရွံ့တုန်ရီစွာနဲ့ လက်အုပ်ချီ အသနားခံကြပါရော။

"တစ် . . . ကြိမ်တစ်ခါ . . . မှား . . . မှားတာမို့ . . . သနားတော်မူ ခွင့် . . . ခွင့်လွှတ် . . ."

"တိတ်စမ်း . . . လူယုတ်မာ . . . မျိုးမစစ်"

ဒီမှာ သေနာပတိဝန်မင်း ဘိုးဘိုးက . . .

"အရှင်မိဖုရား . . ."

"ပြောပါ . . . ဘိုးဘိုး ကျွန်မ နားထောင်ပါ့မယ်"

"ဒီနေ့ညကတော့ အရှင်မင်းတရားကြီး မိဖုရားခေါင်ကြီးနဲ့အတူ ရုပ်စုံတော်ကို ရှုစားနေတာမို့ စိတ်အနှောင့်အယှက် မဖြစ်စေချင်ပါဘူး မိဖုရား။ နံနက်မိုးသောက် လွှတ်တက်ချိန်ရောက်မှ မိဖုရားကိုယ်တော်တိုင် အရှင်မင်းတရားကြီးကို တင်လျှောက်တိုင်တန်းတော်မူပါ မိဖုရား။ ဘိုးဘိုး တို့အားလုံးလည်း မျက်မြင်ကိုယ်တွေ့မို့ မိဖုရားဘက်က သက်သေခံပေးပါ့ မယ်။ ဒီညတော့ သည်းခံတော်မူပါ . . . မိဖုရား"

"ဘိုးဘိုး . . ဒါဆို ပိုင်နက်ကျူးကျော်စော်ကားလာတဲ့ ဒီလူယုတ်မာ ဘိုင်ဆပ်နဲ့အဖွဲ့ကို ဘယ်လိုလုပ်မတုံး"

"မှန်ပါ . . . ဘယ်ယောကျ်ားသားမှ ဝင်ခွင့်မရှိတဲ့ အနောက်ဆောင် ကို နိုင်လိုမင်းထက် ခွင့်ပြုမဲ့ကျူးကျော်သူတွေမို့ ယခုချက်ချင်း ဖမ်းဆီးလိုက် ပါပြီ မိဖုရား။ ဟဲ့ . . . အမှုထမ်းတွေ မြို့ဝန်ဘိုင်ဆပ်နဲ့ ငပိန်တို့အားလုံးကို နှောင်ကြိုးတည်းပြီး ခေါ်ခဲ့ကြ"

မင်းမှုထမ်းစစ်သားတွေက အဂ္ဂမဟာသေနာပတိဝန်ကြီးရဲ့ အမိန့် အဆုံးမှာ မြို့ဝန်ကြီးဘိုင်ဆပ်၊ မြို့စာရေး မောင်ပိန်နဲ့ နောက်လိုက်အခြွေအရံသား တွေကို နှောင်ကြိုးလက်ပြန်တုပ်ပြီး ထုရိုက်ကန်ကျောက်ကြပါရော။



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင် မြို့ဝန်ချုပ်ကြီးဖြစ်ကတည်းက အမရပူရရွှေမြို့တော်မှာ အာဏာအားကိုးနဲ့ မိုက်ရိုင်းစော်ကား၊ အနိုင်ကျင့် နှိပ်စက်မှုကို ခါးစည်းခံခဲ့ရသူတွေလေ။

ဘိုင်ဆပ် နိုင်လိုမင်းထက် နှိပ်စက်ရာမှာ ကိုယ်ကျိုးရှာရာမှာ သူတို့ဆွေမျိုးသားချင်း၊ အသိတွေ အများကြီး ဒုက္ခခံစားခဲ့ရတယ်လေဗျာ။

ခု ဒီကောင် ဘုရင့်မိဖုရားရဲ့ အနောက်ဆောင်ကို ကျူးကျော်စော်ကားလာတာ။ သင်း အမှုကလွတ်ဖို့လမ်း လုံးဝမရှိဘူး။

"မင်းလားကွ ... မြို့ဝန်ဘိုင်ဆပ် ... ကဲဟာ ..."

"ဖောင်း ..."

"အရှီး... ရှီး ... သေပါပြီဗျာ"

"မင်းက တောရောမြို့ပါ ဒုက္ခပေးတဲ့ မြို့ဝန်ကြီးဆိုတော့ ... သေလဟ"

"ဖြန်း ... ဖြန်း ... ဖောင်း ..."

"အမ်မယ်ရေးဗျာ ... ဟီး ..."

"ဟိုကောင်ငပိန် ... ဘာတဲ့ မြို့စာရေးကြီးငပိန် ... ဟုတ်လား။ မင်းကိုယ်တိုင် ဒီအမှုကို စာရေးမှတ်တမ်းတင်တော့ ... စာရေးကြီး ... ကိုင်းဟာ ... ကိုင်းဟာ ..."

"ဖြန်း ... ဖြန်း ..."

"ဟာ ..."

"သေလဟာ ..."

"ဖောင်း ... ဖုန်း ..."'

"အင့် ..."

အဲဒီ ရုပ်စုံပွဲသဘင်ခံတဲ့ညက အနောက်ပိုင်းကို ကျူးကျော်ပြီး ဘုရင်မိဖုရားငယ်ကို ထိပါးတဲ့ အမရပူရ မြို့ဝန်ချုပ်ကြီးဘိုင်ဆပ်နဲ့ လူချင်းသာသူ့ဒွေးကြီး မြို့စာရေးမောင်ပိန်တို့ကို ရိုက်ပုတ်တွန်းထိုး ခေါ်သွားသည်ဟာ စည်သံမြောသံ စည်စည်ကို လျှံလို့တဲ့ဗျ။



www.burmeseclassic.com

www.burmeseclassic.com



မုန်းကြွေး အမြင်ကပ် ကြွေးဆပ်သံနဲ့တူရဲ့ခင်ဗျ။

အချို့ပြောပုံအရဆိုရင် ပုဂံမင်းတရားကြီး ရှုစားနေတဲ့ ရုပ်စုံတော် ဆိုင်းက ဆိုင်းတီးသံနဲ့ ဘိုင်ဆပ်တို့ကို ရှေးဦးပဏာမကျွေးတဲ့ တီးလုံးတွေ ဟာ အပြိုင်ဆိုကြပ့်၊ ... သံတော်ဆင့်မင်းရယ်။

✿ ✿ ✿

[၂၁]

❑

မင်းတရားကြီး ညတုန်းက ရုပ်စုံပွဲတော်ခံ ရှုစားတော်မူလို့ အိပ် ရေးပျက်ပါသော်လည်း ...

မင်း ရှင်ဘုရင်တို့ ထုံးတမ်းစဉ်လာအရ စောစီးစွာပဲ အိပ်ယာနိုး တော်မူတယ်။

ဒီမျက်နှာသစ်တော်ရေကို မိဖုရားခေါင်ကြီး ရှိသေစွာ ဆက်သ တော်မူတာကို ခံယူတော်မူတယ်။

အနီးဝန်းကျင်ကို ရှုစားတော်မူတော့ ခါတိုင်း ဘုရင်မျက်နှာသစ် တော်ရေ ကျချိန်မှာ ငယ်ကျွန်ရင်း အိမ်တော်ပါ မြို့ဝန်ဘိုင်ဆပ်က အနီးမှာ ခစားနေကျ။

ဒီနေ့ အိမ်တော်ပါ ငယ်ကျွန်ရင်း မခ,စားပါလား။

"မိဖုရားခေါင်ကြီး ..."



www.burmeseclassic.com

www.burmeseclassic.com



"အမိန့်တော်ရှိပါ ... အရှင်မင်းကြီးဘုရား"

"ဘိုင်ဆပ် မတွေ့ပါလား ... မိဖုရားကြီး"

"မှန်လှပါ ... အခစားနောက်ကျနေ့တူပါရဲ့ ... အရှင်မင်းကြီးဘုရား"

"ဟုတ်မှာပေါ့ ... ညတုန်းက ရုပ်စုံပွဲမှာ အချိန်ကုန်သွားသနဲ့ တူပါရဲ့လေ"

မျက်နှာသစ်တော်ရေကျပြီးနောက် မိဖုရားခေါင်ကြီးက ဆံတော်ရှင်း ဆီလိမ်းပေးတော်မူပြီး နံနက်ညီလာခံတက်ဝတ်စုံကို ဆင်မြန်းပေးတော်မူတယ်။

ပုဂံမင်းတရားကြီး အချိန်ရခိုက် စဉ်းစားတော်မူသတဲ့။

ကွယ်လွန်သူ စစ်တောင်းစား ဘိုးဘိုးက အရှင့်သား တိုင်းပြည်ဖြစ်ပျက်နေတာတွေ သိချင်ပါရင် မြောက်စမှတ်တော်မှာ ရုပ်စုံပွဲခံရင် အကြောင်းစုံသိရပါမယ် အရှင့်သားလို့ပြောပြီး အိပ်မက်ပေးခဲ့တယ်။

စစ်တောင်းစားဘိုးဘိုး ဝန်ကြီးက သီလ၊ သမာဓိတရား ပြည့်စုံတဲ့ ဝန်ကြီးဟောင်းကြီး။ သူ ကွယ်လွန်တာ နှစ်အတန်ကြာပြီ။

ရွှေနန်းတော်သားတွေက စစ်တောင်းစား ဘိုးဘိုးကို ရက္ခစိုးနတ်ကြီး ဖြစ်နေတယ်လို့ ယုံကြည်ကြတယ်လေ။

အိပ်မက်က ထူးဆန်းစွာ ဖြစ်နေလို့ ...

မြောက်စမှတ်မှာ ရုပ်စုံပွဲခံတော်မူတယ်။

သို့သော် ညတုန်းက ဘာမှ မထူးခြားပါဘူး။

ရုပ်စုံမှာလည်း တိုင်းရေးပြည်ရေး သာယာဝပြောပုံနဲ့ သူတို့ပဲ အမွှမ်းတင် ရွတ်ဆိုကြတာပဲ တွေ့မြင်ကြရတာပဲ။

စစ်တောင်းစားဘိုးဘိုးဝန်ကြီး အိပ်မက်ပေးပြောတာတွေ မဟုတ်သေးပါလား။ မထူးခြားပါလား။

ငါများ သွေးလေခြောက်ခြားလို့ မြင်မက်တဲ့ အိပ်မက်ဖြစ်သနဲ့ တူရဲ့။



www.burmeseclassic.com

www.burmeseclassic.com



သို့ကလိုတွေးပြီး နံနက်ညီလာခံကို ကြွရောက်တော်မူတယ်။

နံနက်ညီလာခံမှာ ဝန်ကြီးတွေ၊ မှူးကြီးမတ်ကြီးတွေ၊ လွှတ်တက် မင်းသားကြီးတွေ စုံစုံညီညီ ရောက်နေကြတယ်။

ဒီနေ့ နံနက်ညီလာခံသည့် တိတ်ဆိတ်တော်မူတာကို ပုဂံမင်း သတိပြုမိပါသော်လည်း ...

အချို့ဝန်ကြီးတွေ ခေါင်းချင်းဆိုင် တိုးတိုးပြောနေတာလည်း မြင် တော်မူတယ်။

သည့်နောက် နံနက်ညီလာခံမှာ ငယ်ကျွန်ရင်း မြို့ဝန်ဘိုင်ဆပ်ကို မတွေ့တာလည်း ထူးခြားနေသလိုဖြစ်သတဲ့။

ဒီလိုနဲ့ နံနက်ညီလာခံမှာ မင်းရေးကိစ္စနှင့် လွှတ်တော်ရုံးတော်များ မှာ ဆောင်ရွက်ရမည့် ကိစ္စတွေ အကျဉ်းချုံး တင်ပြကြတာပေါ့။

ကိစ္စဝိစ္စ တင်လျှောက်စရာများလည်း ပြီးပြီ။

ပုဂံမင်းက ညီလာခံလာ ဝန်ကြီးတွေကို မေးတော်မူတယ်။

"မင်းကြီးတို့ ... မနေ့ညတုန်းက ရုပ်စုံပွဲကို မင်းကြီးတို့ ရှုစားကြ ရဲ့လားကွယ်ရို့"

"မှန်လှပါ ... ရှုစားတော်မူကြောင်းပါ ဘုရား"

"ရုပ်စုံပွဲကြီးခံတုန်းအခိုက် ပဇာတွေများ ထူးထူးခြားခြား တွေ့မြင် ဖြစ်ခဲ့ကြတုန်း မင်းကြီးတို့"

အချို့သော မှူးကြီးမတ်ကြီးများက ရုပ်စုံပွဲကောင်းကြောင်း မိဖုရားများ နန်းတွင်းသူ နန်းတွင်းသားများ လွန်စွာ ပျော်ရွှင်ကျေနပ်ကြ ကြောင်း တင်လျှောက်ကြတယ်။

ဒီမှာ ညောင်အုပ်မြို့စားဝန်ကြီးကို အနီးရှိ ဝန်ကြီးတစ်ပါးက ပြော လေ လျှောက်လေနဲ့ တိုက်တွန်းနေတယ်။

"အခြား ဘာများလျှောက်စရာ ရှိပါသတုံး ... မင်းကြီးရဲ့"

"မှန်လှပါ ... ဘုရား၊ ကျွန်တော်မျိုး လျှောက်တင်ရန် ရှိပါသည် ဘုရား"

"အဂ္ဂမဟာ သေနာပတိဝန်ကြီးပါလား .. လျှောက်တင်စေဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"အရှင်မင်းကြီးဘုရား ... အရှင်မင်းကြီး၏ မိဖုရားတစ်ပါးဖြစ်တော်မူသည့် စကားမိဖုရား အရှင်မင်းကြီးထံ ယနေ့ပင် ဝင်ရောက်ခစား၍ လျှောက်တင်ဖွယ်ရာများ ရှိပါသဖြင့် အခွင့်ပြုတော်မူပါ ... အရှင်မင်းကြီး ဘုရား"

"စကားမိဖုရား ... ဟုတ်လား"

"မှန်ပါ ... ဘုရား"

"ဝင်ရောက်ခစားစေ"

ချက်ချင်းပါပဲ စကားမိဖုရားက လက်စွဲ အပျိုတော်ကြီးတစ်ဦးနဲ့ ပုဂံမင်းရှေ့မှောက် ဝင်ရောက်ခစားတော်မူတယ်။

"မိဖုရား ..."

"မှန်လှပါ ... အရှင်မင်းကြီးဘုရား"

"ကျန်းခန့်သာပါရဲ့လား ... နှမတော်။ ဘာအကြောင်းများရှိလို့ ခစားဝင်ပါသည်လဲ မိဖုရား"

"မှန်လှပါ ... စိတ်ထိခိုက်ဖွယ်ကိစ္စ မနေ့ညတုန်းက ပေါ်ပေါက်ပါ၍ လာရောက်ခစား တင်လျှောက်ရခြင်းပါ ... မင်းကြီးဘုရား"

"အလို ... မနေ့ညတုန်းက ... ဟုတ်လား"

"မှန်ပါ ... အရှင်မင်းကြီး"

"မနေ့ညတုန်းက ငါကိုယ်တော်ရော၊ မိဖုရားခေါင်ကြီးတို့ရော ရုပ်စုံပွဲခံ ရှုစားနေတယ်လေ။ အဲဒီညက ဘာတွေ ထူးထူးခြားခြားဖြစ်လို့ စိတ်တော် ထိခိုက်ရပါသလဲ မိဖုရား"

"မှန်လှပါ ... အရှင်မင်းကြီး၊ အရှင်မင်းကြီး သူကောင်းပြုထားတဲ့ ငယ်ကျွန်ရင်း မြို့ဝန်ဘိုင်ဆပ်နဲ့ မြို့စာရေးငပိန်တို့သည် ဘုရားကျွန်တော်မျိုးမရဲ့ အမှုလုပ် အပျိုတော်မိညိုကို သူဌေးတစ်ဦးအိမ်က ရွှေဖလားခိုးပါသည်ဟု မဟုတ်မမှန် စွပ်စွဲခဲ့ပြီး မိညိုကို သူ့လက်အပ်ဖို့ တောင်းဆိုခဲ့ပါတယ် ဘုရား။ မိညိုအဖေ နားခံတော်ရွှေရကိုလည်း မြို့ဝန်ဘိုင်ဆပ်က ဖမ်းဆီးချုပ်နှောင်ထားပါတယ် ဘုရား။ ဘုရားကျွန်တော်မျိုးမရဲ့ အမှုလုပ် မိညိုကို စစ်ဆေးမေးမြန်းတော့ သူ မခိုးယူပါကြောင်း၊ ဒီအမှုသည် မြို့ဝန်ဘိုင်ဆပ်



www.burmeseclassic.com

www.burmeseclassic.com



ကြံစည်ဖန်တီးနေကျ အမှုဆင်တာဖြစ်လို့ မိညိုအား မပေးအပ်ခဲ့ပါဘူး ဘုရား။ မနေ့ညှ ရုပ်စုံပွဲခံနေစဉ် အနောက်ဆောင်တော်ပိုင်းကို မြို့ဝန်ဘိုင်ဆပ်နဲ့ မြို့စာရေးငပိန်နှင့် လက်နက်ကိုင်တို့ ဘုရားကျွန်တော်မျိုးမရဲ့ မိဖုရားအဆောင်တော်ကို အဝမ္ပဝင်ရောက်ပြီး မိညိုကို အဝမ္ပ ဝင်ရောက်ဖမ်းပါတယ် ဘုရား။ ဒီမှာ ဘုရားကျွန်တော်မျိုးက တားဆီးတော့ ဘုရားကျွန်တော်မျိုးမကို ကြိမ်းဝါးပြောဆို အဝမ္ပမှုများ ပြုပါတယ် ဘုရား။ ဘုရားကျွန်တော်မျိုးမတို့ ရှန်းရင်းဆန်ခတ်ဖြစ်ပြီး အော်သံများကြောင့် ဟောဒီ အဂ္ဂမဟာသေနာပတိဘိုးဘိုးဝန်ကြီးနဲ့ အနောက်ဝန်တို့ ရောက်ရှိတားဆီးလို့ ဘုရားကျွန်တော်မျိုးမတို့ သက်သာရ၊ အကြောက်ပြေရပါတယ် ဘုရား။ ဒါကြောင့် အနောက်ဝန်ရဲ့ ခွင့်ပြုမိန့်မရဘဲ အရှင့်မိဖုရား ဘုရားကျွန်မအပါအဝင် အမျိုးတော် အမှုလုပ်များကိုစော်ကား ကိုယ်ထိလက်ရောက် စော်ကားကျူးကျော်တဲ့ မြို့ဝန်ဘိုင်ဆပ်တို့ကို အရေးယူပေးပါရန် အသနားခံ တင်လျှောက်ရပါတယ် ... ဘုရား"

စကားမိဖုရားရဲ့ တင်လျှောက်သံအဆုံးမှာ နံနက်ညီလာခံတက်လာသူအားလုံး ထိတ်လန့်အံ့သြ ဖြစ်ကုန်ကြပါရော။

ပုဂံမင်းတရားကြီး သူ့ကျွန်ယုံတော် ဘိုင်ဆပ်က သူ့မိဖုရားကို စော်ကားထိပါးတာသိရော မျက်နှာတော်နီရဲပြီး အသံတွေပါ တုန်နေတယ်။

"အဂ္ဂမဟာသေနာပတိဝန်မင်းကြီး ..."

"ဘုရား ..."

"စကားမိဖုရားလျှောက်တင်တာ ... ဟုတ်မှန်ပါရဲ့လား"

"မှန်ပါ ... ကျွန်တော်မျိုးတို့ကို အနောက်ဝန်က လာရောက်တိုးတိုးတိတ်တိတ် အကူအညီတောင်းပန်၍ သွားရောက်ခဲ့ရာမှာ မြို့ဝန်ဘိုင်ဆပ်တို့လူစုက မိဖုရားတို့ကို တွန်းဖယ်ဆွဲရမ်း ကြိမ်းဝါးဆဲဆိုနေတာမြင်၍ တားဆီးပြီး ခေတ္တချုပ်နှောင် ထိန်းသိမ်းထားရကြောင်းပါ ဘုရား"

"သယ် ... ငါကိုယ်တော်ရဲ့ မိဖုရားကို ဒီကျွန်ယုတ်က ငါသူကောင်းပြုတာကိုမှ မထောက်ဘဲ ကျူးခွင့်မရှိတဲ့ အနောက်ဆောင်ကို ကျူး



www.burmeseclassic.com

www.burmeseclassic.com



ပြီး စော်ကားမှုတော့ ဒါ ငါကိုယ်တော်ရဲ့ ကျေးဇူးတော်ကို စော်ကားရိုင်းပြတာပဲ''

''မှန်ပါ ... ဘုရား''

''ကျေးဇူးသစ္စာကို စော်ကားတဲ့ ကျွန်ယုတ်ဘိုင်ဆပ်နဲ့ မြို့စာရေး ငပိန်တို့ကို သင့်တော်သလို အရေးယူဖို့ လွှတ်တော်ကို ငါ အရှင်ကိုယ်တော်တိုင် တိုင်တန်းအပ်တော်မူတယ်။ လွှတ်တော်က စုံစမ်းစစ်ဆေးပြီး စီရင်စေ''

✿ ✿ ✿

[၂၂]

❑

ပုဂံမင်းတရားကြီးကိုယ်တော်တိုင် မြို့ဝန်ဘိုင်ဆပ်ရဲ့ အရေးကို လွှတ်တော်အပ်တော်မူ စစ်ဆေးစေတယ်ဆိုတဲ့ သတင်းဟာ အမရပူရတစ်မြို့လုံးကို ချက်ချင်း ပြန့်နှံ့သွားခဲ့တယ်။

ကြားကြားသမျှ မင်းမှုထမ်းများ၊ အရာရှိများ၊ မိဖုရားများနဲ့ သူဌေးသူကြွယ် မြို့သူမြို့သားတို့ဟာ ဝမ်းသာလို့မဆုံး ဖြစ်ကြပါရော။

မြို့ဝန်ဘိုင်ဆပ်တို့ အနောက်ဆောင်ကို ခွင့်ပြုမိန့်မရဘဲ ကျူးကျော်မှု ဘုရင့်မိဖုရားကို ကိုယ်ထိလက်ရောက် ကျူးကျော်စော်ကားမှုများကို လွှတ်တော်ဝန်ကြီးများက အစုံအညီ စစ်ဆေးစီရင်တော်မူတယ်။

လွှတ်တော်မှာတော့ သီလ၊ သမာဓိရှိတဲ့ လွှတ်တက်မင်းသားကြီးများ ရှိတယ်ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



သီရိမဟာ သီဟသူရဲဘွဲ့ခံ မင်းတုန်းမင်းသားကြီး သီရိမဟာ ဓမ္မရာဇာဘွဲ့ခံ ကနောင်မင်းသားကြီးတို့ ရှိတယ်။ ပြီး . . . အဂ္ဂမဟာသေနာပတိ ညောင်အုပ်မြို့စားဝန်ကြီးတို့လည်း ရှိတယ်လေ။

ထန်းတစ်ပင် မြို့စား သူရဲဝန်လည်း လွှတ်တော်ဝန်ကြီးပဲ။

အခု ရာဇဝတ်သား မြို့ဝန်ဘိုင်ဆပ်နဲ့ မြို့စာရေး မောင်ပိန်တို့အမှုကို လွှတ်တော်က စစ်ဆေးပြီလို့ ကြားကြရော။

ရွှေအိုးဖော်ယူခံရတဲ့ သူဌေးတွေ။

မြေခွေးရှာမယ်ဆိုပြီး အိမ်ခြံလာဖျက်ဆီးလို့ လာဘ်ထိုးရတဲ့ အိမ်ရှင်တွေ။

သူခိုးဓားပြ မသက်သေဆိုပြီး ဖမ်းဆီးငွေညှစ်ခံရတဲ့ လူတွေ။ သူတို့ သူတို့ကြည့်မရတဲ့ မင်းမှုထမ်းတွေ၊ လူကောင်းတွေကို သောက်မြင်ကပ်ပုဒ်မနဲ့ စွပ်စွဲအမှုဆင် ထောင်ချခံခဲ့ရသူတွေ၊ မတော်မတရား အဓမ္မနဲ့ သိမ်းပိုက်ဖျက်ဆီးခံရတဲ့ သမီးရှင်မိဘတွေ၊ မတရားအသတ်ခံလိုက်ရတဲ့ သားရှင်တွေ။

**"အာဏာရှူး ရှူးချင်တဲ့ကောင်ကို အာဏာနဲ့ ဓားထည့်ပေးလိုက်ရင် တိုင်းပြည်နာရောဗျ။ အရှူးတွေ အာဏာရလို့ ရာထူးကြီးသွားရင် တိုင်းသူပြည်သားက မျက်ရည်နဲ့ မျက်ခွက်ပဲ။ အရူးတွေက မျက်နှာရွှေချ၊ နားရွက်စိနိစီ၊ ပတ္တမြားခင်းတဲ့ လမ်းပေါ် ရင်ကော့လျှောက်ပြီး ဘဝမေ့ရော။ ထင်ရာစိုင်းရော"**

ငွေညှစ်ခံရတဲ့ မင်းမှုထမ်းတွေ၊ မိဖုရားတွေ။

အဓမ္မအသိမ်းခံလိုက်ရတဲ့ လယ်ရှင်ယာရှင်တွေ၊ ရာထူးဖြုတ်ချခံရအောင် ကြံစည်မှုမှာ ခံလိုက်ရတဲ့သူတွေ။

တောင်သမန်အင်းဖြတ် လူကူးတံတားထိုးမယ်ဆိုပြီး အင်းဝရွှေနန်းတော်ဟောင်းကိုဖျက်၊ အင်းဝရွှေနန်းက အဖိုးတန်တိုင်လုံးကြီးတွေကို ကိုယ်ကျိုးအတွက် ရောင်းစားတဲ့ကိစ္စတွေ၊ ဘုရင့်သစ်တောသစ်တွေ ခိုးခုတ် ရောင်းစားတဲ့ အကြောင်းတွေကို . . .



www.burmeseclassic.com

www.burmeseclassic.com



သက်သေသက္ကာရ အထောက်အထားတွေနဲ့ လွှတ်တော်မှာ လာတိုင်ကြရော ....

ဘိုင်ဆပ်တို့အမှုတွေက အများကြီးဖြစ်နေပြီ။

ဘိုင်ဆပ်တို့ မြို့ဝန်ချုပ်ကြီးဘဝနဲ့ ကောင်းစား ဘုန်းကြီးနေတုန်းက သူတို့နှိပ်စက် အနိုင်ကျင့်သမျှ ခေါင်းငုံ့ခံခဲ့ရသူတွေဟာ ...

ဘိုင်ဆပ်တို့ကို ရာဇဝတ်မှုနဲ့ အရေးယူလိုက်ပြီ ကြားရရော သည်းခံခဲ့ရသမျှတွေ ပွင့်အန်ပြီး တိုင်ကြပါရောဗျာ။

အရေးအကြီးဆုံး အမှုက ...

မိဖုရားတွေနေတဲ့ အနောက်ဆောင်ကို ကျူးကျော်မှုပဲ။ ဘယ်ယောက်ျားမှ ဝင်ခွင့်မရှိတဲ့နေရာ။ အနောက်ဝန်ရဲ့ ခွင့်ပြုချက်မရဘဲ ဝင်ရောက်ကျူးကျော်ရင် ခြေကျူးခြေဖြတ်၊ လက်ကျူးလက်ဖြတ်ရတယ်။

ခု ... ဝင်ရုံမကဘူး ဘုရင့်မိဖုရားအဆောင်ထဲ ကျူးကျော်ဝင်ရောက်စော်ကားတဲ့အမှုက အပြစ်အကြီးဆုံးအမှုပဲ။

နောက်ဆုံး လွှတ်ရုံးတော်က မြို့ဝန်ဘိုင်ဆပ်နဲ့ မြို့စာရေးမောင်ပိန်တို့ကို မလျှော်မကန်မှု၊ အနိုင်ကျင့်မှု၊ လာဘ်စားမှု၊ မိဖုရားအဆောင် ကျူးကျော်မှုပေါင်းများစွာသော အပြစ်တွေကြောင့် သွားမြဲလမ်းကို သွားရတော့မယ်။

သွားမြဲလမ်းဆိုတာ သေဒဏ်ကိုပြောတာ။

ကားစင်တင်၊ ရင်ခွဲ၊ အသည်းတွေအူတွေ နေလှမ်းတဲ့ ပြစ်ဒဏ်ကို သွားမြဲလမ်းလို့ခေါ်တယ်။

မြို့ဝန်ဘိုင်ဆပ်နဲ့ မြို့စာရေးမောင်ပိန်အပါအဝင် သူတို့တပည့် နောက်လိုက်တို့ကို သွားမြဲလမ်း ...

သင်းတို့ရဲ့ အလိုတူအလိုပါ သားမယားတွေကိုလည်း အပြစ်ဒဏ်ခတ်။

ဘိုင်ဆပ်ပိုင်သမျှ အိမ်၊ ခြံ၊ ပစ္စည်း၊ မြို့စာရေးပေိန်ပိုင်သမျှ အိမ် ခြံမြေ၊ ရွှေ၊ ငွေ၊ လျော်၊ လှည်း၊ သူတို့မယားတွေရဲ့ ဥစ္စာပစ္စည်းတွေပါ



www.burmeseclassic.com

www.burmeseclassic.com



မင်းဘဏ္ဍာအဖြစ် အသုံးပြုသိမ်းပိုက်လိုက်တယ်။

မင်းတရားကြီး လွန်စွာ နှောင်တရတော်မူသတဲ့။

မင်းတရားကြီးကတော့ တိရစ္ဆာန်မျိုး ဇေဒဘာရီကုလားစပ် ငယ်ကျွန်ကို နှစ်သက်သဘောကျ သနားတော်မူလို့ မြို့ဝန်ချုပ်အဖြစ် သူကောင်းပြုခဲ့တာ။

သူ့အပေါ်တော့ သစ္စာစောင့်သိမှာပဲ။

အားကိုးလို့ ရမှာပဲ။ ဒီလို ယုံမှတ်တော်မူခဲ့တာ။

ခုတော့ . . . ဟိုစကားပုံလိုပေါ့ သံတော်ဆင့်မင်းရယ်။

သူတောင်းစား ထမင်းဝတော့ ဟိုဒင်းဖြစ်ဆိုသလို ဖြစ်တာပေါ့။

ပုဂံဘုရင်ရဲ့ သူကောင်းပြု ချီးမြှင့်မြှောက်စား လွန်သွားတာကို မှူးကြီးမတ်ကြီး၊ ဝန်ကြီးနဲ့ မိဖုရားကြီးတွေ၊ မယ်တော်၊ မိဖုရားတွေပါ သိကုန်တော့ . . .

ဘုရင် ရှက်လည်းရှက်၊ နှောင်တလည်း ရတာပေါ့။

ဒီမှာ သံတော်ဆင့်မင်းရဲ့ . . .

ကိုယ့်လူမျိုးအချင်းချင်းတောင် အာဏာရာထူးရလာရင် မြှောက်ကြွမြှောက်ကြွနဲ့ ဘဝမေ့သေးဥစ္စာဗျာ။

ဘိုင်ဆပ်လို ကုလားစပ်ကို မြို့ဝန်ချုပ်ရာထူးပေးတာ၊ ဘုရင်မှားသလား၊ မှန်သလားဗျာ။

မကြောက်ပါနဲ့ စဉ်းစားစမ်းပါ။

ငါ့ဆွေမျိုးဆိုပြီး ရာထူးကြီးကြီးပေးတာ မှန်သလား။

ငါ့တပည့်ဆိုပြီး ရာထူးကြီးကြီးပေး၊ မြှောက်စားတိုင်းရော မှန်သလားဗျာ။

တန်ရာတန်ရာဆိုတဲ့ စကားရှိတယ်ဗျ။

အဲဒါ လူကဲခတ်ပြီးပြောတဲ့စကားပဲ။

အာဏာရှူး ရူးချင်တဲ့ကောင်ကို အာဏာနဲ့ မား ထည့်ပေးလိုက်ရင် တိုင်းပြည်နာရောဗျ။



www.burmeseclassic.com

www.burmeseclassic.com



အရွေးတွေ အာဏာရလို့ ရာထူးကြီးသွားရင် တိုင်းသူပြည်သားက မျက်ရည်နဲ့ မျက်ခွက်ပဲ။

အရွေးတွေက မျက်နှာရွှေချ၊ နားရွက်စိန်စီ၊ ပတ္တမြားခင်းတဲ့လမ်းပေါ် ရင်ကော့လျှောက်ပြီး ဘဝမေ့ရော။ ထင်ရာစိုင်းရော။

ဘိုင်ဆပ်ကို သတ်တဲ့အကြောင်း နိဂုံးချုပ်ပြောတော့မယ်ဗျာ။ ဒီကိစ္စမှာ ကျူပ်ပါနေတာကိုး။

✿ ✿ ✿

## [ ၂၇ ]

❑

အဲဒီနေ့က ကောင်းကင်မှာ မိုးတွေအုံ့မှိုင်းနေတယ်ဗျာ။

အာဏာပါးကွက်သားတွေက ထောင်ထဲကနေ လူယုတ်မာဘိုင်ဆပ်တို့ကို စီရင်ဖို့ ထုတ်လာတာဗျာ။

ဘိုင်ဆပ်ဆိုတဲ့ မျိုးမစစ်ကောင်ရဲ့ မျက်နှာပေါ်မှာ ဆံပင်တွေကဖရိုပရဲ၊ ပါးမြိုင်းမွေး၊ နှုတ်ခမ်းမွေးတွေက ရှည်လျားလို့။

အဝတ်အစားတွေကလည်း စုတ်ပြတ်လို့ဗျာ။

လက်နောက်ပြန် နှောင်ကြိုးတုပ်ထားတယ်။

ခြေနှစ်ဖက်မှာတော့ သံခြေကျင်းခတ်လို့ သူ့တပည့်လူယုံတော်သူဌေးကြီးဘွဲ့မည်ခံ၊ တောင်သမန်တံတားကို ဦးပိန်တံတား ခေါ်ခံရအောင် ထုပ်ခဲ့တဲ့ မြို့စာရေးကြီး ငပိန်လေဗျာ။ ပိန်ချုံးပြီး မျက်ကွင်းဟောက်ပက်ဖြစ်လို့။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဆရာဘိုင်ဆပ်လိုပဲ နှောင်ကြိုးတည်း သံခြေကျင်းနဲ့ ကြံရာပါ နောက်လိုက်တပည့်တွေလည်း စုတ်ပြတ်သတ်အဝတ်အစား၊ သျှောင်ထုံး ဖြေ ဆံပင်ဖားလျား လူရုပ်မပေါ် နှောင်ကြိုးတွေတည်းလို့။

မြို့တော်ရဲ့ လမ်းတစ်လျှောက်မှာ သူတို့ရဲ့ ခြေထောက်က သံခြေကျင်းသံတွေညံ့နေတယ်။

လမ်းမကြီးဝဲယာမှာ ဝမ်းသာအားရ ရပ်ကြည့်နေကြတဲ့ လူပရိသတ်ကြီးဟာ သင်းတို့မြင်ရော ဒေါသတွေပေါက်ကွဲပြီး ...

မျက်နှာကို တံတွေးနဲ့ ဝိုင်းထွေးသူထွေးကြ။

ခဲလုံးတွေ၊ သဲတွေ၊ ဖုန်တွေဆုပ်ပြီး ပစ်ပေါက်ဆဲရေး ကျိန်ဆဲကြ။

"ဟဲ့ကောင်ဘိုင်ဆပ် ... မျိုးမစစ် နှင် ငါ့သမီးကို စော်ကားတဲ့ ကောင်။ တိရစ္ဆာန်ကောင် ... သေဟ"

"ဖောင်း ..."

"'ဟဲ့ကောင် ... ဘိုင်ဆပ် ... အမျိုးယုတ် ... လုပ်ဦးလေကွာ ပြဦးလေကွာ။ မင်းအာဏာတွေ ဘယ်ရောက်သွားတုံး ... ကိုင်းဟာ"

"ဒေါက် ..."

"အား ..."

"ဟော့ကောင် ... ငပိန် လူယုတ်မာကောင် မင်းမယားတွေလည်း မင်းတို့နောက် လိုက်ရတော့မယ်ကွ ... ရော့ဟော့"

"ဖောင်း ..."

"အား ..."

ပါးစပ်က ဆဲရေးကျိန်ဆဲလိုက်၊ သဲ၊ ခဲ၊ ဖုန်တွေနဲ့ ပစ်ပေါက်လိုက်နဲ့ ဘိုင်ဆပ်နဲ့ ငပိန်တို့အားလုံး မျက်နှာတွေဟာ သွေးခြင်းခြင်းရဲနေတယ်။

အစောင့်လိုက်ပါလာတဲ့ ထောင်အအမှုထမ်းတွေကလည်း ဝလုပ်ကြပါနဲ့ မပြောဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဘိုင်ဆပ်နဲ့ ငပိန်တို့ကို မကျေနပ်၊ အမြင်ကပ်နေတာ ကြာပြီလေ ဗျာ။ အဲဒီတုန်းက ကျုပ်က ဖိုးသူတော်ဝတ်စုံ ပိတ်ဖြူဆီးပြီး ပိတ်ဖြူလေး ပခုံးသိုင်းလို့ . . .

ကျုပ်လက်ထဲမှာ အပြားအသွားတစ်ထွာ အရှည်နှစ်တောင်ရှည်တဲ့ ဓားမကြီးပခုံးပေါ်မှာတင်ပြီး ရင်ကော့လို့ သူတို့ဘေးကနေ လိုက်လာတာ။

ကျုပ် ခန္ဓာကိုယ်က ဝဝဖိုင့်ဖိုင့်ကြီးဆိုတော့ အသွားမြနေအောင် သွေးထားတဲ့ ဓားမကြီးထမ်းပြီး ဘိုင်ဆပ်တို့နံဘေးက ကပ်လိုက်တာ မြင် ကြရော။

မြို့သူမြို့သားတွေကလည်း အံ့ဩဩ။

ထောင်အမှုထမ်းနဲ့ အာဏာပါးကွက်သားတွေကလည်း ကြည့်ပြီး ပြုံးကြ၊ သဘောကျကြလို့ဗျို့။

"ဦးသူတော် . . . ဘာလို့ ဓားမကြီးထမ်းပြီး လူယုတ်မာတွေဘေး က လိုက်တာတုံးဗျ"

လမ်းဘေးဝဲယာက လူတွေက ကျုပ်ကိုကြည့်ပြီး အော်ဟစ်မေး ကြတော့ ကျုပ်က လက်ပြပြီး ပြုံးနေလိုက်တယ်။

"ဖိုးသူတော်ကြီးက ဘာလို့ ဓားထမ်းလိုက်တာတုံးဗျ"

တစ်လမ်းလုံး လက်ဆွဲမေးကြ။ တားပြီးမေးကြ။

ကျုပ်က ရှစ်ပါးသီလ စောင့်ထိန်းနေတဲ့ ဖိုးသူတော်လေဗျာ။ တစ် မြို့လုံးသိတဲ့ ဖိုးသူတော်ပါဗျာ။

မေးလွန်းမက မေးတော့ ဖြေလိုက်ပါရော။

"ငါ့သားကိုသတ်တာ ဒီကောင် ဘိုင်ဆပ်ကွ။ အခု ငါ့သားအတွက် ပြန်အကြွေးဆပ်မလို့ ဓားထမ်းလိုက်လာတာဟေ့"

"ဟင် . . ."

"ဗျာ . . ."

"ဦးသူတော်ကြီးမှာ သားရှိတယ်"

"ဦးသူတော် . . . ဘယ်တုန်းက မိန်းမရခဲ့တာတုံးဗျ"



www.burmeseclassic.com

www.burmeseclassic.com



"သားက ဘယ်အရွယ်မှာ ဘာကြောင့် ဘိုင်ဆပ်က သတ်တာ တုံး"

ငါ ပြန်မဖြေဘူး။

"ဘုရားရေ ... ဖိုးသူတော်ကြီး ရန်အောင်ဖေမှာ သားရှိသတဲ့ ဟေ့။ ဒါဆို သူ့မိန်းမက ဘယ်သူတုံးကွ"

"လိုက်မေးလေကွာ ... ချောရဲ့လားလို့ပါမေး"

"ဟာ .. မင်းကလည်း လုပ်တော့မယ်"

"ဦးသူတော် ခင်ဗျားမိန်းမနာမည် ဘယ်လိုခေါ်တုံးဗျာ"

"မအေးညွှန့်တဲ့"

"ဟာ ... မင်းတို့ကလည်းကွာ ... ငါက အကောင်းမေးနေတာ။ မအေးညွှန့်က ငါ့အစ်မကွ"

"ဟား ... ဟား ... ဟား ... ဟုတ်ပဟေ့"

သင်းတို့ကို ပြန်ပြောနေရလို့ ဘိုင်ဆပ်တို့ ခေါ်သွားတာ ဟိုရွှေ ရောက်နေပြီ။ မြို့သူမြို့သားတွေကလည်း သူတို့လက်နဲ့ သတ်ချင်နေကြလို့ ကျုပ်က တားရတယ်ဗျ။

"ဟေ့ ... အာဏာသားတွေ ငါ့ကို စောင့်ပါဦးကွ။ ငါ့သားသတ် တဲ့ကောင်ကို ငါကိုယ်တိုင် ခုတ်မှာနော်ဟေ့"

ကြားရမြင်ရသူအားလုံး အံ့သြကြလို့ဗျာ။

ဖိုးသူတော်လို ရှစ်ပါးသီလခံယူတဲ့ သူတော်ကောင်းကတောင် မြို့ဝန် ဘိုင်ဆပ်ကို ကိုယ်တိုင်သတ်ချင်တယ်ဆိုမှတော့ တော်တော်လေး ခံစားရလို့ နေမှာပေါ့။

ဒီလိုနဲ့ သူသတ်ကုန်းကို ရောက်လာခဲ့တယ်။ သူတို့ကို ကားစင် တင်၊ လက်ခြေ ကြိုးတုပ်ကြတယ်။

အာဏာသားတွေကလည်း ဘိုင်ဆပ်နဲ့ ငပိန်ကို တံတွေးနဲ့ထွေး ကြ၊ ဆဲကြရဲ့။

"မင်းလားကွ ... မြို့ဝန်ဘိုင်ဆပ် ... ကဲဟာ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဖြန်း ..."

"မြို့စာရေးဦးပိန်က မင်းလား"

"ဟုတ် ... ဟုတ် ..."

"မကြောက်ပါနဲ့ ... မြို့စာရေးမင်းရယ် ... ဟီး ဟီး ဟီး ... ကျုပ်တို့က မြို့စာရေးမင်းကြီးနဲ့ မြို့ဝန်ချုပ်ကြီး မောင်မောင်ဘိုင်ဆပ်တို့ကို ရက်ရက်စက်စက် မလုပ်ပါဘူးဗျာ။ ညင်ညင်သာသာလေး ရင်ခွဲပြီး အူအသည်းတွေ ထုတ်၊ နေလှမ်းမှာပါခင်ဗျာ။ အေ့ ... ဂေ့ ... ဟား ... ဟား ... ဟား"

"ဟီး ... ဟီး ... အမလေး ... အမေ ... အမေရေ"

"မအေရိုးကောင် ... ဘုရားတော့ ... မတဘဲ ... အမေတဲ့ ... သေဟ ... သေဟ"

"ဖုန်း ... ဖောင်း ... ခွပ်"

"အား ..."

မြို့ဝန်အရာကျ ဘိုင်ဆပ်ဆိုတဲ့ မျိုးမစစ်ကောင်က ကျုပ်လက်ထဲက အသွားမြနေတဲ့ ဓားမကြီးကိုကြည့်ပြီး ခေါင်းကိုယမ်းလို့ အော်ပါရော။

"ကိုင်း ... လူကြီးမင်းတို့၊ လိုရာ ဆုတောင်းကြ"

ပါးကွက်သားကြီးတွေက ခါးတောင်းကျိုက်ကိုပြင်ပြီး ဓားတွေနဲ့ ဟန်ရေးပြလို့ ...

(ဒီမှာ သံတော်ဆင့်မင်းက ဦးသူတော်ပါသတ်တာပေါ့ .. ဟုတ်လား လို့ အံ့ဩဟန်နဲ့ မေးရော။ ကျုပ်က မသတ်ပါဘူးဗျာ။ ဒီလိုပါလို့ ပြောပြရတယ်။)

သူတို့ ကျုပ်ဓားမကြီးကို ကြည့်ပြီး သွေးလန့်နေပြီ။

ကျုပ်ကလည်း ဦးစွာ ဘိုင်ဆပ်ရဲ့ ကားစင်နံဘေးမှာရပ်ပြီး သူ့မျက်နှာကို စိုက်ကြည့်လိုက်ယ်။

"ဘိုင်ဆပ် ..."

"အင်း ... အင်း ..."



www.burmeseclassic.com

www.burmeseclassic.com



"မင်းသေရမှာ ကြောက်နေလား"

"အင်း . . . အင်း . . . အင်း . . ."

ပါးစပ်က အမြုပ်တွေစီးကျရင်း အင်းနေတာ။

"လူမှန်ရင် သေမျိုးချည်းပဲ ဘိုင်ဆပ်နဲ့ ငပိန်။ သေမျိုးမှန်သော်လည်း အသေမြတ်ဖို့ လိုတယ်ကွာ။ အသေမမြတ်ရင် လူဟာ ဘဝကူးမကောင်းဘူးကွ။ လူ့ဘဝဆိုတာ ရခဲတယ်။ လူ့ဘဝ မင်းတို့ငါတို့ ပြန်ရတာ ဟိုဘဝတုန်းက လူပြန်ဖြစ်နိုင်တဲ့ ကုသိုလ်ကံကောင်းမှုတွေ လုပ်ခဲ့ကြလို့ကွ။ နားလည်လား"

" . . . . . . . . . . . . . . . . . . . . "

"ကုသိုလ်ကံကောင်းအောင် ရတနာသုံးပါးကို ယုံကြည်ကိုးကွယ်ရတယ်။ ဘုရားရှင် ဟောကြားတဲ့ ဒါန၊ သီလ၊ ဘာဝနာတွေ လုပ်ရတယ်။ သတ္တဝါတွေအပေါ်မှာ မေတ္တာထားရတယ်။ သနားကြင်နာတတ်ရတယ်။ ကိုယ်ချင်းစာနာတတ်ရတယ်။ အဲဒါကို တို့ဘုရားရှင်က ဗြဟ္မစိုရ်တရားလို့ဆိုတယ် . . . ဟုတ်ရဲ့လားဟေ့"

" . . . . . . . . . . . . . . "

ကျုပ်က သူတို့ ဘဝကူးကောင်းအောင် တရားပြနေတာပါဗျာ။

ကျုပ် သူတို့ကို သတ်ဖို့ပြင်နေတာ မဟုတ်ဘူး။

ကျုပ်ဟောနေတဲ့ ဓမ္မတရားတွေကို သူ့ သတ်အာဏာပါးကွက်သားတွေက စားတွေပိုက်ပြီး နားထောင်နေကြပေမယ့် . . .

ဘိုင်ဆပ်နဲ့ ငပိန်က အင်းမလုပ်၊ အဲမလုပ်ဘဲ . . .

"ဘုရားတရားသံဃာ ရတနာသုံးပါးကို ယုံကြည်သူ၊ သူ့အသက်မတရားမသတ်သူ၊ သူ့ပစ္စည်း အလိုမတူ မခိုးယူသူ၊ မုသားစကား မပြောသူ၊ သေရည်သေရက် မသောက်မစား၊ မရိုင်းပြသူကို ပဉ္စသီလလုံသူလို့ခေါ်တယ်။ ကာယကံ ကိုယ်တိုင်လည်းမလုပ်ဘူး၊ ဝစီကံ ပါးစပ်ကလည်း မဟုတ်မတရား မပြောဘူး။ မနောကံ စိတ်နဲ့ သူတစ်ပါးကို မုန်းတီးရန်လို မပြစ်မှား



www.burmeseclassic.com

www.burmeseclassic.com



တဲ့သူကို ကံသုံးပါးစောင့်ထိန်းသူလို့ ခေါ်တယ်။ ဒါန၊ သီလ၊ ဘာဝနာလည်း လုပ်တဲ့သူကို ဘုရားလူ၊ နတ်လူ၊ ကံကောင်းအောင် နေသူလို့ခေါ်တယ်။ အဲဒီလို ကံကောင်းအောင် ပြုကျင့်နေထိုင်သူတွေဟာ ဒုစရိုက်မှုကို လုံးဝစက်ဆုပ်တယ်။ မိဘ၊ သားသမီး၊ သားမယားကို ကောင်းမွန်စွာ လုပ်ကျွေးသူ၊ သူတို့ ကွယ်လွန်ခါနီးကျရင် အဲဒီ ကုသိုလ်ကံစိတ်ကို နှလုံးသွင်းပြီး သေဆုံးကြတော့ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ကံ အကျိုးပေးပြီး သေပြီးနောက်မှာလည်း လူ၊ နတ်၊ ပြဟ္မာဘဝကို ရောက်ရှိခံစားရသတဲ့ကွ ... ဟုတ်ရဲ့လား''

''အင်း ... ဟင်း ... ဟင်း ... ဟင်း ...''

''အူး ... အူး ... ဝူး ... ဝူး ...''

ဟုတ်ကဲ့လို့ မပြောဘူး။

ပါးစပ်က ဝူးဝူးအားအား အော်နေကြတယ်။

''ကိုင်း ... မင်းတို့မှာ အပြစ်တွေများတယ် ... ဘိုင်ဆပ်နဲ့ ငပိန်။ မင်းတို့ကို ငါ ဗုဒ္ဓဘာသာဝင် ဖိုးသူတော်တစ်ဦးက ဘဝကူးကောင်းစေချင်တယ်။ သရဏဂုံတည်ရုံနဲ့ မင်းတို့ ဘဝကူးကောင်းသွားမယ်။ လိုက်ဆိုကြ''

''ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ''

''အူး ... အူး ... အီး''

''ဓမ္မံ သရဏံ ဂစ္ဆာမိ''

''အား ... အား ... အူး ... အူး ... ဖူး''

''သံဃံ သရဏံ ဂစ္ဆာမိ''

''အေး ... အေး ... အူး ... အူး ... ဖူး ...''

''ဟင်း ... ငမိုက်သားတွေ တရားမရကြတဲ့ လူမိုက်တွေပါကလား။ သရဏဂုံသုံးပါး နားဝင်ရှုတ်ဆိုရင် ဘဝကူးကောင်းမှာတောင် အာရုံမရှိတဲ့ လူမိုက်တွေ။ မင်းတို့ထိုက်နဲ့ မင်းတို့ကံပဲလေ''



www.burmeseclassic.com

www.burmeseclassic.com



ကျုပ် သူတို့ကို ဥပေက္ခာပြုလိုက်တယ်။

အထူးသဖြင့် ဘုရင့်သစ္စာတော်ကို ဖောက်ဖျက်ကျူးလွန်ခဲ့တဲ့ လူယုတ်မာ ဘိုင်ဆပ်နဲ့ မြို့စာရေးငပိန်တို့ကို ကျုပ် လက်ညှိုးနဲ့တောင် မတို့မထိခဲ့ပါဘူးဗျာ။

ကျုပ်လို ရှစ်ပါးသီလ စောင့်ထိန်းတဲ့ ဖိုးသူတော်ဆိုတာ အပြစ်သားတွေကို ဓမ္မတရားအသိလေး ရရှိနားဝင်ပြီး ဘဝကူးကောင်းစေချင်လို့ လူရှင်းတဲ့ လူသတ်ကုန်းကို လိုက်လာပြီး တရားပြကူညီတာပါ။

အတ္တသမား။

လောဘသား၊ လူယုတ်၊ လူသွမ်း၊ လူမိုက်တွေဟာ သေငယ်ဇော ပြန်နေကြပြီ။

ကျုပ်ဟောတဲ့တရားကို ဟုတ်ကဲ့လို့ တစ်ခွန်းမပြောခဲ့ကြဘူး။

ကျုပ် စိတ်မကောင်းစွာနဲ့ ဓားမကြီးကို လူသတ်ကုန်းမှာ ပစ်ချခဲ့ပြီး လူသတ်ကုန်းကို ကျောခိုင်းလိုက်ချိန် . . .

"အား . . . အား . . . မလေးဗျ . . ."

"အား . . . သေပါပြီဗျ . . . အား . . ."

"အား . . ."

"အီး . . . အီး . . . အမလေး . . . အမလေး"

ကျုပ်နောက်ကျောဘက်က ဘိုင်ဆပ်တို့၊ ငပိန်တို့ နောက်လိုက်ရာဇဝတ်သားတွေရဲ့ အသံဆိုးကြီးနဲ့ စူးဝါးနာကျင်သံတွေကို အသည်းတုန်ကျောချမ်း ကြားနေရတယ်။

ညောင်ပင်ပေါ်က ကျီးအုပ်ကြီးရဲ့ ဝေါဝေါဝုန်းဝုန်း ပျံသန်းသံတွေ ကြားမြင်နေရတယ်။

ဒါနဲ့အတူ လူသတ်ကုန်းကောင်းကင်မှာ လင်းတကြီးတွေ ပျံဝဲ အော်ဟစ်နေတာ မြင်ရကြားရတယ်။

သတ္တဝါတွေ ကျန်းမာချမ်းသာကြပါစေ။

---

**စိတ်ကူးသစ်စာပေ**

www.burmeseclassic.com

www.burmeseclassic.com



အခုပြောပြတာတွေဟာ သံတော်ဆင့်မင်း သိချင်တဲ့ ဖိုးသူတော် ရန်အောင်ဖွေ ဘိုင်ဆပ်နဲ့ ငပိန်တို့ကို ကိုယ်တိုင် သတ်ခဲ့သလားဆိုတဲ့ မေးခွန်းရဲ့ အဖြေမှန်ပါပဲ . . . သံတော်ဆင့်မင်း။

ဖိုးသူတော် ရန်အောင်ဖွေ လူသတ်တယ်ဆိုတဲ့ အမရပူရသား များ အပါအဝင် အခြားသူတွေရဲ့ အထင်မှားအစွဲကို အမှန်ဖြစ်အောင် သံတော်ဆင့်မင်းက ပြန်လည်ပြောပြ ရေးသားမှတ်တမ်းတင်ခဲ့ရင်တော့ ဖိုးသူတော် ရန်အောင်ဖွေ သေပျော်ပါပြီ . . . သံတော်ဆင့်မင်း။

မောင်ညိုမှိုင်း(သန်လျင်)

ကျမ်းကိုး ။ ။ (၁) ရတနာပုံ၏နိဒါန်းနှင့် နိဂုံး
စာရေးဆရာမကြီး (ဒေါ်) ဒဂုန်ခင်ခင်လေး
၂။ မြန်မာရာဇဝင်
ဦးဘသန်း–ဘီအေ
၃။ စကားမိဖုရားနှင့်ဘိုင်ဆပ်
မောင်သန်းဆွေ(ထားဝယ်)
ကလျာမဂ္ဂဇင်း–ဒီဇင်ဘာ (၂၀၁၁)

www.burmeseclassic.com